ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ (11-5-2014) (၇၈၃၇)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

မှတ်သားဖွယ်ရာမိုးရေချိန်များ

ကျောက်ဖြူ	၆ ဒသမ	၆၁ လက်မ
ဖျာပုံ	၃ ဒသမ	၂၆ လက်မ
ပလက်ဝ	၂ ဒသမ	၆၀ လက်မ
မြောက်ဦး	၂ ဒသမ	၃၆ လက်မ
ကျောက်တော်	၂ ဒသမ	၀၁ လက်မ
ရန်ကုန်(မြို့လယ်)	၁ ဒသမ	၆၁ လက်မ
မှော်ဘီ(စိုက်ပျိုးရေး)	၁ ဒသမ	၄၆ လက်မ

ပြည်သူများ၏ဘဝနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး အာရုံစိုက်ဆောင်ရွက်သွားမည်

နေပြည်တော် မေ ၁၀

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ရှိ ကျောက်စိမ်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆန်နယ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒေါင်လာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ခ်ျဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘမ်း ယူဒိုရိုနိုနှင့်ဇနီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သောင်ဆင်းသမ်မာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီမိုဟာမက် နာဂျစ်နှင့်ဇနီး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဘီနစ်ဂ်နို အာကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့်ဇနီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ထိုင်းနိုင်ငံမှ အထူးကိုယ်စားလှယ် ဒုတိယဝန်ကြီးချုပ် မစ္စတာဖောင်တက်ဖ် သပ်ခန် ဂျာန၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တောင်တရုတ်ပင်လယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက် အလွတ်သဘော ဘာသာပြန်ဆိုချက်

နေပြည်တော် မေ ၁၀

ဒေသတွင်း တင်းမာမှုကို ဖြစ်ပေါ်စေသည့် တောင်တရုတ်ပင်လယ်ပြင်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အထူးစိုးရိမ်ပူပန်လျက်ရှိကြောင်းကို ဖွင့်ဟပြောကြားအပ်ပါသည်။

သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ၁၉၈၂ ခုနှစ် ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နိုင်ငံတကာဥပဒေ၏ အသိအမှတ်ပြုစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန်၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေနိုင်သောလုပ်ရပ်များကို ရှောင်ရှားကြရန်နှင့် ခြိမ်းခြောက်မှုနှင့် အင်အားသုံးမှုများကိုရှောင်ရှားပြီး အငြင်းပွားမှုကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းကြရန် တိုက်တွန်းအပ်ပါသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ တောင်တရုတ်ပင်လယ်အတွင်းနှင့် တောင်တရုတ်ပင်လယ်ပေါ်တွင် လေကြောင်း၊ ရေကြောင်းလွတ်လပ်စွာ သွားလာနိုင်ရေးမှာ အရေးကြီးကြောင်းကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ထို့အပြင် တောင်တရုတ်ပင်လယ်ဆိုင်ရာ အာဆီယံအခြေခံမူ(၆)ချက်နှင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ (၁၀)နှစ်ပြည့် ထုတ်ပြန်ချက် (DOC) နှင့် စပ်လျဉ်းသည့် (၁၅)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၏ ပူးတွဲကြေညာချက်တို့မှာလည်း အရေးကြီးကြောင်း ဖော်ပြခဲ့ပါသည်။

DOC တွင် ပါဝင်သော နိုင်ငံများအနေဖြင့် အပြန်အလှန် ယုံကြည်စိတ်ချရသော အခြေအနေတစ်ရပ်ပေါ် ထွန်းရန် DOC ကို ထိရောက်စွာ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ဆိုင်ရာနိုင်ငံများ လိုက်နာရမည့် ကျင့်ဝတ်များ (COC) အမြန်ဆုံးပေါ်ပေါက်ရေးကို တွန်းအားပေးလုပ်ဆောင်ကြရာတွင်လည်းကောင်း အာဆီယံနိုင်ငံများအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက တိုက်တွန်းအပ်ပါသည်။ **(သတင်းစဉ်)**

ကြေးမုံ စာတည်းရှုထောင့် **၁၁-၅-၂၀၁၄၊ တနင်္ဂနွေနေ့**

ငြိမ်းချမ်းဝေစည်အသိုက်အဝန်းဆီ

အာဆီယံဟူသော အဖွဲ့အစည်းကြီးသည် ဒေသတွင်းအကျိုးစီးပွားနှင့် အဖွဲ့ဝင်နိုင်ငံများအလိုက် အကျိုးစီးပွားဖြစ်ထွန်းရေးကို ဝိုင်းဝန်းအဖြေရှာကာ မျှဝေခံစားနိုင်ရေးဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီးတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ဆောင်ရွက်လာသည်မှာ ၁၇ နှစ်တာမျှရှိခဲ့ပြီဖြစ်သည်။ ထိုကာလတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆိုင်ရာအဖွဲ့အစည်းများနှင့် နယ်ပယ်အလိုက်တို့တွင်သာ အာဆီယံအကြောင်းနှင့် ဆောင်ရွက်ချက်များကို ပိုမိုသိရှိနားလည်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအများစုအနေဖြင့် အာဆီယံနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် မသိရှိသေးဟုယူဆပါသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနေသော သုံးနှစ်တာကာလတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုပီပြင်လာသည်ကို မြင်တွေ့နေရပြီး ပြည်တွင်း၌သာမက နိုင်ငံတကာနယ်ပယ်များတွင်ပါ အသိအမှတ်ပြု လက်ခံလာကြပါသည်။ ထိုကာလအတွင်း မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ရယူနိုင်ခဲ့ပြီး အာဆီယံအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပပေးနိုင်မှုကိုလည်း နိုင်ငံတကာက အသိအမှတ်ပြုထားကြပြီးဖြစ်သည်။

အာဆီယံအစည်းအဝေးများကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပပေးနိုင်ခြင်းသည် အာဆီယံအတွက်သာမက မြန်မာနိုင်ငံအတွက်လည်း အကျိုးများလှပေသည်။အာဆီယံကို မြန်မာတို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာနိုင်သလို မြန်မာကိုလည်း အာဆီယံကသာမက နိုင်ငံတကာကပါ ပိုမိုထဲထဲဝင်ဝင် သိရှိလာနိုင်မည်ဖြစ်သည်။ ယနေ့မြန်မာကို ခေတ်သစ်မြန်မာအဖြစ်သိရှိနေကြပြီ၊ ယနေ့ မြန်မာပြည်သူများ၏ဘဝကို နိုင်ငံတကာက နားလည်လက်ခံလာကြသလို မြန်မာပြည်သူများကလည်း အာဆီယံကိုသာမက နိုင်ငံတကာကိစ္စရပ်များကို သိရှိလာနိုင်ကြပြီဖြစ်သည်။

ထိုသို့သိရှိလာနိုင်ရန် အာဆီယံအစည်းဝေးကြီးများကို အကြောင်းပြု၍ အာဆီယံနိုင်ငံများနှင့် ကမ္ဘာပေါ်ရှိ နိုင်ငံများမှ သတင်းထောက်များ ရာနှင့်ချီ၍ ရောက်ရှိလာကြပြီး အာဆီယံအစည်းအဝေးအကြောင်းသာမက မြန်မာနိုင်ငံနှင့်မြန်မာနိုင်ငံသားများအကြောင်းတို့ကိုပါ ကမ္ဘာသို့ မီဒီယာများမှတစ်ဆင့် အသိပေးနေပြီဖြစ်သည်။ မြန်မာနိုင်ငံမှ မီဒီယာများကလည်း အာဆီယံကို မြန်မာကသိအောင်၊ ကမ္ဘာကိုမြန်မာသိအောင်၊ မြန်မာကို မြန်မာသိအောင် အသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးကြရပေလိမ့်မည်။ သို့မှသာ မီဒီယာတာဝန် ကျေပွန်ပေလိမ့်မည်။

အထူးသဖြင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်၍ ဖွံ့ဖြိုးသော နိုင်ငံဖြစ်အောင် လုပ်ဆောင်ကြရမည်။ လုပ်ဆောင်နိုင်သည်များကို မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ ကဏ္ဍအလိုက် မျှဝေအသိပေးကြရပေလိမ့်မည်။ ယခုလိုအချိန်ကာလကဲ့သို့ အာဆီယံဥက္ကဋ္ဌတာဝန်ယူနေသောအချိန်တွင် မြန်မာနိုင်ငံအတွက် ကောင်းကျိုးဝေဖြာအောင် တိုးတက်ဖော်ဆောင်ပေးရပေလိမ့်မည်။ မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားစေနိုင်သော၊ အကျိုးလျော့စေနိုင်သော အမှုကိစ္စများကို ရှောင်ရှားဆင်ခြင်ကြရမည်မှာ မြန်မာနိုင်ငံကို ကောင်းစားစေလိုသော နိုင်ငံသားတိုင်း၏ တာဝန်ပင် ဖြစ်သည်။

အာဆီယံအဖွဲ့ကြီးအနေဖြင့် နိုင်ငံရေးအရ စည်းလုံးခြင်း၊ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူမှုရေးအရ တာဝန်ယူတတ်ခြင်းတို့ပါဝင်သော အသိုက်အမြုံတစ်ခု ထူထောင်ရန်သာမက လူထုကိုအခြေပြု၍ စည်းကမ်းလိုက်နာသောအဖွဲ့အစည်းတစ်ရပ် ထူထောင်သွားရန် မျှော်မှန်းချက်ထားရှိသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း အာဆီယံဥက္ကဋ္ဌတာဝန်လွှဲပြောင်းယူခဲ့သည့်ဘရူနိုင်းနိုင်ငံတွင်ကျင်းပခဲ့သော (၂၃)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ်တာဝန်ယူစဉ်ကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရန်၊ ရာသီဥတုပြောင်းလဲလာမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးများအပြင် လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို လုပ်ဆောင်မည်ဟု ကတိပြုပြောကြားထားပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပနေခြင်းသည် ဒေသတွင်းနှင့်မြန်မာနိုင်ငံ၏အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုဆောင်ရွက်နေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် ငြိမ်းချမ်းဝေစည်သော အသိုက်အဝန်းကြီးတစ်ခုဖြစ်လာအောင် အာဆီယံအဖွဲ့ကြီးက ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မြန်မာများသာမက တစ်ကမ္ဘာလုံးကပါ သိရှိနားလည်ပါဝင်လာအောင် ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ။

ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိ

နေပြည်တော် မေ ၁၀

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်ပြည့်မီရုံအတွက်သာ ကြိုးပမ်းနေခြင်း မဟုတ်ဘဲ Universal Health Coverage (UHC) ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မေ ၈ ရက်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်နယ်အဆင့်အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (ECC) ဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးတို့သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နှီးနွှယ်ဝန်ကြီးဌာနများ၏ မူဝါဒနှင့် စီမံကိန်းများနှင့်လည်း ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဓိက ကဏ္ဍကြီး(၃)ရပ်နှင့် ရင်ဆိုင်လျက်ရှိကြောင်း၊ ပထမအချက်အနေဖြင့် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကုလသမဂ္ဂ၏ထောင်စုနှစ် ရည်မှန်းချက် အမှတ်စဉ်(၄)နှင့် အမှတ်စဉ်(၅) ပြည့်မီရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအနေဖြင့် ကူးစက်ရောဂါများဖြစ်သည့် ခုခံအားကျဆင်းမှုရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရေး၊ အသည်းရောင် အသားဝါရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါစသည့် ကူးစက်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေကောင်းရေသန့် ရရှိရေးစသည့် လုပ်ငန်းများကို ပေါင်းစည်းဆောင်ရွက်နိုင်ရေး၊ တတိယအချက်အနေဖြင့် မကူးစက်တတ်သော ရောဂါများဖြစ်သည့် ဆီးချို၊ သွေးတိုးနှင့် နှလုံးရောဂါဖြစ်ပွားမှုများ ကာကွယ်လျှော့ချရေးတို့ ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နှီးနွှယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပလူမှုရေး အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူတစ်ရပ်လုံး အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ရခိုင်ပြည်နယ်အတွင်းဖြစ်စဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သက္ကေပြင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဒါးပိုင်ကျန်းမာရေးဌာနနှင့် ဆတ်ရိုးကျ ကျန်းမာရေးဆေးပေးခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥပဒေနှင့်အညီ လွတ်လပ်စွာတက္ကသိုလ်များ ရပ်တည်နိုင်ရေး ကြိုတင်ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၀

ဥပဒေနှင့်အညီ လွတ်လပ်စွာရပ်တည်မည့် တက္ကသိုလ်များ၏အနာဂတ် အခန်းကဏ္ဍနှင့်ပတ်သက်၍ ဇွန်လအတွင်းကျင်းပမည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ ဆွေးနွေးပွဲ အကြိုညှိနှိုင်းအစည်းအဝေးကို မေ ၉ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အမျိုးသားပညာရည်မြင့်မားရေးအတွက် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများအကောင်အထည်ဖော်ရေး ဆွေးနွေးပြီး တာဝန်ရှိသူများက တက္ကသိုလ်များပညာရည်အဆင့်မြင့်မားရေးနှင့် တက္ကသိုလ်များ၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ သင်ကြားရေး၊ သုတေသနပြုစုရေး၊ နိုင်ငံတကာဆက်သွယ်ရေး စသည့် ကိစ္စရပ်များကိုညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းရရှိချက်များအပေါ် အခြေခံ၍ တက္ကသိုလ်အားလုံးမှ ပညာရှင်များပါဝင်သည့်အဖွဲ့များက လက်တွေ့ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များပါဝင်သော စာတမ်းများကိုပြုစု၍ ဆွေးနွေးပွဲတွင် တင်သွင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၅-၂၀၁၄ (တနင်္ဂနွေနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၂၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၂၅ "ထူးမြတ်ပါသည် ကမ္ဘာ့ဝိပဿနာစေတီ"
၈း၄၅ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၄၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ -ရင်ခုန်လက်ကမ်းတေးသစ်လမ်း

ပြည်တွင်းရေးရာ

☆ ရွှေဖုံးမှ

ဂုဏ်ပြုညစာစားပွဲတွင် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ မိမိတို့ဒေသ၏ ဖြစ်ပေါ်တိုးတက်မှုများကို ကမ္ဘာတစ်ဝန်းက စောင့်ကြည့်နေသည့် ကာလတွင် မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်၌ အာဆီယံထိပ်သီးအစည်းအဝေးကို လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့်အချိန်တွင် ပြည်သူများ၏ ဘဝနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကိုဖြစ်စေမည့် ကိစ္စရပ်များကို အာရုံစိုက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေး၊ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်၊ သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိမှုနှင့် လူသားချင်း စာနာမှုအကူအညီပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းရေး စသည့်ကိစ္စများကို အရေးကြီးကိစ္စများအဖြစ် သတ်မှတ်ထားပါကြောင်း၊ ယခုအချိန်သည် အာဆီယံ၏စာနာမှုနှင့် မျှဝေခံစားမှုကို အခြေခံကာ တစ်ခုတည်းသော ရည်မှန်းချက်နှင့် ရုပ်အသွင်ရှိသည့် အသိုက်အဝန်းဖြစ်လာရေးကို ရည်မှန်းကြိုးပမ်းနေသည့် ဒေသအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း။

အမျိုးသမီးများသည် အာဆီယံ၏ မဏ္ဍိုင်သုံးရပ်လုံးတွင် ယခုထက်ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာစေရေး၊ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားသင့်ပါကြောင်း၊ အာဆီယံအသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းမှုများကို ဒေသတွင်းရှိမိမိတို့၏ အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ ထောက်ခံမှုများရရှိနေပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် စိန်ခေါ်မှုများနှင့်မရေရာမှုများကြုံတွေ့နေရချိန်တွင် အာဆီယံဒေသသည် ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပါကြောင်း။

ဒေသအတွင်း ငြိမ်းချမ်းတည်ငြိမ်မှုများ ရှိနေခြင်းသည် အာဆီယံစတင်ထူထောင်ခဲ့သည့် ခေါင်းဆောင်ကြီးများ စိုက်ပျိုးခဲ့သည့် အပင်၏ အသီးအပွင့်များကို ခံစားရခြင်းဖြစ်သကဲ့သို့ ခေတ်အဆက်ဆက် အာဆီယံ ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုရလဒ်များလည်း ဖြစ်ပါကြောင်း၊ အာဆီယံအသင်းကြီးကို ထူထောင်ခဲ့သည့် ရှေ့ကခေါင်းဆောင်ကြီးများကို အထူးကျေးဇူးတင်ရှိပါကြောင်း။

လွန်ခဲ့သည့်လက နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကျင်းပခဲ့ကြပါကြောင်း၊ မင်္ဂလာရှိသည့် နှစ်သစ်နှင့်အတူ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်အသစ်များဖြင့် လက်ခံကျင်းပခြင်း ဖြစ်ပါကြောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကို မိမိတို့ မြန်မာနိုင်ငံက ဦးဆောင်တာဝန်ယူနိုင်ရေးအတွက် ယုံကြည်စွာ ထောက်ခံအားပေးခဲ့သည့် အာဆီယံအဖွဲ့ဝင် မိသားစုအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း။

ကြွရောက်လာကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အကြီးအကဲများ၏ ထက်မြက်သော ခေါင်းဆောင်မှုဖြင့် နိုင်ငံအားလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးသော အာဆီယံဆီသို့ ညီညွတ်စွာဖြင့် အတူလျှောက်လှမ်းနိုင်ပါစေဟု ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အာဆီယံနိုင်ငံများမှနိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဥ်အတွင်း ယဥ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ရိုးရာအဆိုအကများ၊ အာဆီယံနိုင်ငံများ၏ ယဥ်ကျေးမှုသရုပ်ဖော်အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကိုကိုးကျွန်းမြို့နယ် ဒေသခံပြည်သူများအား ဆေးကုသမှုအပေါ် ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ကိုကိုးကျွန်းမြို့နယ် မြို့နယ်ဆေးရုံ၌ ရောက်ရှိနေသည့် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့၏ ဒေသခံပြည်သူများအား ဆေးကုသမှုအပေါ် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး **(အောက်ပုံ)**နှင့် အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်ကုသမှုခံယူသူများ၊ မျက်စိအားနည်းသူများကို အားပေးစကားပြောကြား၍ နေကာမျက်မှန်၊ စာကြည့်မျက်မှန်နှင့် အဝေးကြည့်မျက်မှန်များအား ကိုယ်တိုင်ကိုယ်ကျ တပ်ဆင်ပေးကြသည်။

ဆက်လက်၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့သည် ကလေးအထူးကုအဖွဲ့၊ ခွဲစိတ်အထူးကုအဖွဲ့၊ အရိုး၊ အကြောအထူးကုအဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုအဖွဲ့၊ ရောဂါရှာဖွေရေး ပါရဂူအဖွဲ့၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ပါရဂူအဖွဲ့၊ အထွေထွေရောဂါ အထူးကုအဖွဲ့၊ နှလုံးဓာတ်မှန် (Echocardiogran)၊ သွားနှင့်ခံတွင်း အထူးကုအဖွဲ့၊ သားဖွားမီးယပ်အထူးကုအဖွဲ့တို့၏ ဒေသခံပြည်သူများအပေါ် ဆေးကုသမှု ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှု၍ လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က စားသောက်ဖွယ်ရာများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ကျောင်းသုံးဗလာစာအုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်းက အားကစားပစ္စည်းများနှင့် စစ်ရေးချုပ်က စာအုပ်စာစောင်များကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းသည် ရန်ကုန်မှ ၂၄၂ မိုင်၊ ဟိုင်းကြီးကျွန်းမှ ၁၂၈ မိုင် ကျော်ဝေးကွာပြီး ပင်လယ်ပြင်အတွင်း တည်ရှိသည့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် မြို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်မတော်အနေဖြင့် လေကြောင်း၊ ရေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်ပေးနေကြောင်း၊ စုစုပေါင်း လေယာဉ် ၁၇ ခေါက်၊ ရေယာဉ် ၃၄ ခေါက်ဖြင့် ပစ္စည်းများ ပို့ဆောင်ရေး သာမက လူပုဂ္ဂိုလ်များ သွားလာရေးကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အဆင်ပြေစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလည်း အထူးကုဆရာဝန်များစွာ ပါဝင်သည့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ခဲ့ရာ လူနာ ၃၆၀ ကျော်တို့၏ ရောဂါဝေဒနာမျိုးစုံအား ဆေးကုသပေးနိုင်ခဲ့ကြောင်း၊ အဓိကအားဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေခံလူထု၊ ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများနှင့် နယ်မြေခံတပ်တို့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံ၍ စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ယင်းသို့ပြုမူနေထိုင်ခြင်းဖြင့် မိမိအတွက်နှင့် ဒေသအတွက်ပါ အကျိုးပြုစေမည့် ခွန်အားတစ်ရပ် ရရှိစေမှာဖြစ်ကြောင်း၊ လက်ရှိဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် မြို့နေလူထု၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် တပ်မတော် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်စေရန် အကြံပြုလိုကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။ အမှာစကားပြောကြားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း AIPA ဥက္ကဋ္ဌ လာအိုနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ ဧည့်သည်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် AIPA ဥက္ကဋ္ဌ လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Hon.Pany Yathotou ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဧည့်ဂေဟာ Royal AEC Hotel ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အလားတူ ပြည်ထောင်စုလွှတ်တော်နာယကသည် ကမ္ဘောဒီးယားနိုင်ငံ First Vice-President of the National Assembly H.E.Dr. Nguon Nhel ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံများသည် အာဆီယံအသိုက်အဝန်းပေါ်ပေါက်ရေး အလေးထားဆောင်ရွက်နေ

နေပြည်တော် မေ ၁၀

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၃ နာရီခွဲက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနရှိ သန္တာခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်တို့က ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ပြည်တွင်းပြည်ပ သတင်းဌာနမှ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်က တောင်တရုတ်ပင်လယ်အရေးကိစ္စအပေါ် အာဆီယံ၏သဘောထားနှင့်စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားရာ၌ အစည်းအဝေးတွင် လက်ရှိဒေသတွင်း တင်းမာမှုကိုဖြစ်ပေါ်နေသည့် တောင်တရုတ်ပင်လယ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက စိုးရိမ်မကင်း ဖြစ်ခဲ့ကြကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် နှစ်ဦးနှစ်ဖက်ယုံကြည်မှုရရန် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်ပြီး Declaration on the Conduct of Parties in the South China Sea (DOC) ကို ထိရောက်စွာ အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း။

ထို့အပြင် Code of Conduct in the South China Sea (COC) အဆုံးသတ်ရေးကိုလည်း အရှိန်မြှင့်လုပ်ဆောင်နေပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ အာဆီယံနိုင်ငံအတွင်း Smart Visa Schemes အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် အာဆီယံနိုင်ငံများသည် အာဆီယံအသိုက်အဝန်းပေါ်ပေါက်ရေးကို အလေးထားဆောင်ရွက်နေချိန်တွင် ဗီဇာနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်နေသော်လည်း Smart Visa Schemes ကိုမူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ၎င်းကပြန်လည်ဖြေကြားသည်။

ထို့နောက် Asia Development Bank မှ ပညာရှင်တစ်ဦးက ၂၀၁၅ ခုနှစ်တွင် AEC ဖြစ်ပေါ်နိုင်သည့်အခြေအနေမရှိကြောင်းဖြင့် သုံးသပ်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး အာဆီယံ အတွင်းရေးမှူးချုပ်၏ အမြင်ကိုသိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားရာတွင် ၂၀၀၉ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့သော ယင်းစီမံကိန်းမှာ ၂၀၁၄ ခုနှစ်ဆိုလျှင် ခြောက်နှစ်နီးပါးရှိနေပြီဖြစ်ပါကြောင်း၊ Blueprint သုံးခုအပေါ် အခြေခံခဲ့ပြီး အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်၍ တစ်နှစ်လျှင် ပျမ်းမျှ ၁၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ Overall အနေဖြင့် ၈၀ ရာခိုင်နှုန်း ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ နောင်လာမည့် တစ်နှစ်ခွဲအတွင်း ပို၍ထိရောက်စွာအကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအခါ မိမိတို့သည် Overall လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်-နိုင်ငံခြား)

(၁၁)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၀

(၁၁)ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဗိုလ်မှူးချုပ်အောင်သော်၊ ဦးကျော်ကျော်ဝင်း၊ ဒေါ်ဝင်းမော်ထွန်း၊ ဒေါ်စုစုလှိုင်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် ဒုတိယအတွင်းရေးမှူးချုပ် ဦးညာဏ်လင်းတို့တက်ရောက်ကြပြီး အစည်းအဝေးမစတင်မီ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီအောက်ရှိ ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ လမ်းပြမြေပုံ အကောင်အထည်ဖော်မှုများနှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ (၇)ကြိမ်မြောက် ညှိနှိုင်းမှုညီလာခံ၏ အကြံပြုချက်များကို အကောင်အထည်ဖော်မှုနှင့် အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၀

(၁၄)ကြိမ်မြောက် အာဆီယံညှိနှိုင်းမှုကောင်စီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် မကြာမီကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ၊ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်သွင်းမည့် အစီရင်ခံစာများဖြစ်သည့် အာဆီယံ၏လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အာဆီယံအတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ တာဝန်များနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အာဆီယံအတွင်းရေးမှူးချုပ်၏အစီရင်ခံစာ၊ အာဆီယံဖောင်ဒေးရှင်းဆိုင်ရာ အမှုဆောင်ညွှန်ကြားရေးမှူး၏အစီရင်ခံစာ၊ အာဆီယံအမြဲတမ်းကော်မတီ၏ အစီရင်ခံစာ၊ အာဆီယံပေါင်းစည်းမှုနှင့် စပ်လျဉ်းသည့် ဦးဆောင်ဦးရွက်ပြုမှုဆိုင်ရာဥက္ကဋ္ဌ၏ အစီရင်ခံစာ၊ အာဆီယံ ပေါင်းစည်းဆက်နွှယ်မှုညှိနှိုင်းရေးကော်မတီအစီရင်ခံစာ၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းဆိုင်ရာ အာဆီယံညှိနှိုင်းမှု ကောင်စီလုပ်ငန်းအဖွဲ့အစီရင်ခံစာ၊ အာဆီယံအသိုက်အဝန်းဆိုင်ရာ အာဆီယံညှိနှိုင်းမှုကောင်စီလုပ်ငန်းအဖွဲ့အစီရင်ခံစာ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ခိုင်မာစေရေးနှင့် အာဆီယံအဖွဲ့အစည်းများအား ပြန်လည်သုံးသပ်မှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ တိုးတက်မှုအစီရင်ခံစာတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် အာဆီယံ အတွင်းရေးမှူးချုပ်အား ခန့်အပ်မှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းတာဝန်သတ်မှတ်ချက်ကို အစည်းအဝေးက အတည်ပြုခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

၂၀၁၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာစာပေဆု၊ ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ တိုင်းဒေသကြီးဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ နာယကအဖွဲ့ဝင် စည်သူ ဦးတင်လှိုင်၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပခုက္ကူစာပေတစ်သက်တာ စာပေဆု၊ ပခုက္ကူစာပေဆု ရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၀

၂၀၁၃ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာစာပေဆု၊ ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို ခန်းမ(A) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပခုက္ကူစာပေတစ်သက်တာစာပေဆုရ ဦးတင်ခ (တက္ကသိုလ်တင်ခ) အား တစ်သက်တာစာပေဆု ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်က ၂၀၁၃ ခုနှစ်အတွက် ကဗျာပေါင်းချုပ် ပထမဆုရ တောဒဟတ်ပန်းကဗျာများရေးသားသူ သန်းအောင်(အညာမြေ) ကိုယ်စား ကိုယ်စားလှယ်တစ်ဦးနှင့် ဒုတိယဆုရ ပန်းလက်ဆောင်ကဗျာများ ရေးသားသူ ကျော်စိုး(မြင်းမူ)၊ တတိယဆုရ ဂန္ထဝင်လမင်း အလင်းသံစဉ်ကဗျာများ ရေးသားသူ မောင်ဟန်တင့်(ပင်လည်ဘူး)တို့အား လည်းကောင်း၊ ဝတ္ထုရှည် ပထမဆုရ ဒုတိယဘဝအစနှင့်အကြင်နာနှလုံးသားအလှများရေးသားသူ သိန်းဇော် (ရွှေလီဦး)၊ ဒုတိယဆုရ ပန်းခရေ ကြွေသော်လည်းမွှေး ရေးသားသူ သွဲ့ထားညို (သက္ကလ)၊ တတိယဆုရ တိမ်လွှာအောက်မှ စိမ်းလန်းသည့်မြေ ရေးသားသူ နန္ဒာခင်(သက္ကလမြေ)တို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီနာယက အဖွဲ့ဝင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ ဇမ္ဗူရစ်ရွှေစင်ဝတ္ထုတိုများရေးသားသူ ရဲမြတ်တင်၊ ဒုတိယဆုရ ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်နှင့် အခြားဝတ္ထုတိုများရေးသားသူ မောင်ဆန္ဒ(လယ်ဝေး)၊ တတိယဆုရညွှတ်နှင့်အခြားဝတ္ထုတိုများရေးသားသူ လွင်ဦး(ကွမ်းခြံကုန်း)၊ ကျမ်းစာပေ ဒုတိယဆုရ မပေဒါနှင့် မိတ်ဆွေများ ရေးသားသူ ဇော်လွင်ဦး (ဟင်္သာတ)၊ သုတေသနစာပေပထမဆုရ မြန်မာ့ရုပ်ပေါင်းစု အနုပညာရေးသားသူ လှိုင်ဝင်းဆွေကိုယ်စား ကိုယ်စားလှယ်တစ်ဦးနှင့် ဒုတိယဆုရ ညောင်ရမ်းခေတ် ယဉ်ကျေးမှု ရေးသားသူ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်) တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၁၃ ခုနှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုရရှိသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယနှစ်(ပန်းချီ)မှ မောင်အောင်သူဖြိုး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဒုတိယနှစ်(သဘင်)မှ မောင်မျိုးလှိုင်ဝင်း၊ ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆုရရှိသည့် မန္တလေးတက္ကသိုလ်မှ မခင်မြတ်မြတ်သွယ်၊ ရန်ကုန်တက္ကသိုလ်မှ မဆုမဒီခင်၊ မန္တလေးတက္ကသိုလ်မှ မယမင်းအိမ်နှင့် ဟင်္သာတတက္ကသိုလ်မှ မလင်းလင်းသော်၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု မြန်မာစာပထမဆုရ အထက(၁)ဟင်္သာတမှ မောင်မြတ်မင်းဟိန်း၊ ဒုတိယဆုရ အထက(၁)ဒဂုံမှ မခိုင်ဆုဇာသွင်၊ တတိယဆုရ အထက အိမ်မဲမှ မပိုးဝဿန်ဇော်၊ အင်္ဂလိပ်စာပထမဆုရ အထက(၃) ရွှေဘိုမှ မောင်ဇော်မျိုးအောင်၊ ဒုတိယဆုရ အထက(၁) မြစ်ကြီးနားမှ မမေသင်းထက်၊ တတိယဆုရ ကပက CAE မန္တလေးမြို့မှ မောင်သော်ဦးရှိန်၊ သင်္ချာပထမဆုရ ကပက CAE မန္တလေးမြို့မှ မောင်သန့်နေဆု၊ ဒုတိယဆုရ အထက(၁) ဒဂုံမှ မအေးအေးအောင်၊ တတိယဆုရ အထက(၃) ရွှေဘိုမှ မောင်ဉာဏ်လင်းထွန်း၊ ဓာတုဗေဒပထမဆုရ အထက (၁)ဒဂုံမှ မယမင်းသူ၊ ရူပဗေဒပထမဆုရ အထက (၈)မန္တလေးမှ မမေသန္တာမိုး၊ ဇီဝဗေဒပထမဆုရ အထက(၁)ဟင်္သာတမှ မောင်မြတ်မင်းဟိန်း၊ ပထဝီဝင် ပထမဆုရ အထက တောင်စွန်းမှ မတင်တင်နွယ်၊ သမိုင်းပထမဆုရ အထက(ခွဲ)အိမ်မဲကြီး အိမ်မဲမြို့မှ မောင်ဖေသက်ခိုင်၊ ဘောဂဗေဒ ပထမဆုရ အထက(၁)ကလေးမြို့မှ မောင်ဟိန်းဝင်းကျော်တို့အား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ကျေးဇူးတင်စကားပြောကြားပြီး ဆုရရှိကြသူများကိုယ်စား တစ်သက်တာစာပေဆုရ ဦးတင်ခ(တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပခုက္ကူမြို့မှ ဦးတင့်ဆွေနှင့် စာပေရောင်းရင်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ဒေါက်တာနေဇင်လတ်၊ ဦးဝင်းမော်(Forever Group Co., Ltd.)နှင့် ဦးညွှန့်လွင် (Family Entertainment) တို့က ငွေကျပ် ၁၀ သိန်းစီတို့ကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ နာယက အဖွဲ့ဝင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ရွာတွင်းကျောက်ချောလမ်းဖွင့်လှစ်

နေပြည်တော် မေ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်း ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နေပြည်တော်ကောင်စီ၏ လမ်းညွှန်ချက်ဖြင့် ဖောက်လုပ်သော ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ရွာတွင်းကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူလူထုများ တက်ရောက်ခဲ့ပြီး ရွာမကျေးရွာအုပ်စု ရွာတွင်းကျောက်ချောလမ်းအား ဒက္ခိဏသီရိမြို့နယ် အုပ်ချုပ်ရေးမှူး၊ ရွာမကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် T.Z.T.M ကုမ္ပဏီစီမံကိန်း မန်နေဂျာ ဦးအောင်ကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည် သုည ဒသမ ၉၅ မိုင်အတွက် ကျပ် သန်း ၇၂ ဒသမ ၇၆၇ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ထွေ/အုပ်)

အောက်မေ့သတိရ မြတ်ဗုဒ္ဓ၊ ပရိနိဗ္ဗာန်လ

ဒေါက်တာ မောင်မြေ

ကဆုန်လတွင် လေပြည်လေညင်းလေးများ တသုန်သုန်ရိုက်ခတ်၏။ လေပြင်းလေညင်းများရိုက်ခတ်လေတိုင်း ပါလာတတ်သည်မှာ ရွက်ဟောင်းလေးများဖြစ်သည်။ အရွက်ကင်းသည့် ရိုးတံကျဲကျဲသစ်ကိုင်းခက်များပေါ်ဝယ် ရွက်သစ်ရွက်နုလေးများဖြင့် ဖူးပွင့်၍ ဝေဆာနေလေပြီ။

ယင်းသမယတွင် မဟာပထဝီမြေ၏ ထုံသင်းသော ရနံ့နှင့်အတူ မြူခိုးတို့က ပြန့်ပြူးလျက်ရှိချေ၏။ တန်ခူးကုန်ပြီး ကဆုန်လသို့ရောက်ရှိ၍လာချေလျှင် မိုးမင်းကလည်း ရိုက်မြည်ထစ်ချုန်းရာဇသံဖြင့် မိုးရာသီ၏အသွင်ကို လှစ်ပြလျက်ရှိ၏။ ထိုသည်ကို ချိန်ခါမဟုတ်သော မိုးဟူ၍ ခေါ်စမှတ်ပြုလာကြ၏။ ရှေးကတောင်သူဦးကြီးများက "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့"ဟု မှတ်တမ်းပြုသွား၏။ ယင်းအဖြစ်သနစ်အား "ရွက်ရင့်လျော့၍ ရွက်ကြောနုလှန်၊ ရွက်သစ်ပြန်တည့်၊ ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့၊ တပျံ့ပျံ့ပျူး၊ မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်၊ လကဆုန်သည်၊ ပစ္စုန်ရိုက်မြည်၊ ချုန်းချုန်းတည်း"ဟူ၍ ကဆုန်လ၏ ပြုပြင်ပြောင်းလဲသည့် သဘာဝတို့အား အသျှင် အဂ္ဂကသာမာဓိဘုံခန်းပျို့၌ ဖွဲ့ဆိုခဲ့သည်။

ကဆုန်လသည် ဗောဓိပင်ကို ရေသွန်းလောင်းခြင်းဖြစ်သည်။ ထိုယဉ်ကျေးမှု ဗုဒ္ဓဘာသာစတင်ဖြစ်ပေါ်သည့် အိန္ဒိယနိုင်ငံ၏ ဓလေ့ထုံးစံမှ မဟုတ်ပါ။ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့၌ ကဆုန်လတွင် ဗောဓိပင်ကိုရေသွန်းသည့် ဓလေ့သည် ရှေးကလည်းမရှိ၊ ယခုလည်းမရှိသောကြောင့် ဖြစ်သည်။

ကဆုန်လပြည့်နေ့တွင် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား ရှေ့ရောက်ဝမ်းလျားမှောက်ကာ မြတ်ဘုရားထံမှ ဗျာဒိတ်ကိုခံယူရရှိတော်မူခဲ့၏။ မြတ်ဘုရားရှင်ကို မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့၌ ဖွားမြင်တော်မူ၏။ မဟာဗောဓိပင်နှင့်ရွှေပလင်ရရှိသောနေ့ဖြစ်၏။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဖွားဖက်တော် "မဟာဗောဓိပင်"ရင်းတွင် မာရ်ငါးပါးကိုအောင်မြင်တော်မူ၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့၏။ ထိုအချိန်မှစ၍ မြတ်စွာဘုရားသည် (၄၅)ဝါကာလတိုင်အောင် မဇ္ဈိမဒေသအနှံ့အပြားသို့ ဒေသစာရီ ခရီးကြွချီတော်မူကာ ဝေနေယျသတ္တဝါအပေါင်းတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့လေ၏။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့၌ ကုသိနာရုံမလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်စံဝင်ခြင်းမပြုမီ မြတ်စွာဘုရားသည် ပါဝါပြည်မှ ကုသိနာရုံ ခြောက်မိုင်ကွာဝေးနေသော ခရီးကို (၂၅)ကြိမ်နားလျက် ကြွချီတော်မူခြင်းဖြစ်၏။ ပါဝါပြည်တွင် မြတ်စွာဘုရားသည် ရွှေပန်းထိမ်သည် စုန္ဒ၏သရက်ဥယျာဉ်၌ ဆွမ်းဘုဉ်းပေးတော်မူ၏။ စုန္ဒဒါယကာ ဆက်ကပ်သောဆွမ်းမှာ မြတ်စွာဘုရား နောက်ဆုံးဘုဉ်းပေးသော ဆွမ်းဖြစ်သည်။ စုန္ဒဒါယကာကပ်သောဆွမ်းကို ဘုဉ်းပေးရခြင်းကြောင့် ကုသိနာရုံသို့ အရောက်ကြွတော်မူနိုင်ခြင်းဖြစ်၏။

ဝမ်းတော်လာခြင်းဖြစ်ရသည်မှာ ဆေးဆရာဘဝ၌ ဆေးဖိုးဝါးခမပေးလိုသော သူဌေးသားတစ်ဦးအား ဝမ်းသွားသောဆေးကိုတိုက်ကျွေးခဲ့ဖူး၍ ဖြစ်သည်ဟု မှတ်သားခဲ့ဖူးသည်။ ထိုအကုသိုလ်ကံအကြွင်းအကျန်က နောက်ဆုံးဘဝ၌ အကျိုးပေး၍ ဝဋ်တော်ဆိုက်ခြင်းပင်။ စုန္ဒဒါယကာကပ်လှူသောဆွမ်းကို မဘုဉ်းပေးရသော်လည်း အချိန်ကျလျှင် ဝမ်းတော်လာပြီးမှ ပရိနိဗ္ဗာန်ဝင်ရမည် ဖြစ်သည်။ ထိုအခါ အင်အားကုန်ခန်းလျက် အားအင်ပြတ်သွားနိုင်သည်။ ယခုစုန္ဒသူကြွယ်၏ ဆွမ်းကြောင့် ကုသိနာရုံသို့ အရောက်ကြွနိုင်ခြင်းဖြစ်၏။ ကုသိနာရုံမလ္လာမင်းတို့၏ အင်ကြင်းတောသို့ ရောက်သောအခါကြောင့် အင်ကြင်းပန်းနှစ်စုံတို့၏အကြားတွင် သလွန်ညောင်စောင်းကို မြောက်အရပ်သို့ ခေါင်းပြုကာ နေရာခင်းစေခြင်းဖြင့် ဓာတ်သဘောတို့၏ ဖောက်ပြန်ကာ "သင်္ခါရတရား"တို့၏ ပြိုကွဲပျက်စီးခြင်းသဘောကို ထင်ရှားပြခဲ့လေ၏။

မြတ်ဘုရားရှင်ပရိနိဗ္ဗာန်ပြုခဲ့ခြင်းနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံထုတ် MODERN REVIEW 1936 ခုနှစ် ဇူလိုင်လထုတ် မဂ္ဂဇင်းတွင် ပါမောက္ခ "လလစ်မိုဟန်ကား"၏ The Maha parinibbana and the buddha's last meal ဆောင်းပါးမှအချို့ကို ဖော်ပြပါမည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် "ဂိုရတ်ပူ"ခေါ်မြို့နယ်တစ်ခုသည်ရှိ၏။ ၎င်းမြို့၏အရှေ့ဘက် ၃၃ မိုင်အကွာတွင် "ဂိုရတ်ပူ-ကာသိရ"လမ်း၏ တောင်ပိုင်း၌ ကမ္ဘာပေါ်တွင် အမြင့်မြတ်ဆုံးနေရာတစ်ခုသည် ရှိတတ်၏။ အကြောင်းမူကား "မသကား" ခေါ် ၎င်းနေရာ၌ သကျမုနိဗုဒ္ဓသည် ပရိနိဗ္ဗာန်စံတော်မူ၏။ ၎င်းပရိနိဗ္ဗာန်စံတော်မူသောနှစ်သည်ကား ဝါဒမှန် ဗုဒ္ဓဘာသာတို့၏ စာပေအစဉ်အလာအတိုင်းဆိုလျှင် ခရစ်တော်မပေါ်မီ ၅၄၃ ခုနှစ်ဖြစ်၏။ သို့သော် အရှေ့နိုင်ငံစာပေများကို လိုက်စားသူတို့၏ အယူအဆအတိုင်းဆိုလျှင် ခရစ်တော်မပေါ်မီ ၄၈၇ ခုနှစ်ဖြစ်၏။ ယနေ့တိုင်အောင်ပင်လျှင် "အာရှတိုက်၏ အလင်းရောင်ခြည်" မဟာပရိနိဗ္ဗာန်ပြုလေသောနေရာဟု ခေါ်ဆိုကြ၏။

၎င်းကျောင်းတော်သည် ဂယာမြို့၏ "ဘရားဘာ" တောင်ပူစာများထဲတွင်ရှိသော "ဒသရဌ"ဂူ၏ ပုံသဏ္ဌာန်နှင့်တူ၍ အတွင်း၌ ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်စား လက်ယာလက်မောင်းကိုခေါင်းအုံးလျက်မြောက်ဘက်သို့ ဦးခေါင်းမူသော လျောင်းတော်မူတစ်ဆူရှိလေ၏။ ၎င်းလျောင်းတော်မူ ကိုယ်တော်သည်

မြတ်ဘုရားရှင်ကို မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့၌ ဖွားမြင်တော်မူ၏။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဖွားဖက်တော် "မဟာဗောဓိပင်"ရင်းတွင် မာရ်ငါးပါးကိုအောင်မြင်တော်မူ၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့၏။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့၌ ကုသိနာရုံမလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ခန္ဓပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။

လူသာမန်တို့၏ ကိုယ်လေးဆခန့်ရှိ၍ ဗုဒ္ဓဂယာစေတီအတွင်းရှိ တင်ပျဉ်ခွေ ကိုယ်တော်စံအရပ်မောင်းမျှရှိ၏။

လျောင်းတော်မူကိုယ်တော်ကြီးသည် အင်ကြင်းပင်နှစ်ပင်အကြားတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောနေရာ၌ပင် တည်ရှိတော်မူ၏။

အရှေ့ဘက်တစ်မိုင်ခွဲခန့်ရှိ ကာသိယမြို့ငယ်လေးသည်ကား ဗုဒ္ဓဘာသာတို့၏ ကျမ်းဂန်တွင်လာသော ကုသိနာရုံပင်ဖြစ်သည်ဟု အတိအကျပြောဆိုကြလေသည်။ ၎င်းမြို့လေးသည် ဘင်္ဂလားအနောက်မြောက် မီးရထားလမ်းရှိ ဂိုရတ်ပူမြို့၏ အရှေ့တောင်ဘက်မိုင် ၄၀ တွင်ရှိ၏။ ဂိုရတ်ပူမြို့မှ မြောက်စူးစူးသို့ ၂၂ မိုင်မျှသာရှိ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောနေရာကို သိခြင်းဖြင့် ပရိနိဗ္ဗာန်စံတော်မူခြင်း၏ အကြောင်းနှင့်စပ်သော အဖြစ်အပျက်တို့ကို သတိရစေ၏။

အကြိမ်ကြိမ်နား၍ ဝေသာလီမြို့ (မူဇာဖာပူခရိုင်-ဘေသာမြို့)မှ ပါဝါမြို့ (ဂိုရတ်ပူခရိုင်၊ ပဒရောနမြို့)သို့ရောက်လာသောအခါ မြတ်စွာဘုရားမှာ ရောဂါတစ်ခုကပ်ငြိနေပြီးဖြစ်၏။ ပါဝါမြို့တွင် မြတ်စွာဘုရားသခင်သည် သံဃာတော်များနှင့်တကွ သီတင်းသုံးနေတော်မူရာဝယ် စုန္ဒလှူဒါန်းအပ်သော မြတ်စွာဘုရား၏ နောက်ဆုံးဆွမ်းသည် ဒီဃနိကာယ်၊ မဟာပရိနိဗ္ဗာနသုတ်၌ "သူကရမဒ္ဒဝံ"ဟု ဖော်ပြထား၏။

၎င်း၏အဓိပ္ပာယ်ကို အောက်ပါအတိုင်းယူဆခဲ့ကြလေသည်-

(က)ဝက်သားခြောက်

(ခ)ထမင်းနှင့်ဝက်ပျိုသား

(ဂ)နူးညံ့သောဝက်သား

(ဃ)အရသာရှိသော ဝက်ပျိုသား

(င)မာသောဝက်သားတစ်မျိုးအစရှိသည်တို့တည်း။

"သူကရ မဒ္ဒဝံ"ဆိုသောစကားကို ဝက်သားဟင်းဟုနားလည်ကြ၏။ ဒေါက်တာရီး(စ်)ဒေးဗစ်(စ်)သည် ၎င်းစကားကို တစ်နေရာ၌ ဝက်သားခြောက်ဟု ပြန်ထား၏။ အခြားတစ်နေရာ၌ နူးညံ့သောဝက်သားဟု ပြန်ဆိုထား၏။ သို့သော် ထိုကဲ့သို့ပြန်ဆိုခြင်း၊ အဓိပ္ပာယ်ပေးခြင်းတို့ကို မကျေနပ်ခဲ့ချေ။ ၎င်းသည် စားစရာအသီးအရွက်၊ သစ်ဥသစ်ဖု၊ တစ်စုံတစ်ရာဖြစ်ရာသည်ဟု ယုံကြည်ခဲ့လေသည်။ ကေအက်(စ်)နယူးမင်းကလည်း ဤအဓိပ္ပာယ်အတိုင်းယူဆ၏။ ထိုအရာသည် စားကောင်းသော မှိုတစ်မျိုးသာဖြစ်ဟန်ရာသည်ဟု ယူသင့်ကြောင်းကို အကြောင်းအထောက်အထားများဖြင့် ဖော်ပြ၏။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံသည့်အကြောင်းကို ရေးသားထားသော တရုတ်စာပေများတွင် လည်းကောင်း၊ တိဘက်စာပေများတွင် လည်းကောင်း မြတ်စွာဘုရား၏ နောက်ဆုံးဆွမ်းနှင့်ပတ်သက်၍ ဝက်သားကို ဖော်ပြခြင်းအလျဉ်းမရှိပေ။ မဟာယနဂိုဏ်းကျမ်းဂန်များတွင်လည်း မဟာပရိနိဗ္ဗာန်အကြောင်းကို ရေးသားရာ၌ လည်းကောင်း၊ သာဝတဝိနယကျမ်းတွင် စုန္ဒ၏ဆွမ်းလှူပွဲကိုဖော်ပြရာ၌ လည်းကောင်း ဝက်သားဟူသော ပုဒ်ကို ဖော်ပြခြင်းမရှိပေ။ ယူ-ဆင်-ချင် ကျမ်းအတိုင်းဆိုလျှင် မြတ်စွာဘုရားအတွက် စုန္ဒသီးသန့်ထားသော ဆွမ်းခဲဖွယ်မှာ စန္ဒကူးပင်နားရွက် သို့မဟုတ် စန္ဒကူးသားနားရွက်ဟုခေါ်ဆို၏။ ဤအခေါ်အဝေါ်အတိုင်းဆိုလျှင် သစ်ပင်မှပေါက်သော မှို သို့မဟုတ် မွှေးကြိုင်သောမှိုဟု ဆိုလိုဟန်တူသည်။ တရုတ်ဘာသာတွင် သစ်ပင်၌ ပေါက်သော မှိုကို "မူအား"သို့မဟုတ် "သစ်ပင်၏ နားရွက်" ဟုခေါ်၏။ ဗုဒ္ဓဘာသာ ရဟန်းများနှင့် ၎င်းတို့၏ ဒါယကာများသည် မှိုများကို "ဟိုဆန်ဂျောင်" ရဟန်း၏အသား၊ အမဲဟင်းလျာဟု အထင်အရှားခေါ်ဝေါ်သုံးစွဲကြ၏။ ဘုရားကို ကြည်ညိုလှသော ဤပန်းထိမ်သမားသည် မြတ်စွာဘုရားအတွက် ဝက်သားဟင်းကို ချက်လိမ့်မည်မဟုတ်ဟုဆိုသော နယူးမင်းနှင့် ဆောင်းပါးရှင် မိုဟန်ကားတို့ ကိုက်ညီ၍ "သူကရမဒ္ဒဝံ" ၏ အဓိပ္ပာယ်သည် "မှို" ဟုသာ ဖြစ်သည်ထင်၏။

နှစ်ပေါင်း (၄၀) ကျော်မှ မွန်မြတ်သောအကျင့်နှင့် ပြည့်စုံသည်ဟု အသိအမှတ်ပြုခြင်းခံရပေသော သက်တော် (၈၀)ရှိ မြတ်စွာဘုရားအား တိရစ္ဆာန်၏ အသားကို ဘုဉ်းပေးရန် ကပ်လှူသည်ဆိုသည်မှာ အမှန်ပင်ထူးဆန်း၏။ ဤကဲ့သို့သော အစာသည် မြတ်စွာဘုရား၏ ကျင့်စဉ်တရားများနှင့်လည်း ဆန့်ကျင်၍နေ၏။ ဥပသကာများ အနုအရင့်ကိုလိုက်၍ ထိန်းသိမ်းရမည့် မြတ်စွာဘုရားဆုံးမအပ်သောငါးပါး၊ ရှစ်ပါး၊ (၁၀) ပါး ဝိရတီသီလများ၌ ပါဏာတိပါတာဝေရာမဏီသည် ပထမသိက္ခာပုဒ်ဖြစ်၏။ ဇာတ်နိပါတ်များထဲတွင် တိရစ္ဆာန်များကို အစာအတွက် မသတ်စေရန် ဘုရားအလောင်းသည် သူ၏ကိုယ်ကို အကြိမ်များစွာ လှူဒါန်းခဲ့ကြောင်းဖော်ပြထား၏။ မြတ်စွာဘုရားသည် ဝက်သားဟင်းကို ဘုဉ်းပေးခဲ့ပါလျှင် အတိတ်ဘဝက စွန့်စားနစ်နာခံခဲ့သည်များနှင့် တစ်ဖက်တစ်လမ်းဖြစ်၍ အဓိပ္ပာယ်မရှိ ဖြစ်သွားပါလိမ့်မည်။ မြတ်စွာဘုရားသည် တိရစ္ဆာန်များအား သတ်ခြင်းကို အထူးတားမြစ်ပိတ်ပင်သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း သိကြ၏။

ဝိနယပိဋကမဟာဝါပါဠိတော်တွင် အောက်ပါအတိုင်း အတိအကျပညတ်ထားသည်ကိုတွေ့ရသည်။

"နဘိက္ခဝေ ဇာနံ ဥဒ္ဒိဿကတံ မံသံ ပရိဘုဉ္ဇိတဗ္ဗံ။ ယော ပရိဘုဉ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ" ၎င်း၏ နိဿယျကား၊ ငါ၏ ချစ်သားရဟန်းများတို့ ဥဒ္ဒိဿကတံ၊ ရည်၍ သတ်သော၊ အသားကိုသိလျက် မစားအပ်၊ စားသည်ရှိသော် ဒုက္ကဋအာပတ်သင့်၏။

စုန္ဒဒါယကာသည် ဆွမ်းကပ်ရာ၌ လေးနက်စွာ စဉ်းစားရာ၏။ သူသည် ဆွမ်းကပ်ရာတွင် သင့်လျော်သောဆွမ်း ဟုတ်သည်၊ မဟုတ်သည်ကို မဆင်မခြင်၊ မစဉ်းစားဘဲ ကပ်လိမ့်မည်မဟုတ်။ ဗုဒ္ဓမြတ်စွာဘုရားအပါးတော်ဝယ် ဒါယကာ အများပင် ခြံရံလျက်ရှိ၏။ ၎င်းတို့အထဲတွင်ရင်းချာ၍ ချစ်မြတ်နိုးသော ဆွေမျိုးများလည်းရှိ၏။ ဗုဒ္ဓမြတ်စွာဘုရားသည် ဂယာသီသ၌ သုဇာတာလှူသော နို့ဆွမ်းသည် သဗ္ဗညုတဉာဏ်ကိုရရန် အကြောင်းပြုစေသကဲ့သို့ စုန္ဒလှူသောဆွမ်းသည် အကြွင်းမရှိသော နိဗ္ဗာန်သို့ ရောက်ရန် အကြောင်းပြုသည်ကို သိတော်မူ၍ နောက်ဆုံးဘုဉ်းပေးသောဆွမ်းကို ချီးမွမ်းတော်မူသည်ဟု စုန္ဒအား ပြောကြားရန် ညီတော်အာနန္ဒာအား မှာကြားတော်မူခဲ့ကြောင်း ပရိနိဗ္ဗာနသုတ်တွင် တွေ့ရလေသည်။

"သူကရမဒ္ဒဝံ"ဆိုသောစကားသည် **"သူကရ"**(ဝက်) **"မဒ္ဒဝံ"**(နူးညံ့သော)ဟူသော စကားနှစ်လုံးပေါင်းထားခြင်း ဖြစ်၏။ မဒ္ဒဝံဆိုသောစကားကို အဓိပ္ပာယ်အမျိုးမျိုးပေးကြသဖြင့် အခက်အခဲနှင့်ကြုံတွေ့ရလေသည်။

"မဒ္ဒဝံ"မှ သားငါး သို့မဟုတ် အသားဟူသော အဓိပ္ပာယ်မရချေ။ ၎င်းစကားသည် **"မုဒု"**မှဆင်းသက်လာလျက် နူးညံ့ခြင်းဟုအဓိပ္ပာယ်ရ၏။ "သူကရ"ဟူသောစကားသည်လည်း ဝက်သားဟုအဓိပ္ပာယ်မရချေ။ ဝက်သားဟုဆိုလျှင် "သောကရံ"ဟု ရှင်မဟာကစ္စည်းဖော်ပြသကဲ့သို့ ရှိသင့်၏။ ရှင်မဟာကစ္စည်းသည် ခရစ်ယာန်မပေါ်မီ သုံးရာစုလောက်တွင် ပေါ်လာ၏။ သဒ္ဒါအရာတွင်အတတ်ဆုံး၊ အစောဆုံးဖြစ်၏။

"သူကရ"(သူကရဟုလည်းရှိ၏) ဟူသော စကားသည် "သူက" မှဖြစ်လာ၏။ (သူက၏အဓိပ္ပာယ်မှာ ဝက်မျှင်၊ ဝက်မွေး၊ ဝက်မွေးကဲ့သို့သော ကြမ်းတမ်းသောအမွေးအမင်)၎င်းဝက်မွေးနှင့်အတူ အပင်ပေါက်ကို "သူက" ခေါ်၏။ ပေါက်ဖတ်ကောင်ကို သူကတီတဟုခေါ်၏။ မုယောစပါး၏အမွေးကိုလည်း သူကဟုခေါ်၏။ "သူက"ကို "ရ"ထည့်၍ "သူကရ" ဖြစ်လာ၏။ မဓုမှမဓုရ(ပျားရည်)ဖြစ်လာသကဲ့သို့တည်း။

စာမျက်နှာ ၁၁ သို့ ❖

ပြည်တွင်းရေးရာ

❖ **ကျောဖုံးမှ**

အာဆီယံပါလီမန်များညီလာခံ(AIPA) မျက်နှာစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံမှ လေ့လာသူ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင်လည်း အပြည်ပြည်ဆိုင်ရာ ပါလီမန်များ သမဂ္ဂ(IPU) ၏ အဖွဲ့ဝင်ဖြစ်လာပါကြောင်း။

မိမိကိုယ်တိုင် လွှတ်တော်ကိုယ်စားလှယ်များအား ဦးဆောင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ အစည်းအဝေးများကို တက်ရောက်ခဲ့ပြီး လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရလည်း ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်းစုံရှိ လွှတ်တော်များသို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ လေ့လာရေးခရီးစဉ်များသည် လွှတ်တော်ဥက္ကဋ္ဌအဖြစ် လုပ်ငန်းတာဝန်များကို ဦးဆောင်ရာ၌ အထောက်အကူများစွာ ဖြစ်စေပါကြောင်း။

ပြည်တွင်း ပြည်ပသင်တန်းစေလွှတ်

မြန်မာလွှတ်တော်ကိုယ်စားလှယ်များသည်လည်း ဒေသတွင်းနှင့် နိုင်ငံတကာ လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ခြင်းအားဖြင့် အခြားနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခွင့်ရပြီး အတွေ့အကြုံများ ဖလှယ်နိုင်ကြပါကြောင်း၊ လွှတ်တော်ရုံးဝန်ထမ်းများ အရည်အသွေးမြင့်တင်ရန်အတွက်လည်း အရေးကြီးသည့်အတွက် ပြည်တွင်း ပြည်ပသင်တန်းများသို့ စေလွှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံက ဖော်ဆောင်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ခေတ်စနစ်နှင့် လျော်ညီမှုရှိသည့် ဥပဒေများပြဋ္ဌာန်းနိုင်ရန် လွန်စွာအရေးကြီးပါကြောင်း၊ မိမိတို့လွှတ်တော်သည် နိုင်ငံတော်၏ ဥပဒေပြုရေးကဏ္ဍ၌ ထိရောက်စွာ အကျိုးပြုလျက်ရှိပါကြောင်း၊ ကြုံကြိုက်စဉ် အသိပေးလိုသည်မှာ လွှတ်တော်သက်တမ်း ၃ နှစ်တာ ကာလတွင် နိုင်ငံနှင့် လိုက်လျောညီထွေမှုမရှိသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဥပဒေစုစုပေါင်း ၉၈ ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍ ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးသည် မနက်ဖြန်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် ASEAN ထိပ်သီး အစည်းအဝေးတွင် အစီအစဉ်တစ်ခုဖြစ်သည့် ASEAN-AIPA တွေ့ဆုံပွဲအတွက် အကြိုညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ အာဆီယံခေါင်းဆောင်များနှင့် တွေ့ဆုံသည့်အခါ AIPA ဥက္ကဋ္ဌ လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ASEAN ပါလီမန်များ ညီလာခံ၊ ကိုယ်စားလှယ်အဖွဲ့များ အားလုံးကိုယ်စား မိန့်ခွန်းပြောကြားမည်ဖြစ်ပါကြောင်း။

လွှတ်တော်များ၏ အခန်းကဏ္ဍအရေးကြီး

ထိပ်သီးအစည်းအဝေးတွင် AIPA နှင့် ASEAN ဆက်ဆံရေး ပိုမိုမြှင့်တင်ရန် AIPA အဖွဲ့ဝင် လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် AIPA အတွင်းရေးမှူးချုပ်ရုံးကို အင်အားဖြည့်တင်းရန် စသည့် ကိစ္စရပ်များကို အလေးထား ဆွေးနွေးသင့်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ASEAN အသိုက်အဝန်း ထူထောင်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ပြည်သူဗဟိုပြု ASEAN ဖြစ်စေရေးအတွက် ပြည်သူများနှင့် ထိတွေ့ပြီး ကိုယ်စားပြုနေသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုမှာ အဓိကကျလျက်ရှိပါကြောင်း၊ ယခုတာဝန်များကို ASEAN ပါလီမန်များညီလာခံ AIPA အဖွဲ့ဝင်အားလုံး ကြိုးပမ်းဆောင်ရွက်နေကြကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ထုတ်ဖော်ပြောကြားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် AIPA ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် AIPA အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ASEAN-AIPA မျက်နှာစုံညီ အစည်းအဝေးတွင် AIPA ဥက္ကဋ္ဌ ပြောကြားမည့် မိန့်ခွန်းကို တစ်ပိုဒ်ချင်းစီအလိုက် အကြံပြုဆွေးနွေးကြပြီး အတည်ပြုဆုံးဖြတ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၊ AIPA ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အာဆီယံလွှတ်တော် ကိုယ်စားလှယ်များ၏ ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှုကို ၁၉၇၅ ခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ် ဆွေးနွေးမှုကို ၁၉၇၅ ခုနှစ် ဩဂုတ်လတွင် မလေးရှားနိုင်ငံ၌ လည်းကောင်း၊ တတိယအကြိမ်ဆွေးနွေးမှုကို ၁၉၇၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့သည်။

ယခု AIPA ဖြစ်လာသည့်အဖွဲ့ကို ၁၉၇၇ ခုနှစ်တွင် AIPO(ASEAN Inter-Parliamentary Organization) အဖြစ် ဖွဲ့စည်းခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် AIPO အစည်းအဝေးတွင် AIPA အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ခုနှစ်တို့တွင် ကျင်းပသည့် AIPA အစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် မြန်မာလွှတ်တော်များ ပေါ်ပေါက်လာပြီးနောက်ပိုင်း အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးဆောင်ရွက်ခဲ့ရာ (၃၂)ကြိမ်မြောက် AIPA အစည်းအဝေးက မြန်မာနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❋ **ရခိုင်ပြည်နယ်မှ**

နည်းပညာ အထက်တန်းကျောင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက မတ်လအတွင်း UN/INGOs ရုံး၊ နေအိမ်၊ ဂိုဒေါင်များအား ဒေသခံအချို့ဝင်ရောက်ဖျက်ဆီးခဲ့သည့် အခြေအနေများ၊ အခင်းဖြစ်ပွားပြီးနောက် ဆောင်ရွက်ထားရှိသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် UN/INGOs အဖွဲ့အစည်းများ၏ မူလလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိမှုများ၊ စစ်တွေနည်းပညာ အထက်တန်းကျောင်း၊ ပြည်တော်သာရပ်ကွက်နှင့် အနောက်စံပြရပ်ကွက်များအတွင်း UN/INGOs စသည့် အဖွဲ့အစည်းများအတွက် ယာယီ

ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးများ သက္ကေပြင်ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် စစ်တွေမြို့ သက္ကေပြင်ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

ပြန်လည်နေရာချထားမှုများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ရခိုင်ပြည်နယ်အတွင်း အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ထားရှိသည့် အခြေအနေများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် UN/INGOs စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ (UNOCHA) အကြီးအကဲ MARK CUTTS က UNOCHA နှင့် ECC တို့ အနီးကပ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် အုပ်စု နှစ်စုအကြား အိမ်ထောင်စုစာရင်းမှန်ကန်စွာ ကောက်ယူနိုင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးက လူမျိုးဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးများသည် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုကြသည်။

ကယ်ဆယ်ရေးစခန်းများ၌ နှစ်ဖက်အဖွဲ့အစည်းများအား ကျန်းမာရေးစောင့်ရှောက်နေမှုနှင့် ပတ်သက်၍ ဒေသခံများ၏အမြင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မအာနွာဘေဂွန်၊ ဒါးပိုင်ကျေးရွာ

ကျွန်မက ကိုယ်ဝန်ရှိနေလို့ ကာကွယ်ဆေးလာထိုးတာပါ။ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ကျွန်မတို့အားရကျေနပ်ပါတယ်။

မချောစုလှိုင်၊ သူနာပြု၊ ဒါးပိုင်အရေးပေါ်ဆေးရုံ

ကျွန်မတို့ ဒါးပိုင်အရေးပေါ်ဆေးရုံကိုရောက်လာတဲ့ လူနာတွေအားလုံးကို နွေးထွေးစွာကြိုဆိုပြီး ကျန်းမာရေးကောင်းမွန်အောင် ပြုစုစောင့်ရှောက်ကုသပေးနေပါတယ်။

မခိုင်စိုးနီ၊ စက်ရုံစုကယ်ဆယ်ရေးစခန်း

ကျွန်မကလေး နေမကောင်းလို့ ဒီဆေးခန်းကိုလာပြတာပါ။ ကျွန်မတို့ ကယ်ဆယ်ရေးစခန်းမှာ အခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသပေးလို့ အားလုံးက ဝမ်းသာကြတယ်၊ ဖျားနာတဲ့သူတွေအားလုံးကို အဆင့်အတန်းမခွဲခြားဘဲ ပြုစုကုသပေးလို့ ကျေနပ်ပါတယ်။

မတင်အေး၊ သူနာပြုဆရာမ၊ စက်ရုံစုကယ်ဆယ်ရေးစခန်း

ကျွန်မတို့စခန်းကို ပြည်တွင်း ပြည်ပအဖွဲ့အစည်းတွေက ကျန်းမာရေးစောင့်ရှောက်မှုလာပေးကြပါတယ်။ စခန်းမှာ ဆရာဝန်၊ ဆရာမတွေနဲ့ အမျိုးသမီးကျန်းမာရေးဆရာမ စတဲ့ ကျန်းမာရေးဝန်ထမ်းတွေ အမြဲတမ်းအသင့်ရှိပါတယ်။ အားလုံးကိုဆေးဝါးအပြည့်အစုံနဲ့ အခမဲ့ကျန်းမာရေးစောင့်ရှောက်ကုသပေးနေခြင်း ဖြစ်ပါတယ်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၀

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ကိုယ်စားလှယ် အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် ဒုတိယအတွင်းရေးမှူးချုပ် ဦးညွှဏ်လင်းတို့ တက်ရောက်ကြပြီး အစည်းအဝေးမစတင်မီ စုပေါင်း၍မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံပြင်ပဆက်ဆံရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် အာဆီယံပြင်ပဆက်ဆံရေးဆိုင်ရာလမ်းညွှန်ချက်ကို အတည်ပြုခဲ့ကြသည်။ ထို့အတူ တောင်တရုတ် ပင်လယ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုနှင့် ပတ်သက်သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှာ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ် ကာလအတွင်း ဒုတိယအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ပထမအကြိမ် အစည်းအဝေးကို ဇန်နဝါရီလက ပုဂံတွင် ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံသာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ညနေ ၄ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါသဘောတူစာချုပ်အား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာရ် အမ် မာတီ အမ် နာတာလီဂါဝါတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံစီးပွားရေးဝန်ကြီးများ၏ ညှိနှိုင်းအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးများကျင်းပ

နေပြည်တော် မေ ၁၀

အာဆီယံစီးပွားရေးဝန်ကြီးများ၏ ညှိနှိုင်းအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးတို့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ(၁၀)နိုင်ငံမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ ညှိနှိုင်းအစည်းအဝေးတွင် အာဆီယံစီးပွားရေးပေါင်းစည်းမှုများ ကျယ်ပြန့်လာသည်နှင့်အမျှ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်မည့်ကိစ္စများ၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးအတွက် ညှိနှိုင်းဆောင်ရွက်နေမှုများ၊ အာဆီယံဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သာတူညီမျှရှိရေးဆိုင်ရာ မူဘောင်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စီအိုင်အမ်ဘီ အာဆီယံသုတေသနအဖွဲ့အစည်း၏ အတားအဆီးများ ဖယ်ရှားမှုဆိုင်ရာ လေ့လာမှုစာတမ်းအပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆွေးနွေးညှိနှိုင်းကြသည်။

ညနေပိုင်းတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီအစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးအပေါ် ရှုမြင်သုံးသပ်ခြင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေး အသိုက်အဝန်း ပြည့်မီအောင်မြင်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ဝန်ဆောင်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနိုင်ငံများအတွင်း အကောက်ခွန်မဟုတ်သော အတားအဆီးများ ဖယ်ရှားရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံပေါင်းစပ်ယှက်နွယ်မှု ပင်မစီမံကိန်း အကောင်အထည်ဖော်မှု၏ တိုးတက်မှုအခြေအနေများ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီအနေဖြင့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အစီရင်ခံစာနှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ဩစတြေးလျနိုင်ငံ ဘရေ့စဘိန်းမြို့၌ ကျင်းပမည့် ဂျီ(၂၀) ထိပ်သီးအစည်းအဝေးသို့ အာဆီယံနိုင်ငံများကိုယ်စား အာဆီယံဥက္ကဋ္ဌဖြစ်သည့် မြန်မာနိုင်ငံမှ တင်ပြမည့် ASEAN Position Paper (မူကြမ်း) အပေါ်တွင် ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ (၁၁)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးအစီရင်ခံစာကို မေ ၁၁ ရက်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ နိုင်ငံအကြီးအကဲများသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူမှုရေးအဖွဲ့အစည်း ကိုယ်စားလှယ်များတွေ့ဆုံပွဲကို ကျင်းပနိုင်ခြင်းမရှိတော့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်

နေပြည်တော် မေ ၁၀

ယနေ့ရက်စွဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း (၁၁-၅-၂၀၁၄) ရက်နေ့တွင် ယခင်ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးများ၏ အစဉ်အလာနှင့်အညီ အာဆီယံ နိုင်ငံခေါင်းဆောင်များနှင့် အာဆီယံလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတွေ့ဆုံပွဲကို ပြုလုပ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ယင်းအစီအစဉ်နှင့်ပတ်သက်၍ အာဆီယံလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပနိုင်ရန် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသည့်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လိုအပ်သည့်ပြင်ဆင်မှုများကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ အာဆီယံခေါင်းဆောင်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်မည့် အာဆီယံလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို သက်ဆိုင်ရာအာဆီယံနိုင်ငံများမှ အတည်ပြုသတ်မှတ်ပေးရန် လုပ်ထုံးလုပ်နည်းအတိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့သော်လည်း အာဆီယံနိုင်ငံအချို့မှ ရွေးချယ်အတည်ပြုခဲ့သော ကိုယ်စားလှယ်များကို အာဆီယံဆိုင်ရာ လူမှုအဖွဲ့အစည်းများကွန်ဖရင့်/အာဆီယံပြည်သူများဖိုရမ် ၂၀၁၄ (ASEAN Civil Society Conference /ASEAN People's Forum 2014) မှ လက်ခံနိုင်ခြင်းမရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စာပေးပို့၍ တွေ့ဆုံပွဲသို့တက်ရောက်တော့မည်မဟုတ်ကြောင်း အကြောင်းကြားခဲ့ပါသည်။

ထိုသို့တစ်ဖတ်သတ်အမြင်နှင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်(၁၁-၅-၂၀၁၄)ရက်နေ့တွင် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံလူမှုရေးအဖွဲ့အစည်း ကိုယ်စားလှယ်များတွေ့ဆုံပွဲကို မူလစီစဉ်ထားသည့်အတိုင်း ကျင်းပနိုင်ခြင်း မရှိတော့ကြောင်း ကြေညာချက်ထုတ်ပြန်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
၂၀၁၄ ခုနှစ်၊ မေလ ၁၀ ရက်။

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့များရောက်ရှိ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့များသည် ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်သို့ ရောက်ရှိကြသည်။

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆန်နယ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒေါင်လာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘမ်း ယူဒိုရိုနိုနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီ မိုဟာမက် နာဂျစ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သောင်ဆင်း သမ်မာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ ဘီနစ်ဂ်နို အာကွီနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ မှစတင်၍ အထူးလေယာဉ်များဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဦးဇေယျာအောင်၊ ဦးသန်းဌေး၊ ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်၊ သံအမတ်ကြီးများ၊ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့က လေဆိပ်၌ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံအလိုက်တည်းခိုရမည့် ဟိုတယ်များသို့ ပို့ဆောင်နေရာချထားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆန်နယ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒေါင်လာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ခ်ဟွန်ဆန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။

(၂၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘမ်း ယူဒိုရိုနိုနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။

(၂၄) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သောင်ဆင်းသမ်မာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဟာဂျီ မိုဟာမက် နာဂျစ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဘီနစ်ဂ်နို အာကွီနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။

(၂၄) ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်း အဝေးသို့ တက်ရောက် ရန် စင်ကာပူ သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန် လွန်းနှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့နေပြည်တော် သို့ ရောက်ရှိလာကြစဉ်။

(၂၄) ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်း အဝေးသို့ တက် ရောက်ရန် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငု ယင် တန် ဇွန်း ဦး ဆောင် သော ကိုယ် စား လှယ် အဖွဲ့ နေပြည်တော် သို့ ရောက်ရှိလာ ကြစဉ်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သောက်သုံးရေအတွက် အခက်အခဲမဖြစ်ရန် မီးစက်ကြီးများဖြင့် အလှည့်ကျဆောင်ရွက်ပေးနေ

ရန်ကုန် မေ ၁၀

လွန်ခဲ့သောရက်က လေပြင်းတိုက်ခတ်ခြင်းကြောင့် လျှပ်စစ်ဓာတ်တိုင်အချို့ ပြိုလဲမှုကို ပြုပြင်နေစဉ်ကာလအတွင်း ဒေသခံများ သောက်သုံးရေ အခက်အခဲမဖြစ်စေရန် မီးစက်ကြီးများဖြင့် အလှည့်ကျ စီစဉ်ဆောင်ရွက်ပေးနေကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒလမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ပြောကြားသည်။

အဆိုပါ ပေးဝေမှုကို ယနေ့စတင်လုပ်ဆောင်နေခြင်းဖြစ်ပြီး ၃၇၅ ကေဗွီအေ မီးစက်ကြီးများဖြင့် ဒလမြို့နယ်အတွင်းမှ ထရန်စဖော်မာ တစ်လုံးချင်းစီကို ချိတ်ဆက်မောင်းနှင်ပေးကာ နှစ်နာရီခြားနှုန်းဖြင့် လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။

"ပြုပြင်မှုအပိုင်းကိုလည်း တစ်ဖက်က လုပ်ဆောင်နေသလို ဒေသခံတွေအခက်အခဲမဖြစ်စေဖို့ကိုလည်း တစ်ဖက်ကနေ အခုလို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြခဲ့သည်။ ဓာတ်အားလိုင်းပြုပြင်မှုလုပ်ငန်းများကိုလည်း လျှပ်စစ်လုပ်သားများက နေ့မနား ညမနားဖြင့် စေတနာထားကာ လုပ်ဆောင်နေခြင်းဖြစ်သည်။ **(ထက်ခိုင်-စမ်းချောင်း)**

တောရိုင်းတိရစ္ဆာန်ဥပဒေချိုးဖောက်သည့် တရုတ်ရေလုပ်သားများကို ဖိလစ်ပိုင်ဖမ်းဆီး

မနီလာ မေ ၁၀

တောင်တရုတ်ပင်လယ်အတွင်း ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော သောင်ဆွယ်တစ်ခုအလွန်တွင် မျိုးတုံးမည့် အန္တရာယ် ကျရောက်နေသည့် ပင်လယ်လိပ်များနှင့်အတူ ဖမ်းဆီးခဲ့သော တရုတ်ရေလုပ်သား ၁၁ ဦးကို ဖိလစ်ပိုင်နိုင်ငံက ထိန်းသိမ်းထားကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ဖိလစ်ပိုင်ရဲတပ်ဖွဲ့က တရုတ်ရေလုပ်သားများကို ဖမ်းဆီးစဉ်။

၎င်းတို့ကိုလွှတ်ပေးရန် တရုတ်နိုင်ငံ၏တောင်းဆိုချက်ကို ဖိလစ်ပိုင်အစိုးရက ငြင်းပယ်ခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း စွမ်းအင်အရင်းအမြစ်များ ကြွယ်ဝပြီး နှစ်စဉ်ဒေါ်လာငါးထရီလီယံတန်ဖိုးရှိသည့် ကုန်စည်များဖြတ်သန်းရာ အရေးပါသော ရေလမ်းကြောင်းရှိသည့် ရေပြင်ကို တရုတ်နိုင်ငံကပိုင်ဆိုင်ကြောင်း ကြေညာထားသည်။ ယင်းကဲ့သို့ပင် ဘရူးနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)နှင့် ဗီယက်နမ်တို့ကလည်း ပိုင်ဆိုင်ကြောင်း ကြေညာထားသည်။

စပရက်တလေကျွန်းစုများ၏ ဟတ်မွန်းသောင်ဆွယ်အလွန်တွင် ပင်လယ်လိပ် ၃၅၀ ခန့်ကို သယ်ဆောင်လာသည့် တရုတ်ငါးဖမ်းသင်္ဘောတစ်စင်းကို ဖိလစ်ပိုင်အမျိုးသား ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ကြားဖြတ်တားဆီး၍ သင်္ဘောသားများအား ဖမ်းဆီးခဲ့ပြီးနောက် တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို ချိုးဖောက်သည့် စွပ်စွဲချက်များကို ရင်ဆိုင်စေရန် အနောက်တောင်ပိုင်း ပြည်နယ် ပါလာဝမ်သို့ ၎င်းတို့ကိုခေါ်ဆောင်သွားခဲ့သည်။

သောကြာနေ့နှောင်းပိုင်းတွင် ပြည်နယ်အချုပ်ထောင်သို့ ရွှေ့ပြောင်းခဲ့သောတရုတ်ငါးဖမ်းသမားများသည် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားခဲ့လျှင် ထောင်ဒဏ် ၁၂ နှစ်မှ ၂၀ နှစ်အထိ ကျခံရဖွယ်ရှိသည်။ သို့သော် တရားရုံး တွင် စစ်ဆေးနေစဉ်အတွင်း တစ်ဦးလျှင် ပီဆို ၁၅၀၀၀၀ (ဒေါ်လာ ၃၄၀၀)စီ အာမခံငွေတင်၍ အချုပ်လွတ်ထုချေခွင့်ရယူနိုင်သည်။

၎င်းတို့ကိုတွေ့ဆုံမေးမြန်းရန်နှင့် ၎င်းတို့ဆောလျင်စွာလွတ်မြောက်စေရန် မနီလာမြို့ရှိ တရုတ်သံရုံးက သံတမန်တစ်ဦးကို ပါလာဝမ်သို့ စေလွှတ်ခဲ့သည်။ သို့သော် ၎င်းတို့သည် ဥပဒေလမ်းကြောင်းအတိုင်းသွားကြရမည်ဟု အာဏာပိုင်များက ပြောကြားသည်။ **ရိုက်တာ။**

မြို့တော်ဗန်ကောက်၌ ရှပ်နီတို့ စတင်ဆန္ဒပြ

ဗန်ကောက် မေ ၁၀

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ အစိုးရလိုလားသော ရှပ်နီဝတ် ဆန္ဒပြသူများက မေ ၁၀ ရက်မှစတင်၍ စုဝေးဆန္ဒပြမှုများကို ပြုလုပ်သွားမည်ဟု ထုတ်ပြန်ကြေညာထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါထရာ ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် လက်ရှိအစိုးရအဖွဲ့နေရာတွင် ပြည်သူများ၏ ရွေးချယ်တင်မြှောက်ခံရသူများမဟုတ်သည် ပုဂ္ဂိုလ်များ ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့ကို အာဏာအပ်နှင်းနိုင်ရန် အတိုက်အခံဆန္ဒပြသူများက ကြိုးပမ်းနေကြချိန်တွင် ရှပ်နီဝတ်ဆန္ဒပြသူများက အင်အားပြသရန် စီစဉ်ထားသည်။

မေ ၇ ရက် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ ဆုံးဖြတ်ချက်အရ ဝန်ကြီးချုပ် ယင်လပ်နှင့် ဝန်ကြီးကိုးဦးတို့ ရာထူးမှဖယ်ရှားခံခဲ့ရသည်။ အမျိုးသားလုံခြုံရေးကောင်စီ၏ ထိပ်တန်းအရာရှိကြီးတစ်ဦးကို ရာထူးနေရာအရွှေ့အပြောင်း ပြုလုပ်ခဲ့မှုအတွက် ယင်လပ်အပြစ်ရှိသည်ဟု တရားရုံးကဆုံးဖြတ်ခဲ့ပြီးနောက် နိုင်ငံရေးအကျပ်အတည်း ဆိုက်ရောက်လာသည်။

မြို့တော်ဗန်ကောက် အနောက်ဘက် ဆင်ခြေဖုံးဒေသများ၌ အစိုးရလိုလားသူများက စုဝေးဆန္ဒပြကြရန် စီစဉ်ထားရာ ရဲတပ်ဖွဲ့က တပ်ဖွဲ့ဝင်အင်အား ၃၀၀၀ ခန့်ကို ဖြန့်ကြက်ထားသည်။

ဒီမိုကရေစီအတွက် တိုက်ပွဲဝင်ရန် လူထုအင်အားစုစည်းရယူကာ အကြမ်းမဖက်ဘဲ ဆန္ဒပြသွားမည်ဟု ရှပ်နီဝတ် နိုင်ငံရေးလှုပ်ရှားသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**

ဘော့စနီးယားစစ်ပွဲကာလအတွင်း ပိတ်ထားခဲ့သည့် မြို့တော်ခန်းမကို ၂၂ နှစ်အကြာတွင် ပြန်လည်ဖွင့်လှစ်

ဆာရာယေဗို မေ ၁၀

လွန်ခဲ့သည့် ၂၂ နှစ်တာကာလက ဖြစ်ပွားခဲ့သည့် ဘော့စနီးယားစစ်ပွဲအတွင်း အမြောက်ဒဏ်သင့်ကာပျက်စီးသွားခဲ့သည့် ဆာရာယေဗိုမြို့တော်ခန်းမ အဆောက်အအုံအား ပြန်လည်ဖွင့်လှစ်သည့် အခမ်းအနားကို မေ ၁၀ ရက်တွင် ကျင်းပကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ (အောက်ပုံ)

၁၉၉၂ ခုနှစ်အတွင်းက ဘော့စနီးယားဆာ့ဘ်တပ်ဖွဲ့ဝင်များက မြို့တော်ဆာရာယေဗိုအား သိမ်းပိုက်ထားစဉ်အတွင်း မြို့တော်၏ ထင်ရှားသော အဆိုပါ အဆောက်အအုံမှာ စိန်ပြောင်းကျည်ဆန်များ ထိမှန်ပေါက်ကွဲ၍ မီးသင့်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

နှစ် ၁၀၀

ယင်းအဆောက်အအုံအတွင်း အမျိုးသားစာကြည့်တိုက် တည်ရှိသည်။ အဆိုပါအဆောက်အအုံအား ၁၉၁၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ပွဲမှစတင်ရေတွက်သော် နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း ပြန်လည်တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပထမကမ္ဘာစစ်ဖြစ်ပွားစေသည့် အကြောင်းအချက်တစ်ရပ်ဖြစ်သည့် ဩစတြီးယန်းအင်ပါယာ၏ အိမ်ရှေ့မင်းသား ဖရန့်စစ်ဖာဒီနန်သည် ၁၉၁၄ ခုနှစ်အတွင်းက လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

၎င်းသည် ၁၉၁၄ ခုနှစ် ဇွန်လ ၂၈ ရက်တွင် အဆိုပါအဆောက်အအုံ၌ သေနတ်ဖြင့်ပတ်ခတ်လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့သည်။ ၁၉ ရာစုနှစ်အတွင်းကပင် အထင်ကရ အဆောက်အအုံတစ်ခုဖြစ်ခဲ့သည် ဆာရာယေဗိုမြို့မှ မြို့တော်ခန်းမအဆောက်အအုံပြန်လည်ဖွင့်လှစ်ပွဲအခမ်းအနားကို မေ ၉ ရက်တွင် ကျင်းပပြီး ယင်းအဆောက်အအုံ၌ ဖြစ်ပျက်ခဲ့သော သမိုင်းဝင်ဖြစ်ရပ်များအား သုံးဖက်မြင် ရုပ်ပုံများဖြင့် ပြသခဲ့သည်။ **ဘီဘီစီ။**

ခရိုင်းမီးယားသို့ သမ္မတပူတင် သွားရောက်မှု အမေရိကန်၊ ဥရောပသမဂ္ဂ ပြစ်တင်ရှုတ်ချ

ဝါရှင်တန် မေ ၁၀

ခရိုင်းမီးယားဒေသသို့ ရုရှားသမ္မတ ဗလာဒီမာပူတင် သွားရောက်ခြင်းနှင့်ပတ်သက်၍ အမေရိကန်နှင့်ဥရောပသမဂ္ဂ(အီးယူ)တို့က မေ ၁၀ ရက်တွင် ပြစ်တင်ရှုတ်ချလိုက်သည်။ လွန်ခဲ့သည့် မတ်လအတွင်းက ရုရှားနိုင်ငံ၏ ပိုင်နက်နယ်မြေအဖြစ်သွတ်သွင်းခြင်းခံရသည့် ခရိုင်းမီးယားကျွန်းဆွယ်ဒေသသို့ ရုရှားသမ္မတ ပထမဆုံးအကြိမ်သွားရောက်ခဲ့သည့် ခရီးစဉ်လည်းဖြစ်သည်။

၁၉၄၅ ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုက နာဇီဂျာမနီအပေါ် အောင်ပွဲခံမှုအထိမ်းအမှတ်အဖြစ် ဆီဗက်စတိုပိုလ်ဆိပ်ကမ်းတွင် ရုရှားတပ်ဖွဲ့ဝင်များအား သမ္မတပူတင်က မိန့်ခွန်းပြောကြားသည့် အစီအစဉ်တစ်ရပ်ကို ကျင်းပခဲ့သည်။

သမ္မတပူတင်၏ ခရိုင်းမီးယားဒေသသို့ သွားရောက်ခြင်းကို ယူကရိန်းအစိုးရအဖွဲ့ကလည်း ဆန့်ကျင်ခဲ့ပြီး ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုအား ထိပါးခြင်းဖြစ်ကြောင်း ဝေဖန်ခဲ့သည်။ ခရိုင်းမီးယားဒေသသို့ ပူတင်သွားရောက်ခြင်းသည် ရန်စလှုံ့ဆော်ရာ ရောက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနကပြောကြားသည်။ **ဘီဘီစီ။**

ကျောင်းသူလေးများ ပြန်ပေးဆွဲခံရမှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ ရှုတ်ချ

လေဂို့စ် မေ ၁၀

နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုက ကျောင်းသူလေးများအား အစုအပြုံလိုက် ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက မေ ၁၀ရက်တွင် တစ်ခဲနက်ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပြန်ပေးဆွဲခံခဲ့ရသော ကျောင်းသူရာပေါင်းများစွာကို ပြန်လည်လွှတ်ပေးရန် အဆိုပါ စစ်သွေးကြွအုပ်စုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက တောင်းဆိုသည်။

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းဒေသ၌ ဧပြီလလယ်က ကျောင်းသူ ၃၀၀ ခန့်ကို ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ပြီး ယင်းမိန်းကလေးများကို ကျေးကျွန်အဖြစ် ရောင်းချသွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။

ကျောင်းသူလေးများ ပြန်လည်လွတ်မြောက်ရေးအတွက် ဆောင်ရွက်မည့် နိုင်ဂျီးရီးယားလုံခြုံရေးတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က လုံခြုံရေးဆိုင်ရာကျွမ်းကျင်သူများကို ယင်းနိုင်ငံသို့ စေလွှတ်ပေးလိုက်ပြီဖြစ်သည်။

ထိုစဉ်အတွင်း ပြန်ပေးဆွဲခံမိန်းကလေးများ၏ မိသားစုများနှင့်အတူ စစ်သွေးကြွအဖွဲ့ကို တောင်းဆိုမှုများပြုလုပ်နိုင်ရန် အမေရိကန်သမ္မတကတော် မီချဲလ်အိုဘားမားက ကမ္ဘာတစ်ဝန်းမှ ထင်ပေါ်ကျော်ကြားသူများနှင့်အတူ အင်တာနက်ရှိ လူမှုရေးကွန်ရက် ဝက်ဘ်ဆိုက်များကို အသုံးပြု၍ လှုပ်ရှားလျက်ရှိသည်။ **ရိုက်တာ။**

ကျောင်းသူများ ပြန်ပေးဆွဲခံရမှုကို အဘူဂျာမြို့ရှိ ပါလီမန်အဆောက်အအုံအနီး ကန့်ကွက်ဆန္ဒပြကြစဉ်။

❖ စာမျက်နှာ ၆ မှ

သီဟိုဠ်ရဟန်းတော် မောဂ္ဂလာနမဟာထေရ်သည် မိမိပြုစုသော အဘိဓာနပ္ပဒီပိကာခေါ် ပါဠိအဘိဓာန်၌ သူကရ၏ အမည်များကို အမျိုးမျိုးပေးရာ၌ "သူကရော(တု)ဝရဟော(ထ)" "ဝရာဟောသုကရေဂဇ"ဟူ၍ပါရှိလေသည်။ အသျှင်မောဂ္ဂလန်ထက် အလျင်ကျသောဗုဒ္ဓဝါဒီဖြစ်သည့် အမရသီမှဆရာကြီးသည် အမရကောယျအဘိဓာန်ကျမ်း၌ သုကရပုဒ်၏ ပရိယာယ်များကို ဝရဟော၊ သူကရော၊ ဃြရှိတီး၊ ကောပေး၊ ပေါတ္တိ၊ကိရ၊ ကိဋ္ဌိုး၊ ဒံသ်တြိ၊ ဃောန၊ သ်တဗ်ဓရောမ၊ ကြောဍော၊ ဘုဒရ၊ ဣတျိဟူ၍ပြခဲ့လေသည်။

"သူကရကန္ဒ" ခေါ်သော သစ်ဥသစ်ဖုသည်ရှိ၏။ ၎င်းကိုဝက်အမည်များစွာဖြင့် ခေါ်ဝေါ်၏။ သင်္သကရိုက်နှင့် ပါဠိသဒ္ဒါများအတိုင်းဆိုလျှင် သစ်မြစ်၊ သစ်ဥ၊ သစ်ဖုများမှာ အထီးအမကဲ့သို့ လိင်များရှိကြ၏။ သူကရီ သို့မဟုတ် သူကရသည် သစ်မြစ်၊ သစ်ဥကိုဆိုလိုသည်။

ပါဝါမြို့ စုန္ဒအိမ်တွင် ဗုဒ္ဓမြတ်စွာဘုရား ဘုဉ်းပေးသောသူကရခေါ် ဆိုသည့်အရာသည် ဝက်သားမဟုတ်၊ ထိုအရာသည် မြတ်စွာဘုရား၏ ဝေဒနာကိုတိုးစေ၍ အာယုသင်္ခါရကို ပြတ်စဲစေ၏ဟု ဂေါရက္ခပူမြို့တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆောင်ရွက်သွားသော ဆရာဝန်ကြီး ဟိုအေးကယူဆလေသည်။

သုကရကန္ဒသည် အရသာချို၏။ အဆင်းအားဖြင့် ဖြူးဖျော့သောအရောင်နှင့် နီသောအရောင်နှစ်မျိုးကို တွေ့ရ၏။ နီသောအရောင်ရှိသောအမျိုးမှာ ဘင်္ဂလားနယ်မှ ရန်ဂါးအလူခေါ် စားစရာနှင့် တူ၏။ ၎င်းမှ နို့နှင့်တူသော ပျစ်သောအစေးအရည်ရှိ၏။ အဖြူအမျိုးမှာ ထိုအစေးအရည်နည်း၏။ နှစ်မျိုးစလုံးပင် ပြုတ်လိုက်သောအခါ ၎င်းတို့၏အဖတ်ထဲတွင် အမျှင်များနှင့်တူသော အရာများပေါ်လာ၏။ အစာအိမ်ဓာတ်မီးညံ့သော သူများမှာ ၎င်းကိုစားမိလျှင် ပြင်းပြစွာ ဝမ်းဗိုက်နာတတ်၏။

သို့သော် စုန္ဒဒါယကာသည် သူ၏ကြီးမြတ်တော်မူလှသော ဆရာအရှင်မြတ်စွာဘုရားအား လှူသောဆွမ်းအား သစ်ဥ၊ သစ်ဖု သို့မဟုတ် သစ်မြစ်ကိုကျိုထားသည်ထက် အရသာရှိအောင် များစွာအမွှန်းတင်ပြင်ဆင်ထားဟန်တူ၏။ သို့ကြောင့်လည်း ၎င်းဆွမ်းဟင်းကို မြတ်စွာဘုရားသည် လွန်စွာချီးကျူးတော်မူပေ၏။

မဒ္ဒဝံဆိုသောစကား၏ ခတ်ရင်းမှာ ဖိနှိပ်ခြင်း၊ ထောင်းထုခြင်း၊ နပ်ခြင်းဟောမရ်ဒုဖြစ်၏။ သကရကန်ဥကို ပြုတ်၍သော်လည်းကောင်း၊ ကသေရုဥကို နွားနို့နှင့်ပျစ်အောင်ကျို၍သော်လည်းကောင်း၊ ပါရသ သို့မဟုတ် ပုဒင်တစ်မျိုးသည် သုကရမဒ္ဒဝံပင်ဖြစ်၏။

ထို့ကြောင့် သုကရမဒ္ဒဝံသည် သစ်ဥကိုနွားနို့ဖြင့် စီရင်ထားသည့် ပျော့ပျောင်းသော သက်သတ်လွတ် အစာသာလျှင် ဖြစ်ဟန်ရှိသည်။

ထိုအစာကို မြတ်စွာဘုရားအား သဗ္ဗညုတဉ္ဉာဏ်တော်ကို ရမည့်ဆဲဆဲ၌ ကပ်လှူသော ဂဏာနို့ဆွမ်းကဲ့သို့ပင် မဟာပရိနိဗ္ဗာန်စံတော်မူမည့်ဆဲဆဲ၌ ကပ်လှူသောအစာဖြစ်လေသည်။ သို့ကြောင့်ပင် ထိုအစာ နှစ်ရပ်ကို အသွင်တူ၊ အကျိုးတူဖြစ်သည်ဟု မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ဆိုချီးကျူးတော်မူပေသတည်း။

မြတ်စွာဘုရားပွင့်တော်မူသည်မှ ကာလတောင်တာကြာမြင့်လှသော ခေတ်တွင် လူဖြစ်၍ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူရာဒေသမှ ဝေးကွာသော အရပ်တို့တွင် နေထိုင်လျက်ရှိကြသော ကျွန်ုပ်တို့သည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ် နေထိုင်စားသောက်ပုံ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် အကြောင်းရင်းစသည်တို့ကို အရေးကြီးသလောက် လေးလေးစားစားရှိတတ်ကြပေမည်။ သို့ရာတွင် မြတ်စွာဘုရား၏ အသက်ရှင်နေရေးသည် ထိုခေတ်၏ အဖိုးထိုက်ရတနာကြီးတစ်ပါး ဖြစ်ပေရကား။ လူအပေါင်းတို့သည် မြတ်စွာဘုရားကိုသာလျှင် မျက်ခြည်မပြတ်ရှုမျှော်ဂရုပြု၍ နေကြကုန်ရာ၏။

မြတ်စွာဘုရား၏ အလောင်းတော်ကိုလည်း စကြဝတေးမင်း၏ အလောင်းတော်ကို သင်္ဂြိုဟ်ဘိသကဲ့သို့ သင်္ဂြိုဟ်ကြပြီးနောက် ရှစ်ပါးသော ဇကရာဇ်ပဒေသရာဇ်မင်းတို့သည် အလောင်းတော် တေဇောဓာတ်လောင်ပြီးနောက် မြတ်စွာဘုရားအား မိမိတို့၏ အမျိုးအနွယ်ဟုဆိုကာ "ပြာ"များကို ရရန်အလုအယက်တောင်းဆိုကြကုန်၏။ ထို့နောက် မြတ်စွာဘုရား၏ ဓာတ်တော်များကို စေတီပုထိုးများတွင် ဌာပနာလျက် ကိုးကွယ်ကြကုန်၏။ ဤကဲ့သို့ လမြတ်ကဆုန် မြတ်ဗုဒ္ဓ၏ ကြည်ညိုဖွယ် သတိရစရာအကြောင်းမျှကို ဖော်ပြပါသတည်း။ ။

၂၀၁၇ ခုနှစ်အတွင်း ကဒုံကနိသစ်တောကြိုးဝိုင်းတွင် ဒီရေတောစိုက်ခင်းဧက သုံးထောင်ခန့် စိုက်ပျိုးမည်

ဘိုကလေး မေ ၁၀

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဒီရေတောများ ပြန်လည်ထူထောင်ရေး စီမံကိန်းအရ ဘိုကလေးမြို့နယ် ပင်လယ်ကမ်းခြေဒေသရှိ ကဒုံကနိသစ်တောကြိုးဝိုင်းအတွင်း ဒီရေတောစိုက်ခင်းဧက သုံးထောင်ခန့်ကို ၂၀၁၇ ခုနှစ်အတွင်း စိုက်ပျိုးလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောကြီးများသည် မီးသွေးလုပ်ငန်း၊ ထင်းလုပ်ငန်းများကြောင့် ဆုံးရှုံးခဲ့ရသလိုဒေသအတွင်း ပင်လယ်ရေလုပ်ငန်းများ၏ သစ်ထုတ်ယူသုံးစွဲမှုများကြောင့်လည်းဒီရေတောကြီးများ ပျက်စီးခဲ့ရသည်။ ထို့ကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများကို ဘက်စုံစီမံ အုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် ပြန်လည် စိုက်ပျိုးပြုစုခြင်း စီမံကိန်းကို ၂၀၀၇ ခုနှစ်မှ စတင်အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်နေစဉ် ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် နာဂစ်မုန်တိုင်းက အမြစ်ပြတ်ဖျက်ဆီးလိုက်ပြန်သည်။ ဤကဲ့သို့ ဒီရေတောကြီးများ ပျက်စီးဆုံးရှုံးရခြင်းမှာ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများ၏ ပုံရိပ်နှင့် သဘာဝပတ်ဝန်းကျင် ဆုံးရှုံးမှုများပင်ဖြစ်သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသ ဒီရေတောကြီးများ ပြန်လည် စိုက်ပျိုးပြုစုခြင်း စီမံကိန်းကို နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး နောက်ပိုင်း ၂၀၁၃ ခုနှစ်အထိ ဆက်လက် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့အောင်မြင်စွာ အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်နိုင်သဖြင့် ဆက်လက်၍ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ JICA နှင့် ပူးပေါင်းကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဒီရေတောများပြန်လည်ထူထောင်ရေး စီမံကိန်းကိုဆက်လက် အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါ စီမံကိန်းအရ ဒေသအတွင်း မုန်တိုင်းအန္တရာယ်အကာအကွယ်ပေးနိုင်မည့်အပြင် ဒေသတွင်းဖြစ်ထွန်းရှင်သန်နိုင်မည့် ဒေသသစ်အမျိုးအစားများကို နာဂစ်မုန်တိုင်းဒဏ်လက်တွေ့ခံစားခဲ့ရသည့် ဘိုကလေးမြို့နယ် ပင်လယ်ကမ်းခြေဒေသရှိ ကဒုံကနိကြိုးဝိုင်းတွင် တည်ထောင်စိုက်ပျိုးလုပ်ကိုင်သွားမည်ဖြစ်သည်။ ထိုသို့စိုက်ပျိုးလုပ်ကိုင်မှုကို ကဒုံကနိကြိုးဝိုင်းအတွင်းရှိ အကွက်အမှတ် ၃၈၊ ၃၉၊ ၄၃နှင့် ၄၄အတွင်း ဒီရေတောစိုက်ခင်းဧရိယာ ဧက သုံးထောင်ခန့် စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် မုန်တိုင်းဒဏ်ခံအဆောက်အအုံများကိုလည်း ထပ်မံတည်ဆောက်ပေးသွားမည်ဖြစ်ပြီး မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုလည်း လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ထိုကဲ့သို့ မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောကြီးများကို ပြန်လည်စိုက်ပျိုး ထူထောင်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုကို ကာကွယ်နိုင်မည့်အပြင် ဒေသတွင်းသဘာဝပုံရိပ်များလည်း ပြန်လည်ဖြစ်ထွန်းလာကာ ရာသီဥတုမျှတခြင်း၊ ငါး၊ ပုစွန်နှင့် သစ်တောထွက်ပစ္စည်းများ ပေါများလာခြင်း စသည့် အကျိုးတရားများ ခံစားရရှိလာမည်ဖြစ်သဖြင့် လူမှုစီးပွားများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းသိရသည်။

မင်းသစ္စာလှိုင်(ကဒုံကနိ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၅-၂၀၁၆ (တနင်္ဂနွေနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀	"ငြိမ်းအေးမှုကို ရှာကြပါ" (အပိုင်း-၃) တရားတော် [ဆရာတော်ဓမ္မဒူတအရှင်သုဓမ္မ]
၁၀း၄၀	Japanese Video Topic (Eyeglass Capital Sabae Lead Innovations)
၁၂း၂၅	ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ "စကားအတတ်ပညာ"သင်တန်း
၅း၁၀	ဝေလှေ့ရိုးရာမမေ့သာ
၅း၃၅	Weekly Sports Diary
၆း၀၀	MRTV-4 သတင်း
၆း၁၅	Health Fix
၇း၁၀	Drive It
၇း၃၀	Fashion Week (Designer May Oo Maung) (Part-2)
၁း၂၀	World Of Knowledge (Man Hunt: Sharp Teeth Nomads)
၄း၃၀	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၅-၂၀၁၆ (တနင်္ဂနွေနေ့)

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - အချစ်ဦး
၆း၁၀	ဘဝကြေးမုံ
၆း၃၅	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မိုးကောင်းကင်သမားတော် (အပိုင်း-၁၅)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ပဟေဠိနန်းတော် -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေအောက်မြို့တော်" (အပိုင်း-၂) -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နတ်သမီးပုံပြင်" (အပိုင်း-၄၀)[ဇာတ်သိမ်း] -တရားတော်



ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်လမ်းဖွင့်လှစ်

နေပြည်တော် မေ ၁၀

ကျေးလက်မှသည် ဈေးကွက်ဆီသို့ ကုန်ထုတ်လမ်းများ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာနှင့် ကြံတဲစုကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် ဖြုတ်ခွဲကျေးရွာ အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကိုဖွင့်လှစ်ပေးခဲ့သည်။

ယခုဖွင့်လှစ်သော ကျေးရွာချင်းဆက်လမ်းမှ စပါး၊ ကြံ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဖရဲ အစရှိသော ထွက်ကုန်များကို ပုဗ္ဗသီရိတပ်ကုန်းဖွံ့ဖြိုးရေးလမ်းသို့ဆက်သွယ်၍ တပ်ကုန်း၊ ရေဆင်း၊ ပျဉ်းမနားမြို့များသို့ ပို့ဆောင်နိုင်မည်ဖြစ်၍ ဒေသခံများ ကျေနပ်ဝမ်းမြောက်ကြကြောင်း သိရသည်။

(ကိုကိုနေ)

ယမန်နှစ်က ဖျာပုံမြို့နယ်၌ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်(ရာပြည့်ပွဲ) ကျင်းပမှုကို တွေ့မြင်ရစဉ်

နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ ညောင်ရေသွန်းပွဲနှင့် မင်းညီနောင်လှည့်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ဖျာပုံ မေ ၁၀

မွန်လူမျိုးများ၏ ရာမညတိုင်း (၃၂) မြို့တွင်အပါအဝင်ဖြစ်သော ဖျာပုံမြို့ (ထမင်းဈေးမြို့)တွင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်အား ကျင်းပလာခဲ့သည်မှာ လာမည့်ကဆုန်လပြည့်နေ့တွင် နှစ်ပေါင်း(၁၀၁)နှစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲနှင့် တစ်ဆက်တည်း ကဆုန်ညောင်ရေသွန်းပွဲနှင့် မင်းညီနောင် လှည့်လည်ပွဲများပါ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ကြောင်း ထပ်မံသိရသည်။

" ဒီနှစ်က (၁၀၁)နှစ်မြောက် ကျင်းပမယ့်ဗုဒ္ဓပူဇနီယပွဲပါ။ ရာပြည့်ပွဲလိုပဲစည်စည်ကားကား ကျင်းပသွားမှာပါ။ အရင်နှစ်တွေတုန်းကတော့ တောင်ပိုင်းလူငယ်အဖွဲ့က ရုပ်ပွားတော် ခုနစ်ဆူပါ လှည်းတစ်စီး၊ မြောက်ပိုင်းမိသားစုအဖွဲ့က လှည်းတစ်စီး၊ ပင်လယ်ကျားပိုက်လုပ်ငန်းရှင်များအသင်းက လှည်းတစ်စီးနဲ့ စက်သုံးဆီလုပ်ငန်းရှင်များအဖွဲ့က လှည်းတစ်စီး စုစုပေါင်း လေးစီးခွဲပြီး မြို့ထဲကို လှည့်လည်အပူဇော်ခံပါတယ်။ ကဆုန်လဆန်း ၁၃ ရက်၊ ၁၄ ရက်ညပိုင်းနဲ့ လပြည့်နေ့နံနက်ပိုင်း (အရုဏ်ခံ)တွေမှာ လှည့်လည်ပါတယ်။ လပြည့်နေ့ညနေမှာ မကျီးတန်း (ရွှေတန်းရပ်)မှဦးဆောင်ပြီး ညောင်ရေသွန်းပွဲနဲ့ လပြည့်ကျော် ၁ ရက်နေ့ ညနေမှာ မင်းညီနောင်လှည့်ပွဲတွေကို တစ်ဆက်တည်းကျင်းပသွားမှာပါ"ဟု ကိုနိုင်ဝင်းထူး (ဝေယျာဝစ္စလူငယ်အဖွဲ့)က ပြောသည်။

"အခုကျင်းပမယ့် နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ၊ ညောင်ရေသွန်းပွဲနဲ့ မင်းညီနောင်လှည့်လည်ပွဲတွေက ကျွန်တော်တို့မြို့ရဲ့အထင်ကရ ရိုးရာပွဲတော်တွေပါ။ တာဝန်ရှိသူအဆင့်ဆင့်နဲ့ ညှိနှိုင်းပြီး အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပေးသွားမှာပါ။ နှစ်စဉ်လာရောက်ဖျော်ဖြေပေးနေကြတဲ့ ရုပ်ရှင်သရုပ်ဆောင်တွေနဲ့ နိုင်ငံကျော်အဆိုတော်တွေကို မေးကြည့်လိုက်ရုံနဲ့ ဖျာပုံနှစ်ကျိပ်ရှစ်ဆူပွဲဘယ်လောက်စည်ကားတယ်ဆိုတာသိနိုင်ပါတယ်။ အခုလိုဘာသာ၊ သာသနာ ရိုးရာအစဉ်အလာတွေကို နှစ်ပေါင်းများစွာ ဝိုင်းဝန်းထိန်းသိမ်းပေးကြတာ တွေ့ရတော့ဝမ်းသာကြည်နူးရပါတယ်။ နောင်ကိုလည်း ဆက်လက် ထိန်းသိမ်းပေးနိုင်ကြပါစေလို့ ဆုတောင်းပါတယ်"ဟု ဦးသန်းအောင်(နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ အတွင်းရေးမှူး)က ထပ်မံပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ဖော်ပြပါပွဲတော်များအပြင် ဖျာပုံနန်းတွင်းရာမပွဲ၊ ဗလိနတ်စာပွဲ၊ လှော်ကားကြီးပွဲ၊ မသိုးသက်န်းရက်ပွဲ၊ ထမနဲပွဲ စသည့်ရိုးရာပွဲတော်များ စဉ်ဆက်မပြတ်ဆောင်ရွက်လေ့ရှိကြောင်း သိရသည်။

(သပြေထွန်း)

နေပြည်တော်ဘူတာကြီးနှင့် လေဆိပ်တို့၌ Public Digital Library Service စက်တပ်ဆင်

နေပြည်တော် မေ ၁၀

လူငယ်များ ခေတ်နှင့်အညီ အွန်လိုင်းမှတစ်ဆင့် စာဖတ်ခြင်းကို ပိုမို နှစ်ခြိုက်လာကြခြင်းကြောင့် လူငယ်လူရွယ်တို့၏ စာဖတ်ရှိန် တိုးတက်မြင့်မားလာစေရန်နှင့် ခရီးသွားပြည်သူများအနေဖြင့် သွားရင်းလာရင်း စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက Public Digital Library Service စက်ကို မေ ၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ဘူတာကြီး မြေညီထပ်တွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်းကောင်း အသီးသီး တပ်ဆင်ပေးခဲ့သည်။ ထိုသို့ Public Digital Library Service စက်များ တပ်ဆင်ပေးခြင်းကြောင့် ပြည်သူများအနေဖြင့် Mobile Device များဖြစ်သည့် Laptop, iPad, Tablet, Android ဖုန်းများနှင့် Notebook များမှတစ်ဆင့် စာပေများကို ဖတ်ရှုလေ့လာနိုင်တော့မည် ဖြစ်သည်။ ထို Public Digital Library Service စက်တစ်လုံးသည် ၆၅၀ မီတာပတ်လည်သို့ Wifi စနစ် အသုံးပြု၍ စာအုပ်များဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

Public Digital Library Service ကိုအသုံးပြုရန်အတွက် အင်တာနက်ချိတ်ဆက်ထားရန် မလိုအပ်၍ မိမိ Phone နှင့် Tablet များရှိ အင်တာနက် DATA Switch ကို ပိတ်ထားပြီး Phone, Tablet နှင့် Notebook ရှိ Wifi Switch ကို On ၍ moi-pdls.net အမည်ရှိ Hotspot ကို Connect ပြုလုပ်ရပါမည်။ ထို့နောက် Web Browser Address Bar တွင် http;//moi-pdls.net ကို ရိုက်ထည့်လျှင် Library Page ပွင့်လာမည်ဖြစ်ပြီး မိမိဖတ်ရှုလိုသည့် စာအုပ်စာပေ အမျိုးအစားကို ဘယ်ဘက် Menu တွင် ရွေးချယ်ဖတ်ရှုနိုင်မည်ဖြစ်သည်။

စာအုပ်များတွင် Download Access ပေးထားသောစာအုပ်များနှင့် Read-Only Access ပေးထားသည့် စာအုပ်များဟူ၍ နှစ်မျိုးရှိမည်ဖြစ်ကာ Download Access ပေးထားသည့် စာအုပ်များကို Download ပြုလုပ်သိမ်းဆည်းထားနိုင်သော်လည်း Read-Only Access ပေးထားသည့် စာအုပ်များကိုမူ Public Digital Library Service စက်ဖြင့် ဆက်သွယ်မှုရှိနေသည့် ဧရိယာအတွင်း၌သာ တိုက်ရိုက်ဖတ်ရှုရမည်ဖြစ်သည်။ အသုံးပြုပုံအသေးစိတ်ကို စက်ထားရှိသည့်နေရာတွင် ဗီနိုင်းထုတ်၍ ကပ်ပေးထားကြောင်း သိရသည်။

အဆိုပါ PDLS စက်များကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လူစည်ကားရာနေရာများတွင်လည်း ဆက်လက်တပ်ဆင်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဇော်မင်းလွင်)**

အင်းလျားမြန်မာ Travels & Tours
မိုးရာသီ အထူးအစီအစဉ်
ဗန်ကော့ + ပတ္တရား (May 23) (၃ည ၄ရက်)
(May 23) (၂ည ၃ရက်)
(May 23) (၂ည ၃ရက်)
(May 23) (၂ည ၃ရက်)
93/B, 2nd Floor, Baho Road, Bet Thantadar Street & Tayokekyaung Street, Sanchaung Tsp, Yangon 01-518142, 01-505338 (Hotline- 09- 422548616)

အင်းလျားမြန်မာ Travels & Tours
မိုးရာသီ အထူးအစီအစဉ်
စင်ကာပူ (May 23/June) USD 860
စင်ကာပူ + (May 23/June) USD 1050
(May 23/June) USD 2130
93/B, 2nd Floor, Baho Road, Bet Thantadar Street & Tayokekyaung Street, Sanchaung Tsp, Yangon 01-518142,01-505338 (Hotline- 09- 422548616)

MINI BUS (County)
(Long Body)
25 စီး များရောင်းရန် ရှိသည်
Call: 09-30193 892 , 09-53111 73

တိုက်ခန်းငှားမည်
ဂလွှာ၊ ဗညားဒလလမ်း Yuzana Plaza အနီး၊ (စပေါ်) ပေ(၁၅×၉၀)
ဖုန်း-၂၀၆၁၄၈

G.G.G Co.,Ltd.

တိုက်စစ်မှူးတစ်ဦး ခေါ်ယူမည်ဖြစ်ကြောင်း မော်ရင်ဟိုပြောကြား

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီတွင် ဖလားလက်မဲ့ဖြင့် ရာသီကုန်ဆုံးခဲ့ခြင်းကြောင့် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းအတွက် တိုက်စစ်မှူးတစ်ဦး ခေါ်ယူသွားမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းမှ ထွက်ခွာကာ ခြောက်နှစ်ကြာ လက်တွဲဖြုတ်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဇွန်လတွင် ချယ်လ်ဆီးအသင်းသို့ ပြန်လည်ရောက်ရှိလာခဲ့သော်လည်း ၎င်း၏ ချယ်လ်ဆီးအသင်းကို ပြန်လည်ကိုင်တွယ်သည့် ပထမရာသီတွင် ဖလားလက်မဲ့ရာသီဖြစ်ခဲ့ရပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားတွင်လည်း အဆင့်(၃)နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်တွင် စပိန်လာလီဂါကလပ်အက်သလက်တီကို မက်ဒရစ် အသင်းအား ရှုံးနိမ့်ကာ ချယ်လ်ဆီးအသင်း ဥရောပပြိုင်ပွဲမှထွက်ခဲ့ရခြင်းသည် မော်ရင်ဟို၏ နည်းပြဘဝတွင် ဥရောပ၌ စိတ်ပျက်ဖွယ်ရှုံးနိမ့်မှုလည်း ဖြစ်ခဲ့ရသည်။ လက်ရှိချယ်လ်ဆီးအသင်း၏ တိုက်စစ်ပိုင်းတွင် အီတိုး၊ ဖာနန်ဒိုတောရက်စ်နှင့် ဒမ်ဘာဘာတို့ ရှိနေခဲ့သော်လည်း အဆိုပါကစားသမားသုံးဦး၏ စုစုပေါင်းသွင်းဂိုးသည် ယခုနှစ်ဘောလုံးရာသီတစ်ခုလုံးတွင် ၁၈ ဂိုးသာ ရှိခဲ့သည်။ ချယ်လ်ဆီးအသင်း ပရီမီယာလိဂ်အမှတ်ပေးဇယား တတိယနေရာ၌ ရပ်တည်လာခဲ့မှုတွင် ကွင်းလယ်ကစားသမားများနှင့် နောက်တန်းကစားသမားများ၏ အနိုင်ဂိုးအများအပြားပါဝင်ခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုအနေဖြင့် လိုအပ်နေသည့် တိုက်စစ်ပိုင်းကို ထပ်မံအားဖြည့်ရန် အက်သလက်တီကိုမက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဒီယေဂိုကော်စတာအား ပစ်မှတ်ထားလျက်ရှိပြီး ယူရို ၄၂ သန်းဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ပေါင်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် မက်ဒရစ်အိုးပင်းမှ ဆရီနာဝီလျံထွက်ခဲ့ရ

ကမ္ဘာ့နံပါတ်တစ်နှင့် လက်ရှိ မက်ဒရစ် အိုးပင်းတင်းနစ်ချန်ပီယံ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် ပေါင်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် မက်ဒရစ် အိုးပင်းတင်းနစ်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိတင်းနစ်မယ်ဆရီနာဝီလျံသည် ဘယ်ဘက်ပေါင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် မက်ဒရစ်အိုးပင်းမှ ထွက်ခဲ့ရသော်လည်း လာမည့်သီတင်းပတ်ထဲတွင် ယှဉ်ပြိုင်ကစားမည့် အီတလီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပြန်လည်ပါဝင်လာရန်ရှိနေပြီး မေ ၂၅ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် ၎င်း၏ လက်ရှိချန်ပီယံဘွဲ့ကို ဆက်ခံမည်ဖြစ်ကြောင်းလည်း သိရသည်။

ဆရီနာဝီလျံသည် ကွာတားဖိုင်နယ်သို့ မရောက်ရှိမီ တရုတ်တင်းနစ်မယ် ဆူအီပန်နှင့် စပိန်တင်းနစ်မယ် ကာလာဆွာရတ်ဇ်တို့အား အနိုင်ရရှိခဲ့သည်။

ဆရီနာဝီလျံသည် မက်ဒရစ် အိုးပင်းပထမအဆင့်မှာပင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဗစ်တိုဗာနှင့် ကစားရမည့် ကွာတားဖိုင်နယ်တွင် ယှဉ်ပြိုင်ကစားနိုင်စွမ်းမရှိခဲ့ခြင်းကြောင့် ၎င်းနှင့် ကစားရမည့် ဗစ်တိုဗာသည် ကွာတားဖိုင်နယ်ကို အလိုအလျောက်ကျော်ဖြတ်ကာ နောက်တစ်ဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် ဆီမိုနာဟာလပ်နှင့် ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့သည်။

ဆီရီနာဝီလျံ ပြိုင်ပွဲမှထွက်ခွာခဲ့ရသော်လည်း ရုရှားတင်းနစ်မယ် ရှာရာပိုဗာမှာမူ တရုတ်တင်းနစ်မယ် လီနာအား ၂-၆၊ ၇-၆(၅)၊ ၆-၃ ဖြင့် အနိုင်ရရှိကာ မက်ဒရစ်အိုးပင်း ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

အမျိုးသားပြိုင်ပွဲတွင်မူ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် အဆင့်(၆)နေရာရှိသော မက်ဘာဒိုက်အား အနိုင်ရရှိခဲ့ပြီး မက်ဒရစ်အိုးပင်းဆီမီးဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့သည်။ ထို့ကြောင့် ရာဖေးလ်နာဒယ်သည် နောက်တစ်ဆင့်တွင် ဘောက်စတီတာအေးဂတ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ငွေကြယ်

© Getty Images

ကျန်းမာရေး

နေ့စဉ်ကော်ဖီသောက်ခြင်းက ဆီးချိုရောဂါအမှတ်(၂)ကို ကာကွယ်

"ကော်ဖီကို ရံဖန်ရံခါမှ သောက်သူထက်စာရင် ကော်ဖီကို နေ့စဉ် ပုံမှန်သောက်သူများက ဆီးချိုရောဂါ အမှတ်(၂) ဖြစ်နိုင်ခြေ အလားအလာနည်းပါးနိုင်တယ်" လို့ ပြင်သစ်နိုင်ငံအခြေစိုက် AFP သတင်းဌာနမှ ဧပြီ ၂၄ ရက်က သတင်းထုတ်ပြန်သွားခဲ့ပါတယ်။

ဆီးချိုရောဂါအမှတ်(၂)ဆိုတာ ခန္ဓာကိုယ်ထဲမှာ အင်ဆူလင်ကို တုံ့ပြန်နိုင်အား ကျဆင်းလာတဲ့အတွက် အင်ဆူလင် မလိုအပ်ဘဲ အင်ဆူလင်ကိုတုံ့ပြန်ပေးနိုင်စွမ်းသော ဆေးဝါးများလိုအပ်ခြင်းကြောင့် ဖြစ်တဲ့ရောဂါတစ်မျိုးပါ။ ပျမ်းမျှ အသက်(၃၅)နှစ်အထက်မှာ စဖြစ်လေ့ရှိပြီး သွေးတိုး၊ နှလုံးရောဂါတို့နဲ့ ဆက်စပ်နေပါတယ်။ သက်ကြီးပိုင်းဖြစ်လေ့ရှိတဲ့ ဆီးချိုရောဂါ၏ ၉၀ ရာခိုင်နှုန်းခန့်က ထိုဆီးချိုရောဂါအမှတ်(၂)ပဲဖြစ်ပါတယ်။

ယခုလို ကော်ဖီနှင့် ဆီးချိုရောဂါဆက်စပ်မှု သုတေသနကို Diabetologia အသင်းအဖွဲ့က ကျန်းမာရေးဝန်ထမ်း ဦးရေ ၁၂၀၀၀၀ ကျော်နှင့် လေ့လာစမ်းစစ်ခဲ့ပါတယ်။ လေးနှစ်ကြာမျှ ကော်ဖီသောက်လာခဲ့ကြသူများဖြစ်ကြသော ထိုကျန်းမာရေးဝန်ထမ်းများကို အုပ်စုနှစ်စုခွဲ၍ လေ့လာကြည့်တဲ့အခါမှာ (က)တစ်နေ့ကို ကော်ဖီပျမ်းမျှ တစ်ခွက် (သို့မဟုတ်) တစ်ခွက်ခွဲသောက်လေ့ရှိသူဟာ ဆီးချိုရောဂါအမှတ်(၂)ဖြစ်နိုင်ခြေအလားအလာ ၁၁ ရာခိုင်နှုန်းနည်းပါးကြောင်း၊ (ခ) တချို့နေရာတွေမှာ ပုံမှန်သောက်နေကျ တစ်ခွက်ထက်ပို၍ နှစ်ခွက်တိတိသောက်တတ်သူများဟာ ဆီးချိုရောဂါအမှတ်(၂)ဖြစ်နိုင်ခြေအလားအလာ ၁၈ ရာခိုင်နှုန်းထိနည်းပါးသွားကြောင်း၊(ဂ) ဘော့စတွန်မြို့ရှိ the Harvard School of Public Health မှ Shilpa Bhupathiraju ဆိုသူက ထိုသုတေသနကို ဦးဆောင်သူဖြစ်ကြောင်း the European Association for the Study of Diabetes(ခေါ်) ဆီးချိုရောဂါလေ့လာစောင့်ရှောက်ရေး ကျန်းမာရေးဂျာနယ်တစ်စောင်မှာ ယခုလို အကျယ်တဝင့်ဖော်ပြထားပါတယ်။

၎င်းရဲ့အဆိုကို the Science Media Centre မှကျွမ်းကျင်သူများကလည်း အတည်ပြုထောက်ခံထားကြပြီး ကော်ဖီတစ်ခွက်နေ့စဉ်သောက်သင့်ပြီး တချို့နေရာတွေမှာ နှစ်ခွက်သောက်ခြင်းဖြင့် ဆီးချိုရောဂါဖြစ်မလာအောင် ထိန်းထားနိုင်တယ်လို့ ထပ်လောင်းအကြံပြုထားပါတယ်။

သို့သော် အထက်ပါသုတေသနပြုချက်ထဲမှာတော့ လက်ဖက်ရည်နှင့် decaffeinated coffee(ခေါ်) ကဖင်းဓာတ်မပါတဲ့ ကော်ဖီအမျိုးအစားတွေကို မဆိုလိုပါဘူးတဲ့။ အကယ်၍ လက်ဖက်ရည်နှင့် decaffeinated coffee တို့ကိုစွဲသောက်တဲ့အခါမှာတော့ သွေးထဲမှာသကြားဓာတ်တွေများလာပြီး ဆီးချိုအမှတ်(၂)ဖြစ်စေတဲ့အပြင် အဝလွန်ရောဂါပါ ဖြစ်လာစေနိုင်တယ်လို့ ဆိုပါတယ်။

[တင်ထက်ထက်ဇော်]



ဝန်ထမ်းအမြန်အလိုရှိသည်
Royal Express Services
(က)
(၁)

ဝန်ထမ်းအလိုရှိသည်

အတွင်းခံ လက်ကားဖြန့်ချိရေးတွင် တာဝန်ထမ်းဆောင်ရန် မန်နေဂျာ(၁)ဦး အလိုရှိသည်။ လုပ်ငန်းကျွမ်းကျင်မှုရှိရမည်။ အသက်(၂၅)နှစ်မှ (၄၀)အတွင်း လစာ(၈၀၀၀၀ဝိ/-)ဝန်းကျင်

အိမ်အမှတ်(၁၆)၊ ၈၄ လမ်း၊ ၂၃ × ၂၄ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၅၀၈၀၀၀၆၉

၂-၅-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာပါ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပေါ် ရှင်းလင်းကန့်ကွက်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးသန်းနိုင်[၁၂/ကမရ(နိုင်)၀၄၁၅၇၇]နှင့် ဒေါ်စန်းမြိုင်[၁၂/မရက(နိုင်)၀၂၀၈၅၀]တို့နှစ်ဦးသည် တရားလိုပြုလုပ်ပြီး ဒေါ်ရီရီဝင်း[၁၂/တတန(နိုင်)၀၃၇၂၇၇]အပေါ်၌ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမ အထွေထွေလျှောက်ထားမှုအမှတ်-၇/၂၀၁၂တွင် ၎င်းအား ထုတ်ပေးထားသည့်အမွေထိန်းလက်မှတ်စာကို အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၆၃အရ အမွေထိန်းသက်သေခံလက်မှတ်စာကို နုတ်သိမ်းပေးစေလိုမှုဖြင့် တရားမကြီးမှုအမှတ်-၄၈၂/၂၀၁၃၊ ၄၈၃/၂၀၁၃ အမှု(၂)မှုကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ တစ်မှုစီခွဲ၍ စွဲဆိုထားပြီး ၂၀-၅-၂၀၁၄ ရက်သို့ ရုံးချိန်း ချိန်းဆိုထားပါသည်။ သို့ဖြစ်ရာ အမွေထိန်းလက်မှတ်စာပါ မရမ်းကုန်းမြို့နယ်၊ ၂ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၁၂) ဟုလိပ်စာတွင်ရာတွင်ရှိသည့် မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/သမိုင်း၊ မြေကွက်အမှတ်-၅/ဟ၊ ဒေါ်ကြည်ကြည်ဝင်း အမည်ပေါက် မြေပိုင်မြေ၊ လ/န-၃၉ မြေကွက်နှင့်စပ်လျဉ်း၍ ရောင်းချရန်အလို့ငှာ ဒေါ်ရီရီဝင်း၏ မြေပုံမြေရာဇဝင်ကူးယူခြင်းအတွက် ကန့်ကွက်ရန်ကြော်ငြာထည့်သွင်းထားခြင်းတွင် လျှောက်ထားသည့်အတိုင်း ခွင့်ပြုသင့်၊ မသင့်ကို သက်ဆိုင်ရာ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒေါ်ရီရီဝင်းနှင့်သက်ဆိုင်သူများသိစေရန် ကန့်ကွက်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မိုးသူ(စဉ်-၈၅၂၁) ဦးဝင်းမြင့်(လက်ပံတန်း)(စဉ်-၄၇၈၇)

တရားလွှတ်တော်ရှေ့နေများ

အမှတ်-၅၀၊ ပ-ထပ်၊ (အခန်းဘီ-၂)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၃၁၅၄၆၅၁၊ ၀၉-၄၉၅၈၆၂၇၅

သင့်သွေးဖြင့် အသက်ကယ်ပါ

သုံးခွဥ္ဒ ဒိုင်နာယာဥ် အရှိန်လွန်တိမ်းမှောက်

သုံးခွ မေ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုလဲကျေးရွာအနီး မိုင်တိုင်အမှတ်(၅၅/၆) နှင့် (၅၅/၇) အကြား မေ ၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က သုံးခွ မြို့နယ်မှ သန်လျင်မြို့နယ်ဘက်သို့ ယာဥ်မောင်း သက်ဝေလင်း ဒေါပုံမြို့နယ်နေသူ မောင်းနှင်လာသော 6G--- ဒိုင်နာ (အဖြူရောင်) ယာဥ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ခြမ်းသို့ တိမ်းမှောက်သွားကြောင်း သိရသည်။

ယာဥ်တိမ်းမှောက်မှုကြောင့် ယာဥ်မောင်း သက်ဝေလင်းနှင့်အတူ သာကေတမြို့နယ်နေသူ ဦးတင်ဝင်းတို့နှစ်ဦးမှာ ဦးခေါင်းကွဲအက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး အတူပါ ထွန်းနိုင်ဝင်း မင်္ဂလာတောင်ညွန့်မြို့နယ်နေသူမှာ ဒဏ်ရာများရရှိခဲ့၍ သုံးခွမြို့နယ် ပြည်သူ့ဆေးရုံသို့ တက်ရောက် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

အဆိုပါ ယာဥ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ သုံးခွမြို့နယ် မြို့မရဲစခန်းက (ပ) ၁၅/၂၀၁၄၊ ပုဒ်မ ၃၃၈၊ ပုဒ်မ ၃၀၄(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(၈၇)**

ရေသန့်တင်ယာဥ်အရှိန်လွန်ပြီး လမ်းဘေးဓာတ်တိုင်ဝင်တိုက်

နေပြည်တော် မေ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အမှတ်(၁)ဂိတ်ရှေ့တွင် မြစ်ပေါင်းလောင်း သောက်ရေသန့် တင်ဆောင်လာသော ယာဥ်အမှတ် ၇င/. . . Isuzu 4.8 ယာဥ်တစ်စီးသည် ပလက်ဖောင်းပေါ်သို့တက်၍ ဓာတ်တိုင်ကို ဝင်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဥ်မှာ မေ ၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ပျဥ်းမနား-တောင်ညို လမ်းမကြီးပေါ်တွင် တောင်ညိုမှ ပျဥ်းမနားဘက်သို့ မြစ်ပေါင်းလောင်း သောက်ရေသန့်များ တင်ဆောင်လာသော ယာဥ်မောင်း ကျော်သက်ထွန်း အသက်(၂၇)နှစ် မောင်းနှင်လာသည့် ယာဥ်သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ် (၁)ရှေ့ ပလက်ဖောင်းပေါ်သို့တက်၍ လမ်းမီးတိုင်အား ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါယာဥ်ပေါ်တွင်ယာဥ်မောင်းသူအပါအဝင်လေးဦး လိုက်ပါလာပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ အဆိုပါ ယာဥ်တိုက်မှုအား သက်ဆိုင်ရာ နယ်မြေရဲစခန်းက စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**

နိုင်ငံတကာ သတင်းဂျာနယ်

စာတည်းမှူးထံ ရောက်ရှိလာသော ပေးစာများ

လျှပ်စစ်မီးတိုင်လဲလှယ်ပေးစေချင်

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် နယ်မြေ (၁၄) နီလာ (၁)လမ်းနှင့် (၂)လမ်းထောင့်ရှိ ဒစ်ဂျစ်တယ်မီတာပုံးများ ချိတ်ထားသော လျှပ်စစ်ဓာတ်မီးတိုင်မှာ အောက်ခြေအက်ကွဲနေပြီး စောင်း၍ လဲတော့မည်ဖြစ်သဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးလဲလှယ်ဆောင်ရွက်ပြုပြင်ပေးနိုင်ပါရန် အသိပေးတင်ပြအပ်ပါသည်။

[ရပ်ကွက်သားများ]

တရားမဝင် သားသတ်လုပ်ငန်းအား ဖယ်ရှားပေးစေချင်

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် သံဒင်း(၂၀) ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးဘေးတွင် သားသတ်လိုင်စင်မရှိဘဲ ကြက်/ဘဲများသတ်၍ ရောင်းဝယ်ရေးဒိုင်အဖြစ် ပြုလုပ်နေသောကြောင့် အနံ့အသက်ဆိုးရွားပြီး အသံများဆူညံ၍ အိမ်နီးချင်းများ စိတ်အနှောင့်အယှက်ဖြစ်စေသောကြောင့် သက်ဆိုင်ရာလူကြီးများမှ ကူညီဖြေရှင်းပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

[လမ်းသူလမ်းသားများ]

အမှိုက်ကန်အား ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး မျက်နှာစာရှေ့တည့်တည့်ရှိ (စျ-ရပ်ကွက်အတွင်းရှိ) အမှိုက်ကန်မှ အမှိုက်များသည် အနံ့ဆိုးများထွက်ရှိခြင်း၊ အမှိုက်များသည် မဓာဝီလမ်းမကြီးပေါ် တစ်ဝက်ကျော်ရောက်ရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင်နေထိုင်သော သက်ကြီးရွယ်အိုအဘိုးအဘွားများ ကျန်းမာရေးထိခိုက်ခြင်း၊ ဈေးသွား ဈေးလာများ၊ ဆွမ်းခံကြွဘုန်းတော်ကြီးများ များစွာအနှောင့်အယှက်ဖြစ် ခြင်းတို့ကြောင့် အဆိုပါ အမှိုက်ကန်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

[အနံ့ဆိုးခံစားနေရသူများ]

အမှိုက်ပုံအား ပြောင်းရွှေ့ဖယ်ရှားပေးစေလို

မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းမပေါ် (၈၇)လမ်းထိပ်တွင် အမှိုက်များကို စည်းကမ်းမဲ့စွာ နေ့စဥ်လာရောက်စုပုံထားရာ ထိုအမှိုက်ပုံမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် အနီးအနားပတ်ဝန်းကျင်ရှိ လမ်းသွားလမ်းလာများ၊ အနီးပတ်ဝန်းကျင်ရှိပြည်သူများအတွက် များစွာအနှောင့်အယှက်ဖြစ်ရပါသည်။ မြန်မာ့ဂုဏ်ရည်လမ်းမကဲ့သို့ လူသွားလူလာများသော လမ်းမကြီးပေါ်တွင် ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့် မကိုက်ညီသော ယင်းစည်းကမ်းမဲ့အမှိုက်ပုံကို သက်ဆိုင်ရာတာဝန်ရှိသူများမှ အခြားလွတ်ကင်းရာနေရာသို့ အမြန်ဆုံးပြောင်းရွှေ့ဖယ်ရှားပေးပါရန်တင်ပြအပ်ပါသည်။

[စည်းကမ်းရှိစေလိုသူ]

ရပ်ကွက်အတွင်း မီးစက်သံဆူညံ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၉) ရပ်ကွက် အင်ကြင်းမြိုင်လမ်းရှိ အိမ်တစ်အိမ်တွင် အလွန်ဆူညံသော မီးစက်ကြီးကို နေ့စဥ်ညနေ ၆ နာရီမှ ည ၁၀ နာရီအထိဖွင့်၍ အခကြေးငွေယူကာ ကိုယ်ကျိုးစီးပွားရှာနေပြီး အလွန်ဆူညံလွန်းသော မီးစက်သံကြောင့် ကျောင်းသား ကျောင်းသူ၊ နာမကျန်းသော လူမမာများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အလုပ်သမားများမှာ စာကျက်၍ မရ၊ အိပ်၍မရ ဖြစ်နေသည့်အပြင် ပူပြင်းခြောက်သွေ့လွန်းသော နွေရာသီတွင် မီးဘေးအန္တရာယ်ကိုလည်း စိုးရိမ်နေရပါသဖြင့် အမြန်ဆုံးအရေးယူပေးပါရန် တင်ပြအပ်ပါသည်။

[ဆူညံသံနားမခံနိုင်သူများ]

နောက်ဖေးလမ်းကြားပိတ်၍ စီးပွားရှာနေ

ပုဇွန်တောင်မြို့နယ် (၇) ရပ်ကွက် ကွက်သစ်လမ်းနှင့် ရေကျော်လမ်းကြား (YMBA နောက်ဘက်) လမ်းကြားတွင် စားသောက်ဆိုင်တစ်ဆိုင်မှာ နောက်ဖေးလမ်းကြားကိုပိတ်ဆို့လုပ်ကိုင်နေပါသည်။ အဆိုပါလုပ်ငန်းကြောင့် ရေမြောင်းများပိတ်ဆို့ခြင်း၊ အမှိုက်များ စုပုံခြင်း၊ ညဘက်အိပ်မရခြင်းများအပြင် မိုးရာသီရောက်လျှင် ရောဂါအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သောကြောင့် သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

[ရပ်ကွက်သားများ]

GOLDEN STAR
ကျိုက်ထီးရိုး
ရောင်းသာ
ငွေဆောင်
Ph: 209200, 430480, 544383

ဦးလှမြင့် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား သဒ္ဒါနှင့်အရေးသင်တန်းများ
Guide

အာရှနဂါး
ချောင်းသာ/ငွေဆောင်
Ph : 703790,09-861-9008
707062,09-861-7770

စာအုပ်စာပေ လှူမိတ်ဆွေ

FLOWER NEWS
တနင်္ဂနွေနေ့တိုင်း ထွက်ပြီ
(Hot Line)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ အမှတ်(၂/၄)နေ
ဦးအောင်မြင့်ဦး-ဒေါ်ခင်ဆွေမြင့် တို့၏သားကြီး
မောင်ဆွေငြိမ်းအောင်
B.Sc(Geology)
(ဒု-လက်ထောက် အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ၊ အမှတ်(၄၁)နေ
ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)-ဒေါ်အေးအေးသိန်းတို့၏သမီး
မချောဆုမွန်ဝင်း
B.Sc(Phys:)Diploma in Korean
(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)

တို့၏ ၁၀-၅-၂၀၁၄ရက်(စနေနေ့) CHATRIUM HOTEL ROYAL LAKE တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)နှင့်ဇနီးဒေါ်ခင်နှင်းဝေ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သီရိပျံချီဗိုလ်ချုပ်စိန်ထွား(ငြိမ်း)နှင့် ဇနီးဒေါ်ခင်အေး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်သော မရှင်မိုးမြင့်ထွေး၊ မင်္ဂလာပန်းကြဲပေးပါသော မအိသဥ္ဇာဝင်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမီမီဟန်ထွန်းနှင့် မမေသူအောင်၊ မင်္ဂလာသတို့သား၊ သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးပါသော မောင်မင်းပြည့်စုံသန့်၊ မောင်သော်ဇင်ရှိုင်း၊ မနှင်းလဲ့ရည်ဦး၊ မယမုံ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သီရိပျံချီဗိုလ်ချုပ်ကက်စိန်(ငြိမ်း)နှင့်ဇနီးဒေါ်ယဥ်ယဥ်မြင့်၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ အငြိမ်းစားသံအမတ်ကြီးဗိုလ်မှူးချုပ်နေဝင်း(ငြိမ်း)နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဆွေငြိမ်းအောင်-မချောဆုမွန်ဝင်း

ယှဉ်ပြိုင်မှု ဥပဒေကြမ်း

ယှဉ်ပြိုင်မှု ဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၆ ခုနှစ်၊ လ ရက်
(၂၀၁၄ ခုနှစ်၊ လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ယှဉ်ပြိုင်မှုဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံ ယှဉ်ပြိုင်မှု ကော်မရှင်ကို ဆိုသည်။
(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။
(င) **ယှဉ်ပြိုင်မှု** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင် ဆောင်ရွက်စေခြင်းနှင့် ဈေးကွက်အတွင်း တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစား မှုကြောင့် အများပြည်သူတို့၏ အကျိုးစီးပွားထိခိုက်နစ်နာခြင်းမှ တားဆီး ကာကွယ်စေခြင်းဖြင့် မျှတသော ယှဉ်ပြိုင်မှုဝန်းကျင်တစ်ရပ် ဖြစ်ထွန်း ပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။
(စ) **ယှဉ်ပြိုင်မှုမူဝါဒ** ဆိုသည်မှာ ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှု တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေးနှင့် စားသုံးသူများကို လက်ဝါးကြီး အုပ်ဆောင်ရွက်မှုမှ တားဆီးကာကွယ်နိုင်ရေးတို့အတွက် ထုတ်လုပ်မှု ၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုး သက်ရောက်စေရန် နိုင်ငံတော်က ချမှတ်လုပ်ဆောင် သောမူဝါဒများကို ဆိုသည်။
(ဆ) **ယှဉ်ပြိုင်မှုကို ထိန်းချုပ်သောဆောင်ရွက်ချက်** ဆိုသည်မှာ ဈေးကွက် အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကိုလျော့နည်းစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန် လုပ်ဆောင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ယှဉ်ပြိုင်မှုကို ထိန်းချုပ်သည့် သဘောတူညီချက်များ၊ ဈေးကွက်အတွင်းရှိ လွှမ်းမိုးထားသည့် အခြေအနေအပေါ် အခွင့် အရေးယူ၍ အလွဲသုံးစားမှုပြုခြင်းနှင့် တစ်ဦးတည်း လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းတို့ပါဝင်သည်။
(ဇ) **မျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာဆောင်ရွက်ချက်** ဆိုသည်မှာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏အကျိုး စီးပွားကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် စားသုံးသူတို့၏ တရားဝင်ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုဖြစ်စေ ထိခိုက်စေသော သို့မဟုတ် ထိခိုက်စေနိုင်သော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင် ရွက်ချက်များကို ဆိုသည်။
(ဈ) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ် အရ ခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။
(ည) **ကုန်စည်** ဆိုသည်မှာ ကုန်သွယ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း သို့မဟုတ် စားသုံးခြင်းပြုသော ပစ္စည်းကို ဆိုသည်။
(ဋ) **ဝန်ဆောင်မှု** ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးသော လုပ်ငန်းကို ဆိုသည်။ ယင်းစကား ရပ်တွင် အစိုးရအဖွဲ့က ဝန်ဆောင်မှုဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။
(ဌ) **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ် အရ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်သော သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သောကုမ္ပဏီ၊ အစုစပ် လုပ်ငန်း၊ ဖက်စပ်လုပ်ငန်း၊ အသင်းသို့မဟုတ် အဖွဲ့အစည်းကို ဆို သည်။
(ဍ) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်းစသည့် လုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ်ကိုလုပ်ကိုင်သော ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းလည်းပါဝင်သည်။
(ဎ) **ဈေးကွက်** ဆိုသည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုများအား ရောင်းလိုသူနှင့် ဝယ်လိုသူတို့အကြား ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်သောနေရာ ဝန်းကျင်ကို ဆိုသည်။
(ဏ) **ဈေးကွက်ဝေစု** ဆိုသည်မှာ ဈေးကွက်၏ စုစုပေါင်း ရောင်းချနိုင်သော ပမာဏတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက ရောင်းချသော သို့မဟုတ် ဝန်ဆောင်မှုပေးသော ရာခိုင်နှုန်းသို့မဟုတ် အချိုးအစားကို ဆိုသည်။
(တ) **ဈေးနှုန်း** ဆိုသည်မှာ ကုန်စည်ရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုပြုရာတွင် သတ်မှတ်သော တန်ဖိုးကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေသည် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး လုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှု ပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီး ကာကွယ်ရန်၊ ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် တွင် မျှတမှုမရှိသော ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန်၊ ဈေးကွက်အပေါ် ထိန်းချုပ် နိုင်စွမ်းအား အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်း ခြင်း၊ ဝယ်ယူခြင်းတို့အား ဥပဒေနှင့်အညီခွင့်ပြုနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများအား ဖယ်ရှားထိန်းချုပ်နိုင်ရန် ရည်ရွယ်သည်။

အခန်း(၃)
အခြေခံမူများ

၄။ ယှဉ်ပြိုင်မှုဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) ဈေးကွက်တွင် လွတ်လပ်၍မျှတသော ယှဉ်ပြိုင်မှုဆိုင်ရာ ဝန်းကျင်တစ်ရပ် ဖွံ့ဖြိုးတိုးတက်လာစေရေး၊
(ခ) ဈေးကွက်တွင် မျှတသော ယှဉ်ပြိုင်မှုကို အားပေးကူညီခြင်းဖြင့် တစ်ပြေးညီ တိုးတက်လာစေရေးနှင့် သာတူညီမျှခံစားခွင့်ရရှိစေရေး၊
(ဂ) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာ စေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊
(ဃ) မျှတသော ယှဉ်ပြိုင်မှုကို ဖြစ်ထွန်းစေခြင်းဖြင့် စီးပွားရေးတိုးတက်သည့် အသိုက်အဝန်းအဖြစ် ရောက်ရှိစေရေး ၊
(င) လုပ်ငန်းနယ်ပယ်အသီးသီးတွင် လွတ်လပ်၍မျှတသော ယှဉ်ပြိုင်မှုဖြစ်ထွန်း ပေါ်ပေါက်စေရေး၊
(စ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ၊ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ ငွေကြေး စီးဝင်မှုများအတွက် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သော ဒေသ တစ်ခုအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာစေရေးနှင့် ယှဉ်ပြိုင်မှုကွန်ရက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
(ဆ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုမူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊
(ဇ) ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင် ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေး။

အခန်း(၄)
ကော်မရှင် ဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် -
(က) ဤဥပဒေပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှပညာရှင်များ၊ သင့်လျော် သော ပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းရမည်။
(ခ) ကော်မရှင်ကိုဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ကိုသတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ခွင့်ပြု သော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇။ ကော်မရှင်သည် လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်နိုင်သည်။

အခန်း (၅)
ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ကော်မရှင်၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) စီးပွားရေးလုပ်ငန်းအားလုံး သက်ဆိုင်ရာ တည်ဆဲဥပဒေ၏ ခွင့်ပြုချက် ဘောင်အတွင်း၌ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများကို သာတူညီမျှ ခံစားခွင့်ရှိစေခြင်းနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်စေခြင်း၊
(ခ) လက်ဝါးကြီးအုပ် ချုပ်ကိုင်ရန်ရှိသည်ဟု မှတ်ယူနိုင်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဦး၏ ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်ခြင်းများကို ကန့်သတ်သည့် အမိန့်ကြော်ငြာစာများထုတ်ပြန်၍ တားမြစ်ခြင်း၊
(ဂ) ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သံသယရှိလျှင် သော် လည်းကောင်း၊ တိုင်ကြားချက်လက်ခံရရှိလျှင် ယင်းတိုင်ကြားချက်ကို စိစစ်၍သော်လည်းကောင်း စုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း၊
(ဃ) ဤဥပဒေအရ အရေးယူဆောင်ရွက်မှုများအပေါ် လိုအပ်သော အထောက် အထားများကိုဖြစ်စေ၊ ပစ္စည်းများကိုဖြစ်စေ စစ်ဆေးရေးအတွက် သိမ်းဆည်းရန် လိုအပ်ပါက စုံစမ်းစစ်ဆေးရေးကော်မတီအား သတ်မှတ် ချက်နှင့်အညီ သိမ်းဆည်းရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊
(င) စုံစမ်းစစ်ဆေးရေးကော်မတီကတင်ပြသော စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် လိုအပ်ပါက တရားစွဲဆိုရန် ညွှန်ကြားခြင်း၊
(စ) စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ဆိုင်ခွင့်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားစီးပွားရေးလုပ်ငန်းတစ်ခုက ဝယ်ယူမှု (Acquisition) သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှု (Merger) ကြောင့် မျှတ သော ယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာ အရေအတွက်နှင့် ပိုင်ဆိုင်သည့် ပစ္စည်း ပမာဏတို့ကို သတ်မှတ်ခြင်း၊
(ဆ) စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခုသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်သည်ဟု ကော်မရှင်က သတ်မှတ်ထားသော ဈေးကွက်ဝေစု ပိုင်ဆိုင်မှုပမာဏထက် ကျော်လွန် လျှင် သို့မဟုတ် ကျော်လွန်သည်ဟု ကော်မရှင်ကယူဆလျှင် ၎င်းစီးပွားရေး လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခု၏ ဈေးကွက်ဝေစုကို သတ်မှတ်ထားသည့် လုပ်ငန်းပမာဏသို့ လျှော့ချရန် ညွှန်ကြားခြင်း၊
(ဇ) စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ယှဉ်ပြိုင်မှုကို ကန့်သတ်ရန် ခွင့်ပြုချက် ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ် သည့်ပုံစံ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊
(ဈ) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ရှင်းလင်းချက်များ၊ အကြံပြုချက်များ သို့မဟုတ် ထင်မြင်ချက်များပေးရန်လိုအပ်သည့် ပညာရှင်များကိုဖိတ်ခေါ်ခြင်း၊
(ည) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် လိုအပ်သော စုံစမ်းမေးမြန်းမှုများဆောင် ရွက်ရန် သက်သေများကို ဆင့်ခေါ်ခြင်း၊
(ဋ) ယှဉ်ပြိုင်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း ကိစ္စရပ်များအတွက် အခွင့်အာဏာရ အရာရှိများခန့်အပ်ခြင်းနှင့် ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊
(ဌ) ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပြု တင်ပြခြင်း၊
(ဍ) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါ အားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -
(က) ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊
(ခ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးဦးထံမှ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်ဟု ထင်မြင်သည့် အထောက်အထားများကိုဖြစ်စေ၊ အချက် အလက်များကိုဖြစ်စေ တောင်းဆိုနိုင်ခြင်း၊
(ဂ) ကိစ္စတစ်ရပ်ချင်းအလိုက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော အထောက် အထားများကိုဖြစ်စေ၊ ပစ္စည်းများကိုဖြစ်စေ စစ်ဆေးရေးအတွက် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ ယင်းအထောက်အထား သို့မဟုတ် ပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊
(ဃ) လက်ဝါးကြီးအုပ်ဆောင်ရွက်သည်ဟု မှတ်ယူနိုင်သော ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် ပိုင်ဆိုင် သည့်ပစ္စည်းပမာဏ တို့ကို သတ်မှတ်ဆုံးဖြတ်နိုင်ခြင်း၊
(င) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်သော စီးပွားရေးလုပ်ငန်းများ နှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဤဥပဒေအရ ကန့်သတ်ချက်များမှ လိုအပ်သလို ကင်းလွတ်ခွင့်ပြုနိုင်ခြင်း၊
(စ) ကော်မတီများနှင့်အဖွဲ့ငယ်များကို လိုအပ်သလိုဖွဲ့စည်းခြင်းနှင့် ယင်းတို့ ၏ လုပ်ငန်းတာဝန်များကိုသတ်မှတ်ခြင်း၊
(ဆ) ကော်မတီများနှင့်အဖွဲ့ငယ်များမှ တင်ပြလာသော ကိစ္စရပ်များကို အဆုံး အဖြတ်ပေးခြင်း။

၁၀။ ကော်မရှင်သည် လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို အစိုးရအဖွဲ့သို့ သုံးလလျှင် တစ်ကြိမ်အစီရင်ခံတင်ပြရမည်။

၁၁။ ကော်မရှင်သည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြရမည်။

အခန်း (၆)
စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၂။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးကော်မတီကို -
(က) ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးမှ အများဆုံး ကိုးဦးအထိဖြင့် ဖွဲ့စည်းရမည်။
(ခ) ပုဒ်မခွဲ(က)အရဖွဲ့စည်းရာတွင် အဖွဲ့ဝင်သည် စီးပွားရေးပညာရပ်၊ ဥပဒေ ပညာရပ်၊ ကူးသန်းရောင်းဝယ်ရေးပညာရပ်၊ စိုက်ပျိုးရေးပညာရပ် သို့မဟုတ် စာရင်းကိုင် ပညာရပ်တွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူ ဖြစ်ရမည်။

၁၃။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -
(က) အခြားသက်သေခံ အထောက်အထားတစ်ခုခု သို့မဟုတ် ပြည့်စုံသော စာရွက်စာတမ်းအမှတ်အသား သို့မဟုတ် အကျိုးအကြောင်းဖော်ပြ ချက်များပေးရန် သက်ဆိုင်သော ပုဂ္ဂိုလ်များကို လိုအပ်သလို စာဖြင့် ရေးသားဆင့်ခေါ်၍ စစ်ဆေးချက်များ ရယူခြင်း၊
(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့်ငွေရေး ကြေးရေးဆိုင်ရာ အဖွဲ့အစည်းများထံမှဖြစ်စေ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ အခြားအထောက်အထားများကို တောင်းယူ၍ စစ်ဆေးခြင်း၊
(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် အခြားပုဂ္ဂိုလ်၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရှာဖွေခြင်း၊
(ဃ) ကော်မရှင်၏တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးပြီး ယှဉ်ပြိုင်မှု ကိစ္စရပ် များနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များကို ကော်မရှင်သို့ တင်ပြ ခြင်း။

အခန်း (၇)
လက်ဝါးကြီးအုပ်ဆောင်ရွက်မှုကို တားမြစ်ခြင်း

၁၄။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုဖြင့် ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်မှုကိုမပြုရ -
(က) ကုန်စည်ဝယ်ယူသည့် ဈေးနှုန်း သို့မဟုတ် ကုန်စည်ရောင်းချသည့်ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အခကြေးငွေကို ထိန်းချုပ်ထားခြင်း၊
(ခ) ဈေးနှုန်းထိန်းချုပ်ရန်ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှုကိုဖြစ်စေ၊ ထုတ်လုပ် မှုကို ဖြစ်စေကန့်သတ်ခြင်း သို့မဟုတ် ကုန်စည်ဝယ်ယူခြင်း၊ ရောင်းချ ခြင်းပြုရာတွင် အခွင့်အလမ်းများကို ကန့်သတ်ခြင်း သို့မဟုတ် အခြား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်ရမည့် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း သတ်မှတ်ခြင်း၊
(ဂ) ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု သို့မဟုတ် တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထား ခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဈေးကွက်ဝယ်လိုအား အောက် လျော့နည်းစေရေးအတွက် အရည်အသွေးကို လျှော့ချရန် အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန်ပြုလုပ်ခြင်း၊
(ဃ) အခြားသူ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တရားမျှတမှုမရှိဘဲ ဝင်ရောက် စွက်ဖက်ခြင်း။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

၁၅။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) စီးပွားရေးလုပ်ငန်းတစ်ခုခု၏ အခြေအနေကို ထိန်းသိမ်းခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခု ဖန်တီးခြင်းကို အကျိုးသက်ရောက်မှုရှိစေရန် ထုတ်လုပ်သူ ၊ ဖြန့်ဖြူးသူနှင့် ပံ့ပိုးကူညီသူတို့ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခြင်း၊

(ခ) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် အစုရှယ်ယာများအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ထိန်းချုပ်ရန် ဝယ်ယူခြင်း။

၁၆။ ကော်မရှင်သည် ယှဉ်ပြိုင်မှုကို ထိန်းချုပ်ကန့်သတ်သည့် စာချုပ်များနှင့် စပ်လျဉ်း၍ စားသုံးသူတို့၏ အကျိုးစီးပွားအလို့ငှာ စရိတ်လျော့နည်းစေသည့် အောက်ပါကိစ္စရပ်တစ်ခုခုတွင် အကျုံးဝင်ပါက တိကျသောကာလတစ်ရပ်သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်စေရန် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းပုံစံတို့ကို ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ကုန်စည်နှင့်ဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန် နည်းပညာနှင့် နည်းပညာ အဆင့်မြင့်မားမှုကို တိုးတက်စေခြင်း၊

(ဂ) ကွဲပြားသောထုတ်ကုန်အမျိုးမျိုး၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် အရည်အသွေး အဆင့်အတန်း တစ်ပြေးညီတိုးတက်စေခြင်း၊

(ဃ) ဈေးနှုန်းနှင့်ဖြစ်စေ၊ ဈေးနှုန်းဆိုင်ရာ အချက်အလက်များနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ကုန်စည်များ ဖြန့်ဖြူးခြင်းနှင့် ငွေပေးချေခြင်းကိစ္စများ တစ်ပြေးညီဖြစ်စေခြင်း၊

(င) အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း၊

(စ) နိုင်ငံတကာဈေးကွက်ရှိမြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း။

အခန်း (၈)
မျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်အား တားမြစ်ခြင်း

၁၇။ ဤဥပဒေအရ မျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်တွင် အောက်ဖော်ပြပါတို့ ပါဝင်သည်-

(က) စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အချင်းချင်း အနိုင်အထက် ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(င) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(စ) မျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား ခွဲခြားဆက်ဆံခြင်း၊

(ဇ) ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်လျော့နည်းသော ဈေးနှုန်းဖြင့် ရောင်းချခြင်း၊

(ဈ) မိမိလုပ်ငန်း၏အရှိန်အဝါဩဇာကို အလွဲသုံးစားပြုခြင်း၊ အခြားလုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊

(ည) ကော်မရှင်က မျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်ဟု အခါအားလျော်စွာ သတ်မှတ်သည့်အရာကို ပြုလုပ်ခြင်း။

၁၈။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ရာရောက်သည့် အောက်ပါတို့ကိုမပြုလုပ်ရ -

(က) တရားဝင်မှတ်ပုံတင်ထားသည့် ကုန်စည်အမည်၊ လုပ်ငန်းဆောင်ပုဒ်၊ အမှတ်တံဆိပ်၊ ထုပ်ပိုးမှု ပထဝီဆိုင်ရာ အညွှန်းများနှင့် အခြားအရာများအား ရှုပ်ထွေးမှုဖြစ်စေသည့် သတင်းအချက်အလက်များကိုအသုံးပြု၍ ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ရှုပ်ထွေးမှုဖြစ်စေသည့် သတင်းအချက်အလက်များကို အသုံးပြု၍ ကုန်စည်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းစသည့် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ခြင်း။

၁၉။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေး လုပ်ငန်းတစ်ခုခု၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို မပြုလုပ်ရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကိုရယူခြင်း၊ စုဆောင်းခြင်း ပြုလုပ်ရာတွင် ဖော်ပြပါ လျှို့ဝှက်ချက်များကို ဥပဒေအရ ပိုင်ဆိုင်သူများက ကာကွယ်ထားသည့် လုံခြုံရေးဆိုင်ရာ အစီအမံများအား ချိုးဖောက်၍ ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းလျှို့ဝှက်ချက်များကို ဥပဒေနှင့်အညီ ပိုင်ဆိုင်သူ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းပြုရာတွင် ယင်းလျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် တာဝန်ရှိသူ၏ ယုံကြည်မှုရရှိရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ယုံကြည်မှုအပေါ် အခွင့်အရေးယူခြင်း၊

(ဃ) ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်သည့် အခြားပုဂ္ဂိုလ်များ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ထုတ်ကုန်ဖြန့်ဖြူးခြင်းများနှင့်ဆိုင်သော လုပ်ငန်းစဉ်များကို ပေါက်ကြားစေခြင်း၊

(င) နိုင်ငံပိုင်အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသော လုံခြုံမှုဆိုင်ရာ အစီအမံများကို ချိုးဖောက်၍ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပေါက်ကြားစေခြင်း၊

(စ) ပုဒ်မခွဲ(င)ပါ ယင်းသတင်းအချက်အလက်များကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းကိစ္စအတွက် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင်ရယူရန် လျှောက်ထားခြင်း သို့မဟုတ် ကုန်စည်များဖြန့်ဖြူးခြင်း။

၂၀။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် စားသုံးသူများကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူများကိုဖြစ်စေ ထိုလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ရာမှ ရပ်စဲရန် ခြိမ်းခြောက်၍ သော်လည်းကောင်း၊ အတင်းအကျပ်ပြု၍ သော်လည်းကောင်း ချုပ်ချယ်မှုပြုလုပ်ခြင်းဖြင့် အနိုင်အထက် မပြုရ။

၂၁။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများ၏ နာမည်ဂုဏ်သတင်း၊ ငွေကြေးဆိုင်ရာ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများ ပျက်ပြားစေရန် မမှန်ကန်သော သတင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထုတ်လွှင့်ခြင်းမပြုရ။

၂၂။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများ၏ ဥပဒေနှင့်အညီ ဆောင်ရွက်သော လုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တားဆီးကာကွယ်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၃။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ အောက်ပါကြော်ငြာလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို အခြားစီးပွားရေးလုပ်ငန်းများ၏ အလားတူ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်နှိုင်းယှဉ်ခြင်း၊

(ခ) ကုန်စည်ဝယ်ယူသူဖောက်သည်တို့ကို သွေးဆောင်ဖြားယောင်းရန် အခြားကြော်ငြာများအား တုပခြင်း၊

(ဂ) အောက်ပါအကြောင်းအချက်များအနက် တစ်ခုခုအပေါ် မှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များကို ကုန်စည်ဝယ်ယူသူ ဖောက်သည်များသို့ ထုတ်ပြန်ခြင်း-

(၁) ဈေးနှုန်း၊ ပမာဏ၊ အရည်အသွေး၊ အသုံးဝင်မှုများ၊ ဒီဇိုင်းပုံစံများ၊ အမျိုးအစားများ၊ ထုပ်ပိုးမှုများ၊ ထုတ်လုပ်သည့်နေ့စွဲ၊ ကြာရှည်အသုံးခံမှု၊ မူလအရင်းအမြစ်၊ ထုတ်လုပ်သူများ၊ ထုတ်လုပ်သည့်နေရာများ၊ ပြုပြင်ထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သည့်နေရာများ၊

(၂) အသုံးပြုပုံ၊ ဝန်ဆောင်မှုပေးပုံ၊ အာမခံကာလ၊

(၃) အခြားမှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များ၊

(ဃ) ဥပဒေအရ တားမြစ်ထားသည့် အခြားကြော်ငြာလုပ်ငန်းများ။

၂၄။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ အောက်ပါအရောင်းမြှင့်တင်ခြင်း လုပ်ငန်းများကို မပြုလုပ်ရ-

(က) လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အရောင်းမြှင့်တင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) တူညီသော အရောင်းမြှင့်တင်ရေးအစီအစဉ်တွင် ကုန်စည်ဝယ်ယူသူ ဖောက်သည်များကို ခွဲခြားဆက်ဆံခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော အခြားအရောင်းမြှင့်တင်မှုနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်း။

၂၅။ **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခု**သည် ခွဲခြားဆက်ဆံခြင်းဖြစ်စေမည့် အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ခြင်းမပြုလုပ်ရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခုအား မိမိအဖွဲ့အစည်းသို့ ဝင်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသော်လည်း ဝင်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ၊ နုတ်ထွက်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ယှဉ်ပြိုင်မှုတွင် အဟန့်အတားဖြစ်စေခြင်း၊

(ခ) **စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း**တွင်ပါဝင်သော စီးပွားရေးလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများအား ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကန့်သတ်ခြင်း။

၂၆။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏ကုန်စည်အား ဈေးကွက်တွင်း ယှဉ်ပြိုင်ရောင်းချရာ၌ အခြားစီးပွားရေးလုပ်ငန်းများ၏ယှဉ်ပြိုင်နိုင်စွမ်းလျော့နည်းသွားစေရန် ရည်ရွယ်၍ ယင်းတို့၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း၊ သွင်းကုန်ဖြစ်ပါက ဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်းသောဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချခြင်း မပြုရ။

၂၇။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် ဈေးကွက်အတွင်း မိမိ၏ အရှိန်အဝါဩဇာကို အလွဲသုံးစားပြု၍ အောက်ဖော်ပြပါကိစ္စရပ်များကို ဆောင်ရွက်ခြင်းမပြုရ-

(က) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှထွက်သွားစေရန်အလို့ငှာ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသောဈေးနှုန်းဖြင့် ကုန်စည်များရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(ခ) သင့်လျော်မျှတမှုမရှိသော သတ်မှတ်ဈေးနှုန်းဖြင့် ကုန်စည်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ပြန်လည်ရောင်းချသူများအပေါ် ရောင်းချရမည့်ဈေးနှုန်းသတ်မှတ်ပေးခြင်းဖြင့် စားသုံးသူများအား ထိခိုက်နစ်နာစေခြင်း၊

(ဂ) ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ထိန်းချုပ်ခြင်း၊ ဈေးကွက်ကိုကန့်သတ်ထားခြင်း၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်းနှင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဃ) မမျှတသော ယှဉ်ပြိုင်မှုဖြစ်ပေါ်စေရန်အလို့ငှာ တူညီသော ဈေးကွက်အတွင်း တစ်ပြေးညီမဟုတ်သော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စည်းကမ်းချက်များ ချမှတ်ခြင်း၊

(င) ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အရောင်းအဝယ် စာချုပ်များ ချုပ်ဆိုရာ၌ အခြားစီးပွားရေးလုပ်ငန်းများအပေါ် တရားမျှတမှုမရှိသော စည်းကမ်းချက်များ ချမှတ်ခြင်း သို့မဟုတ် ယင်းစာချုပ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော တာဝန်ဝတ္တရားများကိုလက်ခံရန် အတင်းအကျပ်ပြုခြင်း၊

(စ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို တရားမျှတမှုမရှိသော နည်းလမ်းများဖြင့် တားဆီးခြင်း။

၂၈။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်သော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုအား စာချုပ်သက်တမ်းမကုန်ဆုံးမီ စာချုပ်ဖောက်ဖျက်စေရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ဆွဲဆောင်ခြင်း မပြုရ။

၂၉။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် မျှတမှုမရှိသော နည်းလမ်းဖြင့် ကုန်စည်များကို တင်သွင်းခြင်း၊ ယင်းကုန်စည်များကို ဈေးကွက်ပေါက်ဈေးအောက် လျှော့၍ ရောင်းချခြင်း မပြုရ။

အခန်း(၉)
စီးပွားရေးလုပ်ငန်းအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း

၃၀။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်သည် -

(က) လုပ်ငန်းအချင်းချင်း ပေါင်းစည်းခြင်း၊

(ခ) လုပ်ငန်းတစ်ခုက အခြားလုပ်ငန်းတစ်ခုကိုဝယ်ယူခြင်း၊

(ဂ) လုပ်ငန်းချင်း ဖက်စပ်လုပ်ကိုင်ခြင်း၊

(ဃ) လုပ်ငန်းအချင်းချင်း မဟာမိတ်ဖွဲ့ဆောင်ရွက်ခြင်း၊

(င) ကော်မရှင်ကသတ်မှတ်ထားသည့် လုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။

၃၁။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော လုပ်ငန်းတစ်ခု သို့မဟုတ် လုပ်ငန်းအစုအဝေးတစ်ခု၏ စုစုပေါင်းဈေးကွက်ရှယ်ယာပိုင်ဆိုင်မှုမှာ အောက်ပါ သတ်မှတ်ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းမရှိစေရ-

(က) လုပ်ငန်းတစ်ခုတည်းဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၃၀ ရာခိုင်နှုန်း၊

(ခ) လုပ်ငန်းနှစ်ခုပါသော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၅၀ ရာခိုင်နှုန်း၊

(ဂ) လုပ်ငန်းသုံးခုပါသော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်းဈေးကွက်ဝေစု၏ ၆၅ ရာခိုင်နှုန်း၊

(ဃ) လုပ်ငန်းလေးခုနှင့်အထက်ပါဝင်သော လုပ်ငန်းအုပ်စုဖြစ်ပါက စုစုပေါင်းဈေးကွက် ဝေစု၏ ၇၅ ရာခိုင်နှုန်း။

၃၂။ (က) စီးပွားရေးလုပ်ငန်းတစ်ခုသည် အခြားစီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိပါက ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မရှင်သို့ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။

(ခ) ကော်မရှင်သည် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် တင်ပြလာသော လျှောက်ထားချက်များကို လိုအပ်သလို စိစစ်၍ကြိုတင်ခွင့်ပြုချက်ထုတ်ပေးနိုင်သည်။

၃၃။ စီးပွားရေးလုပ်ငန်းတစ်ခုသည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော ကြိုတင်ခွင့်ပြုချက်ရရှိမှသာ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခွင့်ရှိသည်။

အခန်း (၁၀)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၄။ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်များသည် ဤဥပဒေအရ ကော်မရှင်က ထုတ်ပြန်သော တားမြစ်ချက်၊ သတ်မှတ်ချက်၊ ညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို ဖောက်ဖျက်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူကို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) နောင်တွင် မည်သည့်လုပ်ကိုင်ခွင့်မျှပြုမည်မဟုတ်သော စီးပွားရေးလုပ်ငန်းများစာရင်း၌ ထည့်သွင်းခြင်း။

၃၅။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ)ပါ သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်ခြင်းမရှိပါက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၃၆။ ကော်မတီ သို့မဟုတ် အဖွဲ့ငယ်ကချမှတ်သည့် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ အယူခံဝင်ရောက်ခွင့်ရှိသည်။

၃၇။ ဤဥပဒေအရ ကော်မရှင်ကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၈။ ဤဥပဒေအရချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

အခန်း (၁၁)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို စုံစမ်းစစ်ဆေးရေးကော်မတီက ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုရန်အတွက် သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်းအမှတ်အသားတစ်ခုခုတင်ပြရန် သို့မဟုတ် ထွက်ဆိုချက်ပေးရန် စာဖြင့်ရေးသား ထုတ်ပြန်ထားသည့် ဆင့်ခေါ်မှုကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆိုပုဒ်မ ၁၄၊ ၁၉ သို့မဟုတ် ၂၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၁၈ သို့မဟုတ် ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၂၀ သို့မဟုတ် ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းခုနစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သူမဆိုပုဒ်မ ၂၂ သို့မဟုတ် ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၂၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၂၆ သို့မဟုတ် ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

အခန်း(၁၂)

အထွေထွေ

၄၇။ ယှဉ်ပြိုင်မှုကိုထိန်းချုပ်သောဆောင်ရွက်ချက် သို့မဟုတ် တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

၄၈။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၉။ ဤဥပဒေနှင့်အညီ ပြစ်မှုတစ်ရပ်ရပ်အား တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၅၀။ ဤဥပဒေအရ တရားစွဲဆိုခြင်းခံရသူသည် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းဖြစ်လျှင် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ရှိသူတစ်ဦးဦးသည် အဆိုပါပြစ်မှုကို ယင်းမသိရှိဘဲကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန် ထိုက်သင့်သော လုံ့လဝီရိယ စိုက်ထုတ်၍ ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိပါက အဆိုပါစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းနှင့်အတူ ပူးတွဲစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအား ပြစ်ဒဏ်ချမှတ်လျှင် အဆိုပါ တာဝန်ရှိသူသည် ယင်းပြစ်မှုအတွက် ပူးတွဲ၍အပြစ်ရှိသည်ဟု မှတ်ယူခြင်းခံရမည်။

၅၁။ ဝန်ကြီးဌာနသည် ကော်မရှင်၏ -

(က) ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၅၂။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီဝင် သို့မဟုတ် အဖွဲ့ငယ်အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း၊ အခြားနည်းလမ်းဖြင့် အရေးယူခြင်း မပြုရ။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (င)၌ ပါရှိသော "မုတ်ကောင်သားပေါက်များကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို "စပက်ကော်လက်တာ (Spat Collector)များကို ဖြစ်စေ၊ မွေးမြူထားသော မုတ်ကောင်များကိုဖြစ်စေ၊ ပုလဲဝတ်ဆံသွင်းထားပြီးသော မုတ်ကောင်များကိုဖြစ်စေ"ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ)ပါ စကားရပ်များကို အောက်ပါစကားရပ်များဖြင့် အစားထိုးရမည်-

"(စ) ပုလဲမွေးမြူခြင်းလုပ်ငန်း ဆိုသည်မှာ မုတ်ကောင်များကို ခွဲစိတ်ဝတ်ဆံသွင်းခြင်း၊ ဝတ်ဆံသွင်းပြီးသော မုတ်ကောင်များကို ပင်လယ်ပြင်အတွင်း ချထားမွေးမြူခြင်း၊ ခွဲစိတ်ပုလဲဖော်ခြင်း၊ ပုလဲဖော်ပြီးသော မုတ်ကောင်များကို ပြန်လည်ဝတ်ဆံသွင်းခြင်း လုပ်ငန်းကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ(ဏ)တွင် ပါရှိသော "ဝန်ကြီးဌာန ဆိုသည်မှာ" ဆိုသည့် စကားရပ်၏နောက်၌ "ပြည်ထောင်စုအစိုးရ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ(တ)၏နောက်၌ "ပုဒ်မခွဲ(ထ)နှင့် (ဒ)" တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ထ) စပက်ကော်လက်တာ (Spat Collector) ဆိုသည်မှာ ခတ်ခွဲခန်းအတွင်း၌ မုတ်ကောင်အထီးနှင့် မုတ်ကောင်အမတို့အား မျိုးစပ်၍ ရရှိလာသော မုတ်ကောင် သားပေါက်ငယ် (Spat)များ တွယ်ကပ်နေသည့် ကြိုးထုံး သို့မဟုတ် အမာခံပစ္စည်းကို ဆိုသည်။

(ဒ) တန်ဖိုးဖြတ်အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပုလဲတန်ဖိုးဖြတ်အဖွဲ့ကို ဆိုသည်။"

၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ(၃)ပုဒ်မခွဲ(ဃ)၏ နောက်၌ "ပုဒ်မခွဲ(င)"အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပင်လယ်ပြင်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေး စီမံဆောင်ရွက်ရန်။"

၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၇ တွင် ပါရှိသော "ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)၏ နောက်၌ "ပုဒ်မခွဲ(ဂ)၊ (ဃ)နှင့် (င)"တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(ဂ) မုတ်ကောင်သားဖောက်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း၊

(ဃ) မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း ကျွမ်းကျင်သူအဖြစ်လုပ်ကိုင်ခြင်း၊

(င) ပုလဲမွေးမြူရေးရေငုပ်ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ခြင်း။"

၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၁၈ ၌ ပါရှိသော ဦးဆောင်ညွှန်ကြားရေးမှူး ဆိုသည့်စကားရပ်ကို ညွှန်ကြားရေးမှူးချုပ်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂၄ တွင်ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူးသည်" ဆိုသည့် စကားရပ်၏နောက်၌ "ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ အခန်း(၁၁)၏ နောက်၌ "အခန်း(၁၂)" အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

အခန်း(၁၂)

တန်ဖိုးဖြတ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၅။ ဝန်ကြီးဌာနသည် တန်ဖိုးဖြတ်အဖွဲ့ကို-

(က) ဒုတိယဝန်ကြီး ဦးဆောင်၍ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုလဲဆိုင်ရာပညာရှင်များနှင့် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ဝင် အနည်းဆုံး(၇)ဦးမှ အများဆုံး(၁၁)ဦးအထိ ပါဝင်ဖွဲ့စည်းရမည်။

(ဂ) လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၆။ တန်ဖိုးဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခွင့်ပြုမိန့်ရရှိသူများက လာရောက်ပြသသော ပုလဲများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊ တန်ဖိုးဖြတ်ခြင်း၊

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၂၇။ ခွင့်ပြုမိန့်ရရှိသူသည် တန်ဖိုးဖြတ်အဖွဲ့က သတ်မှတ်ပေးသည့် ပုလဲတန်ဖိုးအပေါ် ကျေနပ်မှုမရှိပါက တန်ဖိုးပြင်ဆင်သတ်မှတ်ပေးရန် တန်ဖိုးသတ်မှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၈။ ပုဒ်မ ၂၇ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနသည်-

(က) ပစ္စည်းတန်ဖိုးများကို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့၏ သတ်မှတ်ချက်အတိုင်း အတည်ပြုနိုင်သည်။"

၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၅ တွင်ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်သိန်းငါးဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂၆ တွင် ပါရှိသော စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးရမည်-

"၃၀။ မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဒ်မ(၉)ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၁။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၇ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် သိန်းနှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၂၈ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၅၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် သိန်းငါးဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၂၉ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် သိန်းနှစ်ဆယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၀ တွင်ပါရှိသော "မည်သည့် ပြည်သူ့ဝန်ထမ်းမဆို" ဆိုသည့် စကားရပ်ကို "မည်သူမဆို" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၃၁ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀,၀၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၃၂ ကို ပယ်ဖျက်ရမည်။

၁၇။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၏ "ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀ နှင့် ၃၁" တို့ကို "ပုဒ်မ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄နှင့် ၃၅" တို့အဖြစ်လည်းကောင်း၊ "ပုဒ်မ ၃၃" ကို "ပုဒ်မ ၃၆" အဖြစ်လည်းကောင်း အသီးသီး ပြန်လည်အမှတ်စဉ်ရမည်။

၁၈။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ "အခန်း(၁၂)နှင့် အခန်း(၁၃)" တို့ကို "အခန်း(၁၃) နှင့် အခန်း(၁၄)" တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၏ "ပုဒ်မ ၃၄၊ ၃၅၊ ၃၆ နှင့် ၃၇" တို့ကို "ပုဒ်မ ၃၇၊ ၃၈၊ ၃၉ နှင့် ၄၀" တို့အဖြစ် အသီးသီးပြန်လည်အမှတ်စဉ်ရမည်။

၂၀။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ"ပုဒ်မ ၃၈" ကို "ပုဒ်မ ၄၁" အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

"၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ကာတီယာစိန်တိုက်

မိုးရာသီအကြို အထူးအစီအစဉ်ဖြင့်စိန် အပွင့်ကြီး နှင့် စိန်ထည်ပစ္စည်းများကို ရောင်းချသွားမည်ဖြစ်ကြောင်း ကာတီယာစိန်တိုက် မှ စိန်များကို ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များအား အသိပေးအပ်ပါသည်။

1ct အောက်မှ 10ct အထက်ထိ GIA,HRD,Certified Diamond စိန်ပွင့်များကို သက်သာသော နှုန်းထားဖြင့် ရောင်းချပေးပါမည်။

တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအတွက် အထူးဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။

"ကာတီယာစိန်တိုက်က စိန်အပွင့်ကြီးများကို ဝယ်ယူဝတ်ဆင်ခြင်းဖြင့် ဂုဏ်ယူကြပါစို့ ..."

Show Room(I) No.137 ရွှေဂုံတိုင်လမ်း(အောက်)ဝင်း

Tel : 246836, 364905, 241929

Show Room(II) No.52 သခွေးဆက်အပြင်လမ်း

Tel : 253308, 09 73249661

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့်အုပ်ထိန်းခံရသူသူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌

၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၈

သတင်းတိုများ

သစ်ပင်တိုက်ပြီးနောက် ရပ်ထားသည့်ကားကိုဝင်တိုက်

မေ ၇ ရက် ည ၁၁ နာရီ ၅၅ မိနစ်ခန့်က တာမွေမြို့နယ်၊ ဗညားဒလ လမ်းအတိုင်း ကျောက်မြောင်းမီးပွိုင့်မှ ယုဇနပလာဇာဘက်သို့ မောင်းနှင်လာသော တာမွေမြို့နယ်နေ ယာဉ်မောင်းမင်းမင်းစိုး ၂၅ နှစ်မောင်းနှင်သည့် နစ်ဆန်းဂလိုရီရာ ဆလွန်းယာဉ်သည် ၁၄၈ လမ်းထိပ်အရောက် ယာဘက်လမ်းဘေးသစ်ပင်ကို ဝင်ရောက်တိုက်မိခဲ့ပြီးနောက် လမ်းဘေးတွင်ရပ်ထားသည့် တိုယိုတာယာဉ်ကို ဆက်လက်တိုက်မိခဲ့သည်။ ၎င်းယာဉ်တိုက်မှုကြောင့် ငွေကျပ် သိန်း ၅၀ ဖိုးခန့် ဆုံးရှုံးခဲ့သောကြောင့် အရေးယူပေးရန် တိုင်ကြားခဲ့ရာ တာမွေမြို့နယ်ရဲစခန်းက ယာဉ် (ပ) ၂၀/၁၄ ပြစ်မှုပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူထားသည်။ (၃၁)

မီးရထားသံလမ်းအကူးတွင် ရထားနှင့်ကားပွတ်တိုက်

မေ ၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မင်္ဂလာဒုံမြို့နယ်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်သော စက်ခေါင်းအမှတ် DD-၉၄၀ ငစိန် ၇ မြို့ပတ်ရထားနှင့် သဃ်န်းကျွန်းမြို့နယ်နေ ယာဉ်မောင်းဇော်မင်းသန့် ၃၉ နှစ်မောင်းနှင်လာသော အေဒီဗင်အဖြူရောင် အငှားယာဉ်တို့သည် မြောက်ဥက္ကလာပမြို့နယ် ရွှေဥမင်ဘုန်းကြီးကျောင်းရှေ့ရှိ မီးရထားသံလမ်းကူးတွင် ပွတ်တိုက်မိခဲ့သည်။ ၎င်းပွတ်တိုက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အငှားယာဉ် ရှေ့ပိုင်းမှာ ပိန်ချိုင့်ပျက်စီးသွားခဲ့ပြီး မြို့ပတ်ရထားမှာ နံနက် ၁၀ နာရီ ၅၅ မိနစ်ခန့်တွင် ရန်ကုန်မြို့တွင်းဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ အဆိုပါယာဉ်တိုက်မှုအား မြောက်ဥက္ကလာပ မြို့မရဲစခန်းက (ပ) ၃၄၈/၁၄၊ မီးရထားအက်ဥပဒေ ပုဒ်မ ၁၂၉ အရ အမှုဖွင့်အရေးယူထားသည်။ (၃၁)

ပဲခူးတိုင်းတွင် GAP စနစ်ဖြင့်စိုက်ပျိုး၍ ပုလဲသွယ် နွေစပါး တစ်ဧက ၁၆၀ ဒသမ ၀၉ တင်းထွက်ရှိ

ပဲခူး၊ မေ ၁၀

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ခမွန်ကံကြီးကျေးရွာအုပ်စု တောင်သူဦးပေါက်တူး၏ ကွင်းအမှတ် ၁၀၃၈၊ ဦးပိုင် ၄၆ ရှိGAP စနစ်ဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သော ပုလဲသွယ် တစ်ဆက်တစ်ထပ်တည်း ဧက ၅၀ တွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို မေ ၆ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်းနှင့် ဦးမျိုးခိုင်၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်၊ ခရိုင်ဦးစီးမှူး ဦးလေးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ၊ တောင်သူ ၁၅၀ ခန့် တက်ရောက်ကြသည်။

GAP စနစ်ဖြင့် ပုလဲသွယ်လက်တွေ့စိုက်ပျိုးဖြစ်ထွန်းပြီး စံကွက်ရိတ်သိမ်းပွဲအခမ်းအနားအားတွေ့ရစဉ်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးမှ GAP စနစ်ဖြင့် ပုလဲသွယ်လက်တွေ့စိုက်ပျိုးခြင်း နည်းပညာများ ရှင်းလင်းဆွေးနွေးပြီးနောက် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်း၍ အထွက်နှုန်းတိုင်းတာကြရာ တစ်ဧကေပျမ်းမျှအထွက်နှုန်း ၁၆၀ ဒသမ ၀၉ တင်း ထွက်ရှိကြောင်းသိရှိရသည်။ကဝမြို့နယ် ခမွန်ကံကြီးကျေးရွာနှင့် ပတ်ဝန်းကျင်တွင်နွေစပါးစိုက်ပျိုး မှုမရှိဘဲ ယခုပထမဆုံး GAPစနစ်ဖြင့် နွေစပါးစိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်သဖြင့် လာမည့်နှစ်များတွင်နွေစပါးစိုက်ပျိုးရန် တောင်သူများ စိတ်ဝင်စားလျက်ရှိသည်။ **တင်အောင်ဆန်း**

မဟာမြတ်မုနိ ဘုရားကြီးတွင် မြန်မာ့ရိုးရာအမွေအနှစ်ကို ထိန်းသိမ်း မြှင့်တင်ပေးသည့် ဝါဆိုခြင်းအလှုခတ်ပွဲတော်ကျင်းပ

မန္တလေး၊ မေ ၁၀

မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး၌ ဝါဆိုခြင်းအလှုခတ်ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပခဲ့သည်မှာ (၈၇) ကြိမ် တိုင်ခဲ့လေပြီ။

မြန်မာတို့၏ ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းမြှင့်တင်ပေးပြီး ကမ္ဘာတစ်လွှားသို့ပင် ပျံ့နှံ့အောင်ဆောင်ရွက်ကြိုးပမ်းနေကြသော ဝါဆိုခြင်းလုံး အမှုဆောင်အဖွဲ့၏အားထုတ်မှုသည် ချီးကျူးလောက်သည်။

စည်းကမ်းစနစ်ကျနခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဝါသနာရှင်၊ ပညာရှင်တို့အပေါ် ရိုးရာချစ်စိတ်တစ်ခုဖြင့် လှိုက်လှဲဖော်ရွေစွာ ညှိခံခြင်း၊ အားနည်းသောဝါသနာရှင်တို့အပေါ် ပျော်ရွှင်ချမ်းမြေ့စေရန် နားဖြည့်ခတ်ကစားပေးခြင်း စသည့်စွမ်းဆောင်ရည်များကြောင့် နိုင်ငံရပ်ခြားမှ အမေရိကန်၊ ဂျာမနီ၊ ထိုင်း၊ ဂျပန် စသည့်နိုင်ငံများမှပင် လာရောက်ခတ်ကစားခဲ့ကြသည်။

ပြည်တွင်းမှလည်း မိုင်ပေါင်းများစွာဝေးကွာသော အရပ်ဒေသမှ နှစ်စဉ်မပျက် လာရောက်၍ ကစားခဲ့ကြသည်။ ခြင်းလုံးခတ်ကစားခြင်းသည် ငွေကုန်ကြေးကျမများခြင်း၊ နေရာကျယ်ကျယ်မလိုအပ်ခြင်း၊ ခိုက်ရန်ဒေါသမဖြစ်ပွားခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ကိုယ်အင်္ဂါ အားလုံးပါဝင်ခြင်းတို့ကြောင့် ကျန်းမာရေးနှင့် ပြည့်စုံလှပါသည်။ စာရေးသူ၏ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးတိုးရောဂါတို့မှာ ခြင်းခတ်ကစားခြင်းကြောင့် သက်သာပျောက်ကင်းခဲ့ပါသည်။

ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူအပေါ် သည်းခံဆိုသည့် ဆောင်ပုဒ်နှင့်အညီ ခတ်ကစားခဲ့ကြပြီး မြန်မာတို့၏ ယဉ်ကျေးမှုအသွင်ဖော်ဆောင်သည့် ကစားနည်းတစ်နည်းဖြစ်သည်။ ခြင်းလုံးတစ်လုံး မြေဝယ်မကျစေရန် ထောက်ကြ၊ ပို့ကြ၊ ဆယ်မကြနဲ့ ဝိုင်းဝန်းကူညီနေကြခြင်းသည် စည်းလုံးညီညွတ်မှုနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်နေခြင်းပင် ဖြစ်သည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးသည်လည်း နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် အားကစားတစ်ခု ဖြစ်သည်။ မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သည့် ခြင်းလုံးကစားနည်းကို ထိမ်းသိမ်းမြှင့်တင်ရင်း ဝါဆိုခြင်းပွဲတော်ကြီး နှစ်ပေါင်းရာထောင် တည်တံ့ပါစေကြောင်း ဆန္ဒပြုပါသည်။ **ဟန်ဦး(ရန်ကုန်)**

တီးတိန်ဆိပ်ကမ်းဝင်းအတွင်း ကွန်တိန်နာဘောက်စ် ကြားအိပ်ပျော်နေစဉ် ဘောက်စ်ပိ၍ သေဆုံး

ရန်ကုန်၊ မေ ၁၀

မေ ၇ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်ခန့်က ကြည့်မြင်တိုင်မြို့မရဲစခန်းမှ ဒုရဲအုပ် ထွန်းလတ်နှင့်အဖွဲ့သည် တီးတိန်ဆိပ်ကမ်းဝင်းအတွင်း လူနှစ်ဦး ကွန်တိန်နာဘောက်စ် ပိသေဆုံးသွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

စုံစမ်းချက်အရ ယန္တရားမောင်းနှင်သူ မြောက်ဥက္ကလာပမြို့နယ်နေ ထွန်းအောင်ရွှေ ၂၇ နှစ် မောင်းနှင်ကာ ကွန်တိန်နာဘောက်စ်များချနေစဉ် အဆိုပါဘောက်စ်များကြား အိပ်ပျော်နေသည့် ကုန်တင်ကုန်ချအလုပ်သမား ကျောက်ပန်းတောင်းမြို့နယ်နေ သက်ပိုင်ဖြိုးနိုင်ဦး ၁၇ နှစ်နှင့် မောင်ဇော် ၂၀ နှစ်တို့ပိမိခဲ့ကြောင်းသိရသည်။

၎င်းတို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် ထိခိုက်ကျိုးပဲ့ဒဏ်ရာများ ရရှိကာ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သက်ပိုင်ဖြိုးနိုင်ဦး ၁၇ နှစ်နှင့် မောင်ဇော် ၂၀ နှစ် နှစ်ဦး၏ အလောင်းကို အနောက်ပိုင်းခရိုင်ဆေးရုံကြီးသို့ ပို့အပ်ခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး ကြည့်မြင်တိုင်မြို့မရဲစခန်း က (ပ) ၂၉၄/၁၄ ပြစ်မှုပုဒ်မ ၃၀၄ အရ အမှုဖွင့် အရေးယူထားသည်။ (၃၁)

ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။
KBZ Bank Account No. 070 12 100 73 733

အမည်မှန်

ကျောင်းပည်
ဖုန်း-09 5010196

Get US Degree, Any Major, University of Your Own Choice
(၁၀) တန်းအောင်ပြီးတာနဲ့ အမေရိကန်မှာရှိတဲ့ ထိပ်တန်း တက္ကသိုလ်/ကောလိပ်တွေမှာ တိုက်ရိုက်တက်ခွင့် ရမယ်ဆိုရင် ဘာကြောင့် သင်တန်းတွေ၊ Diploma Courses တွေ၊ Foundation Courses တွေကို အချိန်ကုန်၊ ငွေကုန်ခံပြီး တက်နေမလဲ ?
www.academictelesis.com
IELTS Classes 4 Skills with Native Speaking Teacher
Starts on: 12.5.14
Academic Telesis
Call Us: 01- 527168 , 09- 255 901 718
No 73, 2nd Fl; Corner of Ma Po & Myaynigone Zay St. Sanchaung Ts.

အမည်ပြောင်း

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
Advocate & Legal Consultant

ကျိုက်ထီးရိုးတောင်တက်ယာဉ်များမှ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းနှင့် နောက်လိုက်များအား ရာသက်ပန်ထုတ်ပယ်သည်အထိ အရေးယူမည်

ရန်ကုန်၊ မေ ၁၀

ကျိုက်ထီးရိုးတောင်ပေါ်သို့ ကင်းပွန်းစခန်းရှိ တောင်တက်မော်တော်ယာဉ်များ နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ အဆိုပါယာဉ်လိုင်းများမှ ယာဉ်မောင်းသူများနှင့် ယာဉ်နောက်လိုက်များသည် သတ်မှတ်ထားသောစည်းကမ်းချက်များအား ဖောက်ဖျက်ကျူးလွန်မှုများကို စစ်ဆေးတွေ့ရှိခြင်းနှင့် ဘုရားဖူးခရီးသည်များမှ လာရောက်တိုင်ကြားခဲ့ပါက ရာသက်ပန် ယာဉ်လိုင်းမှ ထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်ကြောင်း ယာဉ်လိုင်းထိန်းသိမ်းမှုကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သမိုင်းဝင်ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားသို့ အဆင်ပြေမြန်ဆန်စွာ ဖူးမြော်နိုင်ရေးအတွက် ကျိုက်ထီးရိုးတောင်ပေါ်သို့ ကင်းပွန်းစခန်းရှိ တောင်တက်မော်တော်ယာဉ်များ နေ့စဉ်ပြေးဆွဲပေးလျက်သည်။

"ဒီမှာရှိတဲ့ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကို သုံးလတစ်ကြိမ်တွေ့ဆုံပြီး လိုအပ်တဲ့အချက်တွေ၊ လိုက်နာရမယ့် စည်းကမ်းတွေကို ပြောပြပါတယ်။ ဒီထဲကမှ ဘုရားဖူးခရီးသည်တွေက ယာဉ်မောင်းကြမ်းတာ၊ မချေမငံ ခရီးသည်တွေကို ပြန်ပြောလို့ တိုင်ကြားခဲ့မယ်ဆိုရင် ကျွန်တော်တို့က စည်းကမ်းအရ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေကို ရာသက်ပန်ကို ထုတ်ပယ်ပါတယ်။ တစ်နှစ်ကို ရာသက်ပန်အရေးယူထုတ်ပယ်တဲ့ ယာဉ်မောင်းနဲ့ နောက်လိုက် ၆၀ ဦးနီးပါးလောက် ရှိပါတယ်" ဟု ယာဉ်လိုင်းထိန်းသိမ်းမှုကြီးကြပ်ရေးကော်မတီ (တောင်တက်မော်တော်ယာဉ်အသင်း) ဥက္ကဋ္ဌ ဦးဝိတင်က ပြောသည်။

တောင်တက်မော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် နောက်လိုက်များအား ယာဉ်မောင်းနေစဉ် အရက်သေစာသောက်စား၍ မောင်းနှင်ခြင်းမရှိစေရန် အယ်လ်ကိုဟောတိုင်းစက်များနှင့် စစ်ဆေးတွေ့ရှိခြင်း၊ ဘုရားဖူးခရီး သည်များအား ရိုင်းပြစွာဆက်ဆံခြင်းနှင့် ယာဉ်အား မဆင်မခြင် ကြမ်းတမ်းစွာမောင်းနှင်ပါက ရာသက်ပန်ထုတ်ပယ်ခြင်း သာမက ယာဉ်မောင်းနေစဉ် ရုတ်တရက် စက်သုံးဆီပြတ်လပ်၍ ရပ်တန့်ခြင်းနှင့် ယာဉ်အားစစ်ဆေးသည့် ဝန်ထမ်းများအား ဘုရားဖူးများရှေ့ မလေးမစားပြန်ပြောကာ ကိုယ်ထိလက်ရောက် ကျူးလွန်ပါက ဒဏ်ငွေငါးသောင်း ပေးဆောင်ခြင်းနှင့် ရက်ပိုင်း၊ လပိုင်း စကားပြောစက် ကိုင်ဆောင်ထားသော ဝန်ထမ်း အနည်းဆုံး ငါးဦးဖြင့် ကန့်သတ်ထားသော ခရီးသည်တင်ဆောင်ရန်နှင့် ယာဉ်အတက်အဆင်း စစ်ဆေးခြင်းကို ကင်ပွန်းစခန်းအထွက် စစ်ဆေးရေးဂိတ်၊ တောင်တက်

ဘုရားဖူးခရီးသွားများ ပိုမိုဘေးကင်းလုံခြုံမှုရှိစေရန် ယာဉ်လိုင်းစစ်ဆေးရေးအဖွဲ့. . .

လုပ်ကိုင်ခွင့်ပိတ်သိမ်းခြင်းစသောအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၀၈ ခုနှစ်တွင် တောင်တက်ယာဉ်တစ်စီးမှာ ရှေ့ဘီးတာယာကွဲကာ ဘေးရှိမြောင်းနှုတ်ခမ်းပေါ်တက်၍ ချောက်ထဲထိုးကျခဲ့သဖြင့် လူသုံးဦး သေဆုံးခဲ့သော ဖြစ်စဉ်ရှိသောကြောင့် ဘုရားဖူးခရီးသွားများ ပိုမိုဘေးကင်းလုံခြုံမှုရှိစေရန် ယာဉ်လိုင်းစစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးရေးဂိတ်တစ်ခုလျှင် လက်ကိုင်လမ်း ၄ မိုင် ၆ ဖာလုံရှိ ၁၀ မိနစ်ဂိတ်၊ ရသေ့တောင်ကားဂိတ်နှင့် တောင်ပေါ်ရှိ ကျိုက်ထီးရိုးလမ်းဆုံကားဂိတ်တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဂိတ်ကစထွက်မယ်ဆိုတာနဲ့ ယာဉ်နောက်လိုက်က ကားပေါ်မှာပါတဲ့ လူဦးရေစာရင်းကို ရေတွက်ပြီး သတ်မှတ်ချက်ထက်ပိုနေရင် ဂိတ်မှာ တရားဝင်အသိပေးပြီး ငွေဖြတ်ခဲ့ရပါမယ်။ မသိချင်ယောင်ဆောင်ပြီး တင်လာတာတွေရင် ခရီးသည်တစ်ဦးရဲ့ ယာဉ်စီးခကို သုံးဆနှုန်း ဒဏ်ငွေဆောင်ရပါမယ်။ တစ်ခါတလေ လူများတဲ့ စနေ၊ တနင်္ဂနွေနဲ့ အစိုးရရုံးပိတ်ရက်တွေမှာ ခရီးသည်တွေကို ကားပေါ်က ပြန်ဆင်းခိုင်းရင် မသင့်တော်လို့ အန္တရာယ်မဖြစ်ဘူးဆိုရင် သတ်မှတ်ချက်ထက်ပိုပြီး လိုက်ပါစီးနင်းတာရှိပေမယ့် စစ်ဆေးရေးဂိတ်ရောက်ရင် ယာဉ်နောက်လိုက်က ပိုတဲ့ခရီးသည်တွေရဲ့ ယာဉ်စီးခငွေတွေကို အကုန်ပြန်သွင်းရပါတယ်" ဟု ယာဉ်လိုင်းထိန်းသိမ်းမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝိတင်က ပြောသည်။

ကင်းပွန်းစခန်းမှ ရသေ့တောင်ပေါ်သို့ တောင်တက်ယာဉ်လိုင်းကို ၂၀၀၅ ခုနှစ်မှ စတင်ခဲ့ပြီး၊ လက်ရှိတွင် ခရီးသည်တင်ယာဉ် ၁၄၃ စီးအား ယာဉ်နောက်ပိုင်း ၄၁ ဦး၊ ယာဉ်ရှေ့ခေါင်းပိုင်း ၅ ဦး လိုက်ပါစီးနင်းရမည်ဟူသော စည်းကမ်းချက်ဖြင့် ပြေးဆွဲစေကာ ယခုနှစ်မေလတွင် နေ့စဉ်ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုးတောင်ပေါ်သို့ ပြေးဆွဲနေသောယာဉ်အစီးရေ ၅၀ နီးပါးရှိကြောင်း သိရသည်။

စိုးအောင်ဖေ

သိမ်စမ်းကျေးရွာပညာတံခွန်(၁၄)စာကြည့်တိုက်အတွက်စာအုပ်လှူဒါန်း

ပညာတံခွန်(၁၄)စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းပွဲကျင်းပနေစဉ်။

ပုသိမ်၊ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ သိမ်စမ်းကျေးရွာ ပညာတံခွန်(၁၄) စာကြည့်တိုက်တွင် စာအုပ်လှူဒါန်းပွဲကို မေ ၈ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး HE.Mr Hagay M. BEHAR၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးငွေထွန်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာလာဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို ၊ မရမ်းချောင်းကျေးရွာအုပ်စု၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ရွှေမြင်တင်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီးက စာအုပ်စာစောင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်များကို လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူက သိမ်စမ်းကျေးရွာ ပညာတံခွန် (၁၄)စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းမှုကို ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သတင်းတို

မြန်အောင်တွင် သုံးလကြာသင်ကြားမည့် အရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၄) ဖွင့်လှစ်

အရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၄) ဖွင့်ပွဲကို မြန်အောင်မြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် မေ ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းအခမ်းအနားတွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက သင်တန်းသူများကို သင်တန်းကာလတွင် စည်းကမ်းနှင့်အညီနေထိုင်ကြရန်၊ သင်ကြားပေးသောဘာသာရပ်များကို သေချာလေ့လာ သင်ယူကြရန်နှင့် သင်တန်းကာလပြီးဆုံးသည်အထိ တက်ရောက်ကြပြီး မိမိရပ်ရွာဒေသအားကိုးရသော ကျန်းမာရေးဆရာမများဖြစ်အောင် ကြိုးစားကြရန် မှာကြားခဲ့ကြောင်းသိရသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းထိန်က သင်တန်းတွင် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြား ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။သင်တန်းသို့ မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

ချမ်းလုံး
PH: 09 ... www.chanlone.com

အမည်ပြောင်း

ဖခင်အမည်မှန်

ဖခင်အမည်မှန်

PHP & MySQL Web Application
Dynamic Web Application Development Course
PHP Fundamental Techniques, Object Oriented Techniques Database Accessing Techniques Client Side Techniques HTML, CSS, Javascript
Technologies Apply Project
Enroll Now!
Gusto
289(A), Pyay Road, Sanchaung Tsp, Yangon.

21 AD @ BILLBOARD ADVERTISING
ပုသိမ်
လားရှိုး
မော်လမြိုင်
ပခုက္ကူ
မုံရွာ
ရန်ကုန်
(SAKURA)
☎ 01 377093 ☎ 373036 09 73043672 09 73200189

ဆောင်းပါး

ချုပ်တည်းခြင်းငှာ မတတ်သာ ရင်ဖွင့်လို၍သာ

à v(rt)jif

မကြာမီက တရားရိပ်သာတစ်ခုတွင် စာရေးသူတို့ ရိပ်သာဝင်အချင်းချင်း စကားစပ်မိရာက ဘဝတူများဖြစ်နေ၍ နှစ်ယောက်သား ပြိုင်တူမျက်ရည်မိုးစွေခဲ့ရပါသည်။

စီးပွားရေး ပြေလည်သူများဖြစ်သော်လည်း ဒေါမနဿ စိတ်ပင်ပန်းဆင်းရဲမှုကြောင့် အေးငြိမ်းရာရှာမိသူချင်းမို့ ဤသို့ ဆုံမိခဲ့ကြခြင်းဖြစ်ပါသည်။ သားနှစ်ယောက်စီ ကိုယ်စီရှိကြပြီး လူပျိုအရွယ်များဖြစ်သော်လည်း ဂိမ်းကစားခြင်းကို ချော့လိုက်ခြောက်လိုက်နဲ့ပင် တားဆီးမရ၍ လက်လျှော့ အရှုံးပေးထားရသူများပါ။

အစိုးရကျောင်းပညာ၊ အကယ်ဒမီကျောင်းပညာနှင့် ဆရာဝန်စာမေးပွဲကျရှုံးသည်ထိ မိဘများ အပင်ပန်းခံရှာဖွေရသမျှ ငွေကြေးကုန်ကျခံကာ မျှော်လင့်ထားသမျှ သဲထဲရေသွန် ရင်နာဖွယ်ရာတွေပါ။

ယခင် ဂိမ်းမဆော့ခင်အချိန်ကနှင့်ယှဉ်လျှင် စိတ်နှလုံးကြမ်းတမ်းလာပြီး အိမ်တွင်ဂိမ်းဆော့ခြင်းနှင့် အားမရ၍ ဂိမ်းဆိုင်တွင်အချိန်ကုန်၊ ပေးသမျှမုန့်ဖိုး ဂိမ်းဖိုးဖြစ်ကာ မိဘမှခိုင်းသည့်အလုပ်ကိုပင် အလွဲလွဲအချော်ချော် မှတ်ဉာဏ်မေ့၊ ပညာ၊ စီးပွား၊ လူမှု၊ ကုသိုလ်၊ အားကစားရေးပေါင်းများစွာ အားလျော့လာပြီး စိတ်မဝင်စားတော့ပါ။ ဂိမ်းအတွင်းတိုက်ပွဲများပမာ ရန်လိုရိုင်းစိုင်းစိတ်သာကြီးစိုးလာ၍ မိဘမှချော့ပြောသော်လည်း မနာခံ၊ ခြောက်ပြောပြန်သော်လည်း ဒေါသထွက် ဝုန်းဒိုင်းကြဲပြ၍ သူတို့ကိုပင် ပြန်ကြောက်နေရသည့်အဖြစ်။

ဂိမ်းဆိုင်များတွင် လူငယ်များရှိနေခြင်းမှာ တိုင်းပြည်အနာဂတ်အရေး ရင်လေးဖွယ်ရာပါ။ ဉာဏ်၊ ဝီရိယနည်း၍ စရိုက်ကြမ်းသော ယောကျ်ားသားများ ပေါများလာပါက ကြီးစွာသောအန္တရာယ်ပင်။

မကြာမီ ကျောင်းဖွင့်တော့မည်။ လွန်ခဲ့သော နှစ်အတော်ကြာကတည်းက ကျောင်းသားအချို့သည် ကျောင်းချိန်တိုင်း ဂိမ်းဆိုင်တွင်အချိန်ဖြုန်းကာ မုန့်ဖိုးနှင့်ထမင်းဘူးကို ဂိမ်းဆိုင်တွင်သာ ဖြုန်းတီးစားသောက်ပြီးမှ ကျောင်းလွှတ်ချိန် ကွက်တိအိမ်ပြန်ကြ၍လည်း စာမေးပွဲကျရှုံးခဲ့ကြပါသည်။

ခေတ်လူငယ်အများစု ဆော့ကစားနေသော ဂိမ်းဆိုင်များအားလုံး ပိတ်သိမ်းသင့်ပါသည်။ အရေးတစ်ခုအနေဖြင့် သတ်မှတ်ကာ နိုင်ငံအကြီးအကဲအများနှင့် မိဘပြည်သူ လူမှုရေးအသင်းအဖွဲ့အမျိုးမျိုးမှ အကြံဉာဏ်များရယူကာ မူးယစ်ဆေးဝါးကဲ့သို့ တိုက်ထုတ်ဖို့ အချိန်တန်ပါပြီ။ မူးယစ်သားကောင်သဖွယ် ဂိမ်း၏သားကောင်များသည်လည်း အညွန့်တုံးစေပါသည်။

> အစိုးရကျောင်းပညာ၊ အကယ်ဒမီကျောင်းပညာနှင့် ဆရာဝန်စာမေးပွဲ ကျရှုံးသည်ထိ . . .

အိုင်တီထွန်းကားသော ယခုလိုခေတ်တွင်ပင် ဂိမ်းမှာ လူငယ်တွေနဲ့ မစိမ်းတော့။ လူတိုင်းလိုလို လက်ကိုင်ဖုန်း အသုံးပြုလာသော ယခုလိုခေတ်တွင် ဂိမ်းမှာ နေရာတိုင်းလိုလိုပင် ဂိမ်းရှိနေပါသည်။ ဘယ်လက်ကိုင်ဖုန်းမဆို ဂိမ်းပါပါသည်။

လူငယ်များ ဂိမ်းဆော့ခြင်းနှင့်ပတ်သက်၍ မိဘပြည်သူအားလုံးတို့၏ ခံစားချက်များကို ဝိုင်းဝန်းရေးသားဖော် ထုတ်ကြစေလိုသည်။ မိမိတို့သားသမီး အညွန့်တုန်းမည့်အရေး ကြိုတ်မှိတ် မျိုသိပ်မထားကြပါနှင့်။ မိမိတစ်ဘဝကောင်းစားဖို့ရာ ဘဝများစွာ မျက်ရည်များစွာ ပေးဆပ်နေစေတာဟာ သမ္မာအာဇီဝ စင်ကြယ်မှု မဖြစ်နိုင်ပါ။

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမည့် အနာဂတ်၏ သားကောင်းရတနာ အညွန့်အဖူးကလေးများကို ပညာတတ် လူရည်မွန်ကလေးများ ဖြစ်လာစေဖို့ရာ သားသမီးရှိသော မိဘတိုင်း ကိုယ်ချင်းစာတရား လက်ကိုင်ထားသော သူတော်ကောင်းများနှင့် အမြော်အမြင်ကြီးသော ပညာရှင်များအားလုံး ပူးပေါင်းလက်တွဲ၍ အနာဂတ်အရေး မျှော်တွေးကာ အလေးထား ဆောင်ရွက်နိုင်ကြစေဖို့ ဆန္ဒပြုလိုက်ရပါသည်။

ဂိမ်းဆိုင်များ စီးပွားရှာခြင်းသည် အနာဂတ် သားကောင်းရတနာများ၏ ဘဝများစွာ၊ မိဘများ၏ မျက်ရည်များစွာကို အရသာခံနေခြင်းဖြစ်သလို ဝဋ်ဟူသည် လည်မြဲပါ။

ဤသို့ရေးသား၍ ဒေါသမဖြစ်စေလိုပါ။ ကိုယ်ချင်းစာတတ်လျှင် ဆင်ခြင်မိမှာပါ။ မူးယစ်ဆေးကဲ့သို့ အရူးအမူး စွဲလန်းနေကြ၍ ရင်နာလွန်းလို့ပါ။ စာရေးသူလည်း အိမ်ခန်းတွေငှားသည့် အိမ်ရှင်တစ်ဦးပါ။ ရပ်ကွက်ပေါက်ဈေးထက် လျှော့ငှားပါသည်။ နေ့စဉ်လည်း ဘုရားမှာ တန်ဖိုးနည်းအငှားအိမ်ခန်းတွေ များစွာပေါ်ထွက်လာပြီး နေရာဒေသအနှံ့ အိမ်ဝယ်မနေနိုင်သူတွေအတွက် သူတို့ဘဝလေးတွေ အသက်ရှူချောင်စေဖို့ ဆုတောင်းမေတ္တာပို့သလျက်ပါ။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ စုပေါင်းရုံးဝင်း တောင်ဘက်တွင် ပြည်သူ့ရင်ပြင်တည်ဆောက်မည်

မြန်အောင်၊ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ ဗောဓိပင်လမ်းနှင့် ပရိက္ခရာလမ်းထိပ် စုပေါင်းရုံးဝင်း တောင်ဘက် ခြမ်းတွင်ပြည်သူ့ရင်ပြင် တည်ဆောက်လျက်ရှိနေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ မြို့နယ်စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ အစည်းအဝေးပြုလုပ်ခဲ့ပြီး အစည်းအဝေး၏ ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ရင်ပြင်တည်ဆောက်ရေးအတွက် မတ် ၂၉ ရက် နံနက် ၇ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် တိုင်းဒေသကြီးဝန်ကြီးတို့မှ ပန္နက်ချပေးခဲ့ပြီး ဝန်ကြီးဦးသန်းဌေး၏ ပံ့ပိုးမှုဖြင့် ဘိလပ်မြေအထောက်အပံ့များ ရရှိခဲ့သည်။

၎င်းမြို့တွင်းရှိ မြစ်သဲ၊ မြစ်ကျောက်လုပ်ငန်းရှင်များကလည်း အဆိုပါ ပြည်သူ့ရင်ပြင်ဆောက်လုပ်ရန်အတွက် လိုအပ်သော မြစ်သဲ၊ မြစ်ကျောက်များကိုလည်း လှူဒါန်းခဲ့ကြသည်။

ရင်ပြင်အလယ် ပရိက္ခရာလမ်းထိပ်တွင်လည်း လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ကို ပြောင်းရွှေ့တည်ဆောက်သွားမည်ဟု သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၏ အင်္ဂါရပ်တစ်ခုအဖြစ် ပြည်သူ့ရင်ပြင်ကြီး ပေါ်ပေါက်လာတော့မည်ဖြစ်သောကြောင့် မြို့သူမြို့သားများ ကျေနပ်လျက်ရှိကြောင်း သိရသည်။

လှိုင်သာယာတွင် အခွန်ဆိုင်ရာနှင့် အခွန်ဥပဒေပါပြဋ္ဌာန်းချက်များ ရှင်းလင်း

ရန်ကုန်၊ မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးရုံး၊ ကနောင်ခန်းမ၌ လှိုင်သာယာမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ မေ ၇ ရက် နံနက် ၁၀ နာရီတွင် အခွန်ဆိုင်ရာ အသိပေး ရှင်းလင်းပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ယု၊ လှိုင်သာယာမြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန်ကော်မတီဥက္ကဋ္ဌများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသော ဧည့်သည် ၁၂၀ တို့ တက်ရောက်ခဲ့သည်။

မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး အခွန်ဆိုင်ရာ ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းချက်များနှင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ ပြဋ္ဌာန်းချက်တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအရာရှိများက ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

ပင်ဝါးရုံစာပေ
နွေရာသီ စာအုပ် အထူးဈေးရောင်းပွဲများ
၁၀၊ ၅၊ ၂၀၁၄ မှ ၁၈၊ ၅၊ ၂၀၁၄ အထိ
ကလေးတို့အတွက် သုတ၊ ရသ စာအုပ်များ
မိဘ ဆရာ လက်စွဲစာအုပ်များ
စာပေလောက -၆ (မြောက်ဥက္ကလာ)၊ စာပေလောက -၇ (တောင်ဥက္ကလာ)
စာပေလောက (လှည်းတန်း)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဆောက်လုပ်ရေးလုပ်ငန်းများအတွက်

အမည်ပြောင်း

အမည်ဖြည့်စွက်ခြင်း

Air Con
Hp:09-5026457

ဂျပန်နိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်လိုသူများ
အမြန်ဆက်သွယ်ရန်
ဆက်သွယ်ရန်လိပ်စာ - MIBT General Services Co., Ltd. (Licence No.57/2013)

ကြော်ငြာ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၃-၅-၂၀၁၄ ရက် နေပြည်တော်၌ ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနား၌ နိုင်ငံတော်သမ္မတ ကိုယ်တိုင်ချီးမြှင့်ပေးအပ်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု **(အကျိုးအမြတ်ရယူသောထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု)**အား ဂုဏ်ပြုချီးမြှင့်ခံရသည့် **မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်** အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့အကျိုးပြုဆိုင်ရာ သမဝါယမကဏ္ဍတွင် ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၊ သမဝါယမအသင်းစုချုပ်
နေပြည်တော်ကောင်စီနယ်မြေ

မွေးနေ့မင်္ဂလာပါ ဖေဖေ

ဖေဖေ ဦးမြင့်ဦး(ခ) ဦးအောင်မြင့်ဦး (သိန်းသန်းဦး ပုံနှိပ်တိုက်)၏ မေလ ၁၁ ရက်နေ့တွင် ကျရောက်သော မွေးနေ့ မွေးရက်မှစ၍ သက်ရှည်ကျန်းမာ၍ ဘာသာသာသနာအကျိုးကို ပို၍ လုပ်ဆောင်နိုင်ပါစေလို့ ချစ်သားသမီးမြေးများမှ ဆုတောင်းမေတ္တာပို့သပါတယ် ဖေဖေ။

သားကြီး	-	**မင်းမင်းဦး-သက်နွယ်ဝင်း**
		(ဒု-ညွှန်ချုပ်-သတ္တုတွင်းဝန်ကြီးဌာန)
သားလတ်	-	**အောင်နိုင်ဦး-ဥမ္မာကျော်**
		(U.S.A)
သမီးကြီး	-	**တင်မြင့်ထွေး-သိဂီဦး**
		(သိန်းသန်းဦး ပုံနှိပ်တိုက်)
သားငယ်	-	**သန့်ဇင်ဦး-အိမ့်မြတ်မွန်**
		(နေကမ္ဘာမြန်မာဆောက်လုပ်ရေး)
သမီးငယ်	-	**ဆွေသန္တာဦး(U.S.A)**
ချစ်မြေးများ	-	**ဂျူလုံး၊ စတီး၊ ကိုသန့်၊ စတား၊ စတိုင်မ၊ သားမောင်၊ ဦးပု၊ သားကောင်း၊ ဘွတ်ဘွတ်၊ မီးမီး**

အခွန်ထမ်းပြည်သူများသို့ ပန်ကြားချက်

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်၍ တည်ထောင်ထားသည့် ကုမ္ပဏီများ၊ သမဝါယမအသင်းအဖွဲ့များသည် ဝင်ငွေခွန် ဥပဒေပုဒ်မ(၁၇)အရ ဝင်ငွေကြေညာလွှာများကို နှစ်စဉ် ဇွန်လ ၃၀ ရက် နောက်ဆုံးထား၍ တင်သွင်းရန် တာဝန်ရှိပါသည်။

ဝင်ငွေကြေညာလွှာသတ်မှတ်ပုံစံ၊ ရှင်းလင်းချက် အပိုဒ်(က)တွင် အခွန်ထမ်း၏ စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်မှု စာရင်း၊ ကုန်သွယ်မှုစာရင်း၊ အရှုံးအမြတ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းအပါအဝင်ဖြစ်သည့် သက်ဆိုင်ရာနှစ်အတွက် စာရင်းရှင်းတမ်းတစ်စောင်ကို ဝင်ငွေကြေညာလွှာနှင့်အတူ ပူးတွဲပေးပို့ရန်လိုအပ်ကြောင်း ပြဋ္ဌာန်းဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၇အရ ဝင်ငွေကြေညာလွှာ တင်သွင်းရာတွင် ဝင်ငွေကြေညာလွှာနှင့်အတူ နှစ်ချုပ်စာရင်းရှင်းတမ်းတစ်ပါတည်း ပူးတွဲပေးပို့ရန် ပျက်ကွက်ပါက ပြည့်စုံသော ဝင်ငွေကြေညာလွှာ တင်သွင်းခြင်းမဟုတ်ဟု သတ်မှတ်ကာ အခွန်ဥပဒေများနှင့်အညီ ဒဏ်တပ်ရိုက်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

နှစ်ချုပ်စာရင်းများကို စစ်ဆေးအတည်ပြုပေးသည့် စာရင်းစစ်/စာရင်းကိုင်လုပ်ငန်းအဖွဲ့များ (Audit Firms)သည် နှစ်ချုပ်စာရင်းများကို ပြည်တွင်းအခွန်များဦးစီးဌာနက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုစုအတည်ပြုပေးကြပါရန် ပန်ကြားအပ်ပါသည်။

ဤပန်ကြားချက်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသည်များကို ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးရှိ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

၀၁-၂၅၂၄၂၇	၀၁-၃၇၆၉၆၃	၀၁-၃၇၆၉၆၅
၀၁-၃၇၈၃၅၇	၀၁-၃၇၁၉၄၉	၀၁-၃၇၁၂၇၀
၀၁-၃၇၁၂၀၁	၀၁-၃၇၁၇၇၆	၀၁-၃၇၆၉၆၄

ပြည်တွင်းအခွန်များဦးစီးဌာန

လယ်တီ (၁၀)ရက်စခန်းကျင်းပမည်

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ်၊ ကိုးထပ်ကြီး အရှေ့ဘက်မုခ် (ဗဟိုရ်လမ်း) ဓမ္မိကာရာမကျောင်းတွင် လစဉ် ၁၅ ရက်မှ ၂၄ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ဓမ္မဒါန ပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉ ၂၅၄၀၇၁၈၈၁၊ ၅၁၉၀၉၆

ရောင်း/ငှားမည်(ဇလပ်ပွင့်)

ဖုန်း-၀၉-၅၀၁၈၀၇၆၊ ၀၉-၅၁၉၂၀၂၂၊ ၀၉-၃၁၅၄၈၃၄၈

-	မ/ဒဂုံ(၃၂) ရပ်ကွက် ဦးကြင်ဥ လမ်းသွယ် 40' x 60' ဂရန်	850 L
-	မ/ဒဂုံ(၂၉) ပင်လုံလမ်း၊ ဒွဲပေါက် 40' x 60' ဂရန်	1300L
-	မ/ဒဂုံ(၃၁) ကျောင်းလမ်းဒွဲပေါက် 40' x 60'၊ 2BN ဂရန်	1100L
-	မ/ဒဂုံ(၃၂) ကျောင်းလမ်း ကျောကပ် 40' x 60' ဂရန် L ကွက်	1200L
-	ဝိဇ္ဇာလမ်း (၉)မိုင် 40' x 60' ဂရန်၊ မြေ	3800L
-	ပြည်လမ်းသွယ် (၈)မိုင် 50' x 120' ဘိုးဘွား	9500L
-	ဗဟိုလမ်း(မရန်းကုန်း) 12' x 43'၊ ပထပ်	270L
-	မုဒိတာကွန်ဒို (မရမ်းကုန်း) 900 sqft -4f, M-1, S2 ပြင်ဆင်ပြီး	410L
-	Ocean ကွန်ဒို (၉)မိုင် 1550 sqft 7f, M1, S2 ပြင်ဆင်ပြီး	2400L
-	အင်းစိန်လမ်းမ - ဂုတ်(သမိုင်း) 13' x 40' မြေညီ၊ တိုက်သစ်	500L
-	Junction-8 အနီး 40' x 50' 2BN, M1 S3, 2AC, Ph	10L
-	စမ်းချောင်း(ဓမ္မိကဝတီ)လမ်း 25' x 60' 2BN, ကားပါကင်ရ	3L
-	ပါရမီရိပ်သာ(မရမ်းကုန်း) 65' x 50' RC 1½ M4 ပြင်ဆင်ပြီး	28L
-	စသုံးလုံးကွန်ဒို(လှည်းတန်း) 1680 sqft M2, S2-4AC ပြင်ဆင်ပြီး	15L

ရှင်သာမဏောဓမ္မဗိမာန်
အာဇာနည်လမ်း၊ ဗဟန်းမြို့နယ် ဖုန်း-၀၁-၃၈၇၃၆၁
ဖြပ္ပဗာလသုတ်တရားတော်
(ဒိဋ္ဌိကွန်ရက်ဖြေရှင်းချက်သင်တန်း)

မြတ်ဘုရားသာသနာ နှင့် မကြုံဆုံခဲ့ရသဖြင့် သတ္တဝါတို့၏ သန္တာန်၌ ဖြစ်တည် ယူမှားမိတတ်ကြသော (၆၂)ပါး မိစ္ဆာဒိဋ္ဌိအယူမှား တရားဆိုးများဖြစ်ကြောင်း၊ ချုပ်ငြိမ်းကြောင်း၊ ပယ်သတ်နိုင်မည့် နည်းလမ်းကောင်းများကို သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် ရှင်းလင်းထုတ်ဖော် ဟောတော်မူထားသည့် ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ် ပါဠိတော်လာ "ဖြပ္ပဗာလသုတ်တရားတော်" (ဒိဋ္ဌိကွန်ရက်ဖြေရှင်းချက်)သင်တန်းကို ယောဂီသူတော်စင်များ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သတိပဋ္ဌာန်ဆရာတော် အရှင်ကုဏ္ဍိယ(သျှင်မိုးဝေ)က အောက်ပါနေ့ရက်၊ အချိန်တို့၌ ဓမ္မဒါန ဟောပြောပို့ချသင်ကြားပေးမည်ဖြစ်ပါသည်။

နေ့ရက်- ၂၁-၅-၂၀၁၄ ရက်မှစ၍ အပတ်စဉ်(ဗုဒ္ဓဟူး၊ ကြာသပတေး)
အချိန် - နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီထိ (သင်တန်းကာလ-တစ်လသင်တန်း)

ဒေါ်ခိုင်ခိုင်ဝင်း

B.Sc(Chem), DA, LCCI(UK), ACCA Part II

LCCI, ACCA

Ph : 0930 67748, 0931021600

အလှပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spaနှင့် မိတ်ကပ်ဆံထုံး၊ လက်သည်းပန်းချီ၊ လက်မွေး၊ ခြေမွေး အရောင်သွင်း၊ ပန်းအလှပြင်အခြေခံနှင့်အထက်ပါ ဘာသာရပ်(၃၄)မျိုးကို သင်တန်းကြေး(တစ်သိန်းခွဲ)နှင့် (၂)လအတတ်သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူ ပစ္စည်းဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာစုံသင်တန်းကြေး(တစ်သိန်း) နယ်မှ လာသူများကို အဆောင်စီစဉ်ပေးပါသည်။ ညအချိန်ပိုင်း သင်တန်းရှိသည်။

ဖုန်း-၀၉-၄၉၂၆၈၃၀၅၊ ၀၉-၂၅၄၀၇၄၅၄၅

ဝန်ထမ်းအလိုရှိသည်

၁။ စာရင်းကိုင် အမျိုးသမီး (၃) ဦး

လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်

၂။ ယာဉ်မောင်း အမျိုးသား (၁) ဦး

ယာဉ်မောင်းလိုင်စင် (ယ)ရှိသူဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်၊ အနေအထိုင်အစားအကောင်းရှင်းသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

မမြပါလ

KEY German+English

စကားပြောသင်တန်း
အရေး၊ အပြော၊ အဖတ် အတတ်သင်သည်
28,4(A) မင်္ဂလာလမ်း၊ လှည်းတန်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၄၁၀၀၃၃၈၅

ရောင်းမည်

လှိုင်သာယာ၊ (၁၁)ရပ်ကွက်
ပေ(၂၀×၆၀)၊ ပါမစ် ၂၄၅ သိန်း
Ph:09-5087499,
09-420106922

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၉၀၁၊ မြေကွက်တည်နေရာအမှတ်(၉၀၁)၊ ကျော်သူ(၁၈)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးရှိန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးရှိန်ထံမှ အမွေထိန်းလက်မှတ်စာ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတရားမအထွေထွေမှုအမှတ်-၉၅/၂၀၁၃ ဖြင့် ရရှိခဲ့သူ ဦးကြည်ဆွေ[၁၂/ဥကမ(နိုင်)၀၃၄၃၂၆]ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၇၀၅၉(၇-၃-၁၄)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်သန်းသန်းအေး[၁၃/ကတန(နိုင်)၀၅၉၅၃၆]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၁၆၄၉(၁၃-၃-၁၄)ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

အထက ပေါင်းတလည်မြို့ ဒသမတန်းနေ(ဘ) ဦးအောင်မျိုးဝင်း၏သား မောင်ဟိန်းမြင့်မြတ်မောင်[၇/ပမန(နိုင်)၂၀၃၀၈၅]အား မောင်ဟိန်းသန့်ထည်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းသန့်ထည်

Fully Auto

Ph:09 731 99 410
09420035882, 420035884

ဒေါက်တာအေးမြင့်

Ph.D (Medical Astrology), Ph.D (Palmistry) (Kol, India)

02 - 61442 , 09 20 56 248, 09 4440 17 478, 09 20 56 279

အမြန်ရောင်းမည်

Land Cruiser - ပုံပြောင်း/အနက်ရောင်(2008)Model
မှတ်ပုံ - Kilo 2 ကောင်း သာသာ ဈေး - 1150 သိန်း
ဆက်သွယ်ရန်ဖုန်း - 09 2540 36 876 (ရုံးချိန်အတွင်း)

တိုက်ခန်းရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

(၁)တာမွေ(လမ်းသစ်) 16'× 65' ပြင်ပြီးရေ့နောက်(နှစ်)ကြွေ ပြည့်ကပ်ပါ၊ ကားရောင်းအိပ်ခန်း(၂)ခန်း ရေချိုးခန်း/ အိမ်သာ AC ၃ကြိမ်ထပ် ခေါ်ဈေး-၆၀၀သိန်း

(၂)တာမွေ(လမ်းသစ်) 13'× 60' ပြင်ပြီးအိပ်ခန်း(၁)ခန်း ရေချိုးခန်း ဆောင်ဘုံကြွေပြားခင်း/ ကက်ဘိနက်ပြင်ဆင်ပြီး ပထမထပ် ခေါ်ဈေး-၆၃၀သိန်း

ဆက်သွယ်ရန်-၀၉၇၃၁၆ ၂၀၁၄ (ရုံးချိန်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောတင်

အသက်(၈၈)နှစ်

ဦးတင်ဇံကျော်-DEVICE BUSINESS MANAGEMENT ACADEMY ၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်စောတင်သည် ၈-၅-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂နာရီခန့်တွင်သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
M9 GROUP CO.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောတင်

အသက်(၈၈)နှစ်

ဆရာ-ဦးတင်ဇံကျော်-DEVICE BUSINESS MANAGEMENT ACADEMY၏ မိခင် ဒေါ်စောတင်သည် ၈-၅-၂၀၁၄ ရက်(ကြာသပတေးနေ့) နံနက် ၂နာရီခန့်တွင်သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ဆရာနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်(ရုံးချုပ်)၊ MDY ရုံးခွဲ၊ ရန်ကုန်နှင့်နယ် BRAND SHOP
များမှဝန်ထမ်းများ
M9 GROUP CO.,Ltd.

တစ်လပြည့်လွမ်းဆွတ်ခြင်း

ဒေါ်အေးမြင့်(ပုတီးကုန်း)

အသက်(၅၉)နှစ်

အလယ်တန်းပြဆရာမ၊ အ. ထ. က(၅)အင်းစိန်

မေကြီးရေ. . . .

မေကြီးကွယ်လွန်ခဲ့တာ ဒီနေ့ဆို တစ်လတင်းတင်းပြည့်ခဲ့ပါပြီ။

အမြဲသတိရနေမြောတမ်းတရင်း မေကြီးအတွက် ကုသိုလ်ကောင်းမှုတွေ မပြတ်ဆောင်ရွက်ခဲ့ပါတယ်။ သီဟဋ္ဌဒီပ(အင်းစိန်)၊ ဇမ္ဗူဒီပ(တောင်ဥက္ကလာ)၊ ဓမ္မဒီပ(သန်လျင်)၊ ဟမ်းဆီး(တောင်ကြီး)၊ကျောက်ဖူး(ပန်းတောင်း)၊သီတဂူတပ်အလယ်ကျောင်း (သဲကုန်း)၊ ဇီဝိတဒါနသံဃာ့ဆေးရုံ(ရန်ကုန်)၊သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)စတဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ကျန်ရစ်သူမိသားစုနှင့်တကွ တပည့်တပန်း၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများက ကုသိုလ်ကောင်းမှုတွေပြုပြီး အမျှအတမ်းပေးဝေခဲ့ကြပါတယ်။

သာဓုအနုမောဒနာတရားနာကြားရပြီး၍ အမျှအတန်းရယူကာ ကောင်းရာမွန်ရာဘဝကို ရရှိနိုင်ပါစေ. . .

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအုန်းကျော်

အသက်(၇၄)နှစ်

သတ္တဗေဒဌာန(ငြိမ်း)၊ မော်လမြိုင်ကောလိပ်

ဆရာဦးအုန်းကျော်သည် ၃-၅-၂၀၁၄ရက်(စနေနေ) တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

၁၉၇၅-၇၉ သတ္တဗေဒ
ကျောင်းသား/သူဟောင်းများ
မော်လမြိုင်ကောလိပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာခင်စန်းဝေ

(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)

အသက်(၆၅)နှစ်

သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်စန်းဝေ အသက်(၆၅)နှစ်သည် ၅-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ဌာနမှူးပါမောက္ခများနှင့် သားဖွားမီးယပ် အထူးကုဆရာဝန်များ
ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့။

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးဉာဏ်ဝင်း

အသက်(၆၂)နှစ်

ကထိက(ငြိမ်း)နည်းပညာတက္ကသိုလ်

ချစ်လှစွာသောခင်ပွန်း ဦးဉာဏ်ဝင်း(၆၂)နှစ်သည် ၁၁-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားသည်မှာ တစ်လပြည့်ဖြစ်၍ ကုသိုလ်ကောင်းမှုအစုစုတို့အား ကျန်ရစ်သူမိသားစုနှင့်ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့မှ အောက်မေ့သတိရစွာဖြင့် အမျှကုသိုလ်ပေးဝေအပ်ပါသည်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေသော်။

ဇနီးနှင့်သားသမီးများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ကျင်ရီ(ဖျာပုံ)

အသက်(၇၆)နှစ်

ဦးဝင်းထွဋ်(ဒါရိုက်တာ)ရောင်နီဦးဝန်ဆောင်မှုကုမ္ပဏီ၏ မိခင်ကြီးသည် ၄-၅-၂၀၁၄ ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Yauing Ni Oo Services Co.,Ltd.မှ
MD နှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးညွန့်မောင်(ခ)အနက် အသက်(၅၄)နှစ်

ကျောက်မဲ ယူနန်စားသောက်ဆိုင်

ကိုသားငယ်(ခ)ကိုသူရထွန်း-ဆွေဟုတ်(ခ)မစီစီအောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးညွန့်မောင်(ခ)အနက် (၅၄)နှစ်သည် ၇-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

Aspidin Co.,Ltd မိသားစု
ရန်ကင်းစင်တာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ကြည်(ခ)Radha

အသက်(၁၀၃)နှစ်

(မော်လမြိုင်)

အမှတ်-၅၈၊ ဥသဘရားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်နေ Captain ဦးခင်မောင်ဆန်း-ဒေါက်တာနုနုမိုး၏ မိခင် ဒေါ်ခင်ကြည်(ခ)Radha သည် ၄-၅-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

(ဦးပီတာခင်မောင်(ခ)B Krishna Naidu-ဒေါ်လှကြည်(ရှာမလာဒေဝီ)
ဦးတင်ရွှေ(ခ) Suresh [Innwa Brother(Mdy)Ltd]-ဒေါ်ယုယုမိုး(ခ)ဒေါ်လီ

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးလှသိန်း(ညောင်ပင်လေးဈေး)

မိသားစုကိုခွဲခွာသွားတာ မနေ့၊တစ်နေ့ကလိုပါပဲ၊ တစ်ရက်လေးမှမေ့မရခဲ့ပါဘူး၊ လစဉ်၊ လတိုင်းလည်းဆွမ်း၊ ကွမ်းအစရှိသည်တို့ကို ရဟန်း၊ သံဃာတို့အား အစဉ်မပြတ်လှူဒါန်းပါတယ်။အခု (၁)နှစ်ပြည့်မှာလည်းလှူဒါန်းပြီးအမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝက သာဓုခေါ်ပါ။

အမျှ. . အမျှ. . အမျှ

ချစ်ဇနီးနှင့်သားသမီးများ
ဒေါ်ဖြူဖြူ
မခင်သက်ဇွန်(UCSY)
မောင်ထက်လင်းအောင်
(Dagon Uni)
မအိဖြိုးကြွယ်(Dagon Uni)

ဒေါ်ဆွေဆွေလှ(ခ)ဒေါ်တူး အသက်(၆၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကန်လမ်း၊ အမှတ်-၂၃၈(ဒီ)နေ၊ (ဦးမြင့်ဆွေ-ဒေါ်ခင်သန်းလှ)တို့၏သမီး၊ ဦးယုကြည်-ဒေါ်ကြင်ဥတို့၏သမီးချွေးမ၊ Drဦးစိုးကျော်၏ချစ်လှစွာသောဇနီး၊ Drအိအိစိုးကျော်-Dr ကိုကိုလတ်၊ ဦးဒေးဒေးစိုးကျော်-Dr အေးမို့မို့တို့၏ချစ်လှစွာသောမိခင်၊ မစွဲကိုင်သဲလှုပ်(ခ)Shannon၊ မောင်ကောင်းဂါမဏိဒေးဒေး၊ မောင်ထွဋ်သုန္ဒရဒေးဒေး၊ မောင်ထွန်းလင်းတေဇမောင်တို့၏ ချစ်လှစွာသော အဘွား၊ ဦးညိမ့်ဝေ (Bryan)-ဒေါ်ယဉ်ကြူ(Blossom)၊ (ဦးလှမြင့်(ခ)ဦးညို)- (ခင်စန္ဒာဝဏ္ဏ)၊ (ဦးစန်းမြင့်-ဒေါ်နီလာ)တို့ ၏ညီမ၊ ဒေါ်မြင့်မြင့်သန်း-ဦးဇာနည်၊ (ဦးဇော်တင့်)-ဒေါ်တိုက်နှင်းဆွေတို့၏ ချစ်လှစွာသော အစ်မ၊ တူ၊တူမ(၁၀)ယောက်တို့၏ အဒေါ်သည် ၈-၅-၂၀၁၄ရက် နံနက် ၁း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ (ကွယ်လွန်သူ အားရည်စူး၍ ၁၄-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ဆွေဆွေလှ(ခ)ဒေါ်တူး အသက်(၆၀)

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကန်လမ်း၊ အမှတ်-၂၃၈(D)နေ(ဦးမြင့်ဆွေ-ဒေါ်ခင်သန်းလှ)တို့၏သမီး၊ ဦးယုကြည်-ဒေါ်ကြင်ဥတို့၏ သမီးချွေးမ၊ Dr.ဦးစိုးကျော်၏ ချစ်လှစွာသောဇနီး၊ Dr.အိအိစိုးကျော်၊ Dr.ကိုကိုလတ်၊ ဦးဒေးဒေးစိုးကျော်-Dr.အေးမို့မို့တို့၏ချစ်လှစွာသော မိခင်၊ မစွဲကိုင်သဲလှုပ်၊ မောင်ကောင်းဂါမဏိဒေးဒေး၊ မောင်ထွဋ်သုန္ဒရဒေးဒေး၊ မောင်ထွန်းလင်းတေဇမောင်တို့၏ ချစ်လှစွာသောအဘွားသည် ၈-၅-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၁း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီမှ ၁၁နာရီတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးရှုမောင်

အသက်(၈၈)နှစ်

မြန်မာ့အသံ(ငြိမ်း)

မြန်မာ့အသံမှအငြိမ်းစားဝန်ထမ်း ဦးရှုမောင်(၈၈)နှစ်သည် ၄-၅-၂၀၁၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့ရုပ်သံဝန်ထမ်းဟောင်းများအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇံ(အင်ဂျင်နီယာမှူး)

ကုန်းလမ်းပို့ဆောင်ရေး

အသက်(၅၈)နှစ်

ကုန်းလမ်းပို့ဆောင်ရေးအခြေစိုက်အလုပ်ရုံအမှတ်(၃)၊ ရှစ်မိုင်၊ မရမ်းကုန်း အရာရှိရိပ်သာနေ မရွှေရည်သိန်းဇံ၏ ချစ်လှစွာသော ဖခင်၊ ဒေါ်သီတာမိုး၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းဇံ(အင်ဂျင်နီယာမှူး)သည် ၅-၅-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ကုန်လမ်းပို့ဆောင်ရေး

ဝမ်းနည်းကြေကွဲခြင်း

ဦးဟန်ထွန်းမောင်

[illegible]

အသက် (၇၄)

[illegible]

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်(၁ခ/၆၉၈၅၊ 1B/69 85)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စောတင်(ခ)Mavis (စစ်တွေမြို့)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အမှတ်-၄/၃/၆၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်နေ ဦးတင်ဇံကျော်(MD-Device Services Co.,Ltd.)-ဒေါ်မေမျိုးဇော် ညွန့်တို့၏ မိခင်သည် ၈-၅-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၂နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမျိုးသိန်း-ဒေါ်တင်တင်ဆွေ
မျိုးသိန်း အီလက်ထရွန်နစ်မိသားစု
Tri Treasures ကုမ္ပဏီမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဟန်ထွန်းမောင်

အသက်(၇၄)နှစ်

ဂေါပကအဖွဲ့ဝင်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ဝင် ဦးဟန်ထွန်းမောင်သည် ၇-၅-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၆နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်
ဂေါပကအဖွဲ့နှင့် ဂေါပကရုံးဝန်ထမ်းများ

ကြော်ငြာ

ဘုရားဒါယကာကြီး
ဦးစံထွန်း(သဲကုန်း) ကန်တော့ခံဆရာကြီး
အလယ်တန်းပြ(ငြိမ်း)၊ အထက(သဲကုန်း)၊ အထက(သဃ်န်းကျွန်း)
အသက်(၈၆)နှစ်

ပြည်ခရိုင်၊ သဲကုန်းမြို့၊ ထန်းရင်းရွာနေ (ဦးဘိုးလှောင်-ဒေါ်ဂွမ်း)တို့၏သား၊ (ဗိုလ်မှူးကြီးသိန်းဟံ-ဒေါ်သန်း)တို့၏ သားသမက်၊ အမှတ်(၇၄၃)၊ ဇဗ္ဗူလ (၄)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ခင်မိ၏ခင်ပွန်း၊ ဦးမြင့်ထွန်း-ဒေါ်မြင့်မြင့်စန်း၊ ဦးမင်းထွန်း-ဒေါ်ကျင်လှ၊ ဦးတင်လှ-ဒေါ်ဆွေဆွေထွန်း၊ ဦးဇော်ထွန်း၊ ဦးဝင်းထွန်း-ဒေါ်ခင်အေးမူ၊ ဦးမျိုးထွန်း-ဒေါ်အေးမာဝင်း၊ ဦးရဲထွန်း-ဒေါ်စမ်းစမ်းမြင့်၊ ဒေါ်ဥမ္မာထွန်း၊ (ဦးညီညီထွန်း)၊ ဦးလှဝင်းသိန်း-ဒေါ်အေးစန္ဒာထွန်း၊ ဦးကျော်ဇင်ထွန်း၊ မောင်ရှိုင်းရာဇာထွန်းတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၈-၅-၂၀၁၄ရက် မွန်းလွဲ ၂း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၁၄(စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးဆန်းအောင်(ငြိမ်း) (၅၄)နှစ်
ဗသက(၈၃)
လ/ထညွှန်မှူး၊ရောင်းချဖြန့်ဖြူးရေးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်နေ (ဦးသန်းဆွေ-ဒေါ်ခင်မာရီ)တို့၏သား၊ ဒေါ်စိုးစိုးမြင့်၏ခင်ပွန်း၊ မောင်ဝေလင်းအောင်-မအိချိုဇင်၊ မောင်ရဲကျော်သူ-မသန္တာသိမ့်၊ မဖြိုးမြင့်သူတို့၏ဖခင်၊ မပိုးကဗျာချို မဆောင်းရတီနွယ်တို့၏အဘိုး ဗိုလ်ကြီးဆန်းအောင်(ငြိမ်း)သည် ၉-၅-၂၀၁၄ရက် ည ၈း၃၀နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၁၃-၅-၂၀၁၄ (အင်္ဂါနေ့)တွင် တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်ကြီး (၄) ရပ်ကွက်၊ (၃၂/၂၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးဆန်းအောင်(ငြိမ်း)
အသက်(၅၄)နှစ်
လ/ထ ညွှန်မှူး၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

ဗိုလ်သင်တန်းအမှတ်စဉ်(၈၃)မှ သူငယ်ချင်း ဗိုလ်ကြီးဆန်းအောင်(ငြိမ်း)သည် ၉-၅-၂၀၁၄ရက် ည ၈း၃၀နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲမိပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိရောက်ပါစေ။

ဗသက(၈၃)မှ ကျောင်းဆင်းသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းဆွေ
အသက်(၆၇)နှစ်
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပို့ဆောင်ဆက်သွယ်ရေးဌာန

ချစ်ခင်လေးစားရပါသော အစ်ကိုကြီး ဦးသန်းဆွေ ၉-၅-၂၀၁၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ဝမ်းနည်းကြေကွဲမိပါကြောင်း။

ညီမ
ဒေါ်ခင်ဝင်းနွဲ့မိသားစု
စိန်ရွှေရတနာကုန်သည်၊ မန္တလေးမြို့

ဘုရား၊ ရဟန်း၊ ကျောင်းအမကြီး
ဒေါ်တင်ရီ (၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် (၇၅/C)၊ ဗညားဒလလမ်းနေ (ဦးအောင်ကြိုင်)၏ဇနီး၊ ဦးဝင်းမောင်-ဒေါ်တင်တင်ဝင်း၊ ဦးကျော်ဆွေ-ဒေါ်သက်သက်၊ ဒေါ်စိန်အေး၊ ဦးနေသူရိန်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးစိုးထက်-(ဒေါ်တင်တင်ဦး)၊ ဒေါ်စန်းစန်းမြင့်၊ ဦးဗိုလ်စိန်-ဒေါ်သဇင်လှိုင်၊ ဦးစိုးမိုး-ဒေါ်ဆွေဆွေလှိုင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၀-၅-၂၀၁၄(စနေနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်အောင်ဖုန်း (၅၅)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ အရှေ့ပိုင်ကုန်းလမ်း၊ ခြံအမှတ်(၂/က)နေ (ဦးချစ်ထွန်း-ဒေါ်စန်းရီ)တို့၏ဒုတိယသား၊ မော်လမြိုင်မြို့နေ (ဦးဂျေလုံး-ဒေါ်ကျင်ဟွား)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၈)လမ်း၊ အမှတ်(၁၃၁)နေ ဒေါ်စန်းစန်းဝေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကိုကို၊ မမြင့်မြတ်ဆု၊ မခိုင်ဇာခြည်ကို၊ မောင်အောင်ရဲထက်၊ မောင်ကောင်းမြတ်အောင်တို့၏ ကျေးဇူးရှင်ဖခင်၊ အိမ့်သရဖီကို၊ ယွန်းအိန္ဒြေကိုတို့၏ဘိုးဘိုး ဦးတင်အောင်ဖုန်းသည် ၁၀-၅-၂၀၁၄ (စနေနေ့) နံနက် ၇း၁၀နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ပါဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [လသာမြို့နယ်၊ (၁၈)လမ်း၊ အမှတ် (၁၃၁) နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဦးဝင်းမောင် (၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၄)လမ်း၊ အမှတ်(၅၁)၊ မြေညီထပ်နေ ဒေါ်သိန်းရှင်၏ခင်ပွန်း၊ မအေးအေးကြိုင်၊ မစန်းစန်းအေး၊ မဌေးဌေးဝင်း၊ မောင်ဘုန်းမြင့်သူတို့၏ဖခင်သည် ၉-၅-၂၀၁၄ရက် ညနေ ၅း၁၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၄ ရက် နံနက် ၇နာရီမှ ၉ နာရီအထိ ပုဇွန်တောင်မြို့နယ်၊ (၅၄)လမ်း၊ အမှတ် (၅၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်မြနန္ဒာကျော်(ပီးပီး)
တောင်ကြီးအသင်းဝင်
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက် (D)၊ အခန်း (၈၀၈)နေ ဦးယောလှိုင်၏ဇနီး၊ မောင်ခန့်ယောဟိန်း၏မိခင်၊ တောင်ကြီးမြို့နေ ဦးကျော်သန်းနိုင်-ဒေါ်တင်မြတို့၏သမီး၊ Dr. စိုင်းစိုင်း-ဒေါ်ခိုင်ခိုင်စိန်၊ Arther-Ying, ဦးကျော်ကျော်ဝင်းတို့၏ညီမ၊ ဦးကျော်ကျော်လင်း-နန်းမိမိခိုင်၊ ဦးတင်မင်းကြည်-ဒေါ်လှမျိုးသူ၊ Mr.Takano-Dr. သီရိမြကျော်တို့၏အစ်မ မမြနန္ဒာကျော်(ပီးပီး)သည် ၉-၅-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၄ရက် နံနက် ၈း၃၀နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အနိစ္စ

ဦးအုန်းခိုင်
အသက် (၇၆)နှစ်
(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း)
(အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)
(မြို့မကျောင်းသားဟောင်း)

ရန်ကုန်မြို့နေ (ဦးအေးဆိုင်-ဒေါ်ကျင်မြ)တို့၏သား၊ ဒေါ်တင်တင်ကြီး၏ခင်ပွန်း၊ ဦးကိုကိုဝင်း၊ ဦးစိန်ထွန်း-ဒေါ်ချိုချိုခိုင်၊ ဦးတင်ကိုကို-ဒေါ်သန္တာခိုင်၊ (ဦးမျိုးခိုင်)၊ ဦးဟန်သိန်း-ဒေါ်လှဲ့လှဲ့ခိုင်(မြောက်ဒဂုံတရားရုံး)၊ ဦးလွင်မိုးဇော်-ဒေါ်သီတာခိုင်၊ မောင်ကောင်းမြတ်စံတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုး ဦးအုန်းခိုင်သည် ၁၀-၅-၂၀၁၄ (စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [(၅/၁၂၈)၊ မင်္ဂလာလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်စန်းမြင့် (၆၆)နှစ်
(လက်ပံစုရွာ၊ သံတွဲ)
(ရုံးအုပ်-ငြိမ်း၊ မြို့နယ်တရားရုံး)

အမှတ်(၄၄၂)၊ (၃)လမ်း၊ ဒွါရာဝတီမြို့သစ်၊ သံတွဲမြို့နေ (ဦးလှဖေ-ဒေါ်ညီမကြီး)တို့၏သမီး၊ တရားလွှတ်တော်ရှေ့နေ ဦးတင်လှ၏ဇနီး၊ ဦးစိုးမြင့်(မြို့ယံဦးစီးမှူး၊ မွေး/ကု-ငြိမ်း)-ဒေါ်ခင်နု(ကျန်းမာရေး-ငြိမ်း)၊ ဦးခင်မောင်ဇော်(ဦး/ရှိ စီမံ/လျှပ်စစ်-ငြိမ်း)-ဒေါ်မြင့်မြင့်စံ (အထပြ-ငြိမ်း)တို့၏ ညီမ/အစ်မ၊ ဦးစိုးလွင်-ဒေါ်မျိုးမွန်၊ ဦးကျော်ကျော်-ဒေါက်တာအေးလှမွန်(လ/ထ ကထိက၊ ဥပဒေပညာဌာန)၊ (ကိုကျော်စည်သူ)၊ ကိုသီဟကျော်၊ ကိုကျော်စိုးလင်း၊ ကိုဝင်းကိုကို-မသဇင်ဝင့်မွန်၊ ကိုအောင်ကျော်မွန်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွားသည် ၉-၅-၂၀၁၄ (သောကြာနေ့) နံနက် ၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကမာရွတ်နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်အေးအေးမြင့် (၅၉)နှစ်

(ဦးမြသင်း-ဒေါ်ခင်ငြိမ်း)တို့၏တူမသမီး၊ (ဦးစိန်ကြီး-ဒေါ်တင်လှ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၇၁)၊ ပထမထပ်၊ ငုဝါလမ်း၊ အလုံမြို့နယ်နေ ဦးတင်ရွှေ(စွမ်းအင်ဝန်ကြီးဌာန-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမြတ်မင်းကျော်၊ ဦးထွဋ်မြတ်တို့၏မိခင်၊ Australia နိုင်ငံ Perth မြို့နေMr. Patrick Kelly-Mrs. Anne Rose Kelly၊ ရန်ကုန်မြို့နေ ဦးမြတ်ထိုက်၊ ဦးကျော်လှိုင်-ဒေါ်မြတ်ခိုင်၊ ဦးမင်းမင်းကို-ဒေါ်ခင်လေးနိုင်တို့၏အစ်မ၊ ကျုံမငေးမြို့၊ စံအိပ်ကျေးရွာနေ ဒေါ်ဝိုင်းကြည်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်လှလှဌေးတို့၏ အစ်မသည် ၈-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၅-၂၀၁၄ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကိုအောင်စည်သူ(ပဲခူး)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ စက်မှု(၁)လမ်း၊ တိုက်(၃၈၇)၊ အခန်း(၄)နေ ဒုတိယဗိုလ်မှူးကြီး ဗိုလ်သန်း(ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ပင်စင်ဦးစီးဌာန)-ဒေါ်မြမြအေးတို့၏သား၊ ဦးမောင်မောင်လွင်-ဒေါ်ဆူး၊ ဦးအောင်အောင်လွင်-ဒေါ်စန္ဒာတို့၏ညီ၊ (ဦးနေမျိုးစည်သူ)၊ (ဦးဇေလတ်)-ဒေါ်အေးမြင့်ကြွယ်၊ ဦးမင်းရဲစည်သူ-ဒေါ်ဖူးငုံစိုး၊ ဦနေမျိုးအောင်တို့၏အစ်ကို၊ မနွယ်ဦးမွန်(ခ)တုံတုံချစ်၏ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ ဘကြီး/ဦးလေးသည် ၈-၅-၂၀၁၄ရက် နံနက် ၄း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍၁၄-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရွှေညဝါဆရာတော်ကြီး၏ ဖခမည်းတော်
ဦးထွန်းရင်
အသက်(၈၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ငွေးကုန်းအုပ်စု၊ ဘုရားကုန်းကျေးရွာနေ ရွှေညဝါဆရာတော် ဦးပညာသီဟ၏ ဖခမည်းတော်၊ ဒေါ်ခင်သန်း၊ ဒေါ်စန်းစန်း၊ ဒေါ်မြင့်မြင့်၊ ဦးမြင့်မောင်၊ ဦးမြင့်အောင်၊ မခင်မြင့်ရီတို့၏ ချစ်လှစွာသောဖခင် ဦးထွန်းရင်သည် ၁၀-၅-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ရွှေညဝါဆရာတော်နှင့် ဆွေမျိုးများ

ဦးသန်းဝင်း (၆၆)နှစ်
B.A (Geography)
(ပဲခူး၊ သနပ်ပင်၊ မင်းရွာ)

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ မင်းရွာနေ (ဦးဘစိန်-ဒေါ်တင်)တို့၏သား၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်းနေ (ဦးသိန်း-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၅၁/ဒီ)၊ ရေတာရှည်လမ်းဟောင်းနေ ဒေါ်ခင်ပြုံး၏ချစ်လှစွာသောခင်ပွန်း၊ မအေးသီတာ(ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်)၊ ကိုမျိုးမင်းထွဋ်-မချိုချိုမာ၊ ကိုသိန်းဝင်းစိုး-မဝေဝေသီ၊ ကိုမျိုးထက်ရှိန်-မသဥ္ဇာဖြူတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ဘိုးဘိုးသည် ၁၀-၅-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂း၄၃ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်မောင်မောင်
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို၊ တိုက်(၄၀၄/ဘီ)နေ (ဦးကိုကိုကြီး-ဒေါ်ခင်ခင်မြင့်)၊ (ဝတ်လုံတော်ရ ဦးခင်မောင်ကြီး-ဒေါ်ခင်ခင်သန်း)တို့၏မြေး၊ [ဒေါက်တာဦးလှမောင် (ဒု-ညွှန်မှူး၊ အဆုတ်ရောဂါ)-ဒေါ်မော်လီခင်သန်းနွယ်တို့၏ သားငယ်၊ (ဦးထင်အောင်)၏ညီငယ်သည် ၉-၅-၂၀၁၄ (သောကြာနေ့) ည ၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးညွှန့်ဝေ (၅၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ လှည်းတန်း(၁)လမ်း၊ အမှတ် (9-H)နေ (ဦးလှဖေ-ဒေါ်သန်းမြ)တို့၏သား၊ ဒေါ်မြမြတင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ကိုကိုဝေ၏ ကျေးဇူးရှင်ဖခင်သည် ၉-၅-၂၀၁၄(သောကြာ နေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၄ (တနင်္ဂနွေ နေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ရီရီမြင့်
အသက် (၆၈)နှစ်
မန်နေဂျာ(ငြိမ်း)၊တာယာနှင့်ရော်ဘာစက်မှုဝန်ထမ်းဟောင်းများအသင်းဝင်

ရန်ကုန်မြို့၊ ယုဇန၊ တိုက်အမှတ် (၁၀)၊ အခန်းအမှတ်(၁၀၄)၊ A (၁၄) လမ်းနေ (ဦးသန်း-ဒေါ်မြ)တို့၏သမီး၊ ဦးအောင်မြင့်၏ဇနီး၊ သုဝေလင်းကို၏မိခင်သည် ၁၀-၅-၂၀၁၄ရက် နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ယောနယ်အသင်း(ရန်ကုန်)
ဦးသန်းဆွေ(ဂန့်ဂေါ်) (၆၆)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

ယောနယ်အသင်း(အမှုဆောင်ဟောင်း)ဖြစ်သူ ရန်ကုန်မြို့၊ အမှတ်(၁၁၅)၊ ငုဝါလမ်း၊ အလုံမြို့နယ်နေ ဒေါ်တင်မေမြင့်(ဦးစီးအရာရှိ-ငြိမ်း၊ ပို့ဆောင်ရေးဦးစီးဌာန)၏ခင်ပွန်း ဦးသန်းဆွေသည် ၉-၅-၂၀၁၄(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ယောနယ်သူ/သားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ယောနယ်အသင်းအမှုဆောင်အဖွဲ့

မောင်ရဲထွဋ် (၃၅)နှစ်
(ပုဇွန်တောင်၊ တပ်မြေ)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆) ရပ်ကွက်၊ အမှတ်(၃၆)၊ နွယ်နီလမ်းနေ ဦးသန်းရွှေ-ဒေါ်ညွန့်ညွန့်စန်းတို့၏သား၊ ကိုဇော်မင်း-မယဉ်ယဉ်၊ ကိုနေလင်း-မစန်းစန်းအေး(ခေတ္တ-ကနေဒါ)၊ (ကိုဝင်းမြင့်)-မခင်စုလှိုင်(ကျန်းဦးစီး)၊ ကိုမြင့်သိန်း-မမိမိခိုင်(အလယ်တန်းပြ)တို့၏ညီ/မောင်၊ ကိုမျိုးခိုင်-မအိအိအောင်၊ ကိုညီညီ-မစမ်းစမ်းဝေတို့၏ အစ်ကို၊ မနီလာသန်း၏ခင်ပွန်း၊ မောင်ဟိန်းထက်အောင်၊ မသွန်းဝတီတို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၃ ယောက်တို့၏ ဦးလေး မောင်ရဲထွဋ်သည် ၁၀-၅-၂၀၁၄ရက် နံနက် ၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

မခိုင်ပန်းဖြူ (၂၈)နှစ်
B.A (Psychology)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးလှမြင့်)-ဒေါ်သန်းရီတို့၏ မြေး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ကြာပဒုမ္မာလမ်း၊ အမှတ်(၂၈/C)နေ ဦးကျော်ရီ-ဒေါ်ခင်မြဝင်းတို့၏ သမီးချွေးမ၊ တာမွေမြို့နယ်၊ (၁၆၄)လမ်း၊ အမှတ်(၁၄)နေ (ဦးတင့်လွင်)-ဒေါ်ခင်စန်းဌေးတို့၏သမီး၊ ဦးကျော်ဌေး-ဒေါ်ခင်ဌေးမြင့်၊ ဦးစိုးဌေး-ဒေါ်သီတာလှိုင်၊ ကိုမြဌေး-မအေးသိန်း-ဒေါ်ခင်ဌေးလှိုင် (အထက၊ သုဝဏ္ဏ)၊ ဒေါ်ခင်အေးလှိုင်၊ ဒေါ်ခင်စန်းအေး (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဒေါ်မော်ဌေးလှိုင်၊ ဦးဌေးအောင်-ဒေါ်သင်းသင်းဆွေ၊ ဦးစန်းတင့်၊ ဒေါ်မြင့်သန်းတို့၏တူမ၊ မောင်ဟိန်းထက်သူ(New Strength Co.,)၏အစ်မ၊ မကံ့ကော်ရဲခေါင်၊ မောင်ငွေဘုန်းရဲခေါင်တို့၏မိခင်၊ မောင်ရဲခေါင်ကျော်၏ ချစ်လှစွာသောဇနီး မခိုင်ပန်းဖြူသည် ၁၀-၅-၂၀၁၄ရက် နံနက် ဝဝး၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ (၃) ရပ်ကွက်၊ ကြာပဒုမ္မာလမ်း၊ အမှတ်(၂၈/C) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မသိမ့်နန္ဒာစိုး(ခ)မချိုချိုမြင့်
အသက်(၂၈)နှစ်
မမီးမီးလေး(ခ)မဖူးဖူး
အသက်(၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၅၆၅)နေ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်သန်း (မြင့်ရတနာရွှေဆိုင်)တို့၏ သမီးနှင့်မြေး၊ သပြေကုန်းကျေးရွာနေ ဦးလှစိန်-(ဒေါ်ညို)တို့၏ သမီးချွေးမနှင့်မြေး၊ ကိုကျော်လင်းမြင့်-မခိုင်လေးမွန်တို့၏ ညီမနှင့်တူမ၊ ကိုဟိန်းသူအောင်၏ဇနီးနှင့်သမီး မသိမ့်နန္ဒာစိုး(ခ)မချိုချိုမြင့်နှင့်သမီး မမီးမီးလေး(ခ)မဖူးဖူးတို့သည် ၁၀-၅-၂၀၁၄ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တကောသလ္လ
(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ်၊ အောင်မင်္ဂလာတိုက်သစ်ကြီး၏ ဦးစီးပဓာနမဟာနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကောသလ္လ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်ကြီးသည် (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်) ၁၀-၅-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ဈာပနရက်ကိုထပ်မံကြေညာပါမည်။) ယာယီဈာပနကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တသောမ မဟာထေရ်(စူဠဂန္ထဝါစကပဏ္ဍိတ)
သိက္ခာတော်(၅၄)ဝါ၊ သက်တော်(၇၄)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ရတနာမွန်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောမ မဟာထေရ်မြတ်သည် (၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ရက်) ၈-၅-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် နိဗ္ဗာန်စံကျောင်းပေါ်သို့ ပင့်ဆောင်ပူဇော်သွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဥူးသုနန္ဒ(ခ)ဦးသိန်း
သိက္ခာတော်(၁၇)ဝါ၊ သက်တော်(၈၂)နှစ်
(ရေစကြို)

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွှေလုံကျေးရွာနေ (ခမည်းတော် ဦးဖိုးမြိုင်-မယ်တော်ဒေါ်မယ်ညို)တို့၏ သား၊ ဦးနေလင်း (MRTV တပ်ကုန်း)-ဒေါ်နှင်းနု၊ ဦးသန်းထွန်းအေး-ဒေါ်နှင်းယုမော်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ သာသနာ့ပါရဂူကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော ဥူးသုနန္ဒ(ခ)ဦးသိန်းသည် ၁၀-၅-၂၀၁၄(စနေနေ့) နံနက် ၅း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၂-၅-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(ကမာရွတ်မြို့နယ်၊ သာသနာ့ပါရဂူကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသောင်းအေး(မုဒုံ) (၇၈)နှစ်
(မစန်းရင်-ရွှေလယုန်မင်း ဆေးလိပ်ခုံနှင့် ဆန်စက်)

မုဒုံမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀၀)နေ (ဦးမြလှိုင်-ဒေါ်အေးသန့်)တို့၏သား၊ (ဦးစံတင်-ဒေါ်သန်းရင်)တို့၏သားသမက်၊ ဒေါ်ယဉ်ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်ရွှေ-(ဒေါ်ခင်ခင်)တို့၏မောင်၊ ဦးတင်ဦး-ဒေါ်စန်းမြင့်၊ (ဦးသိန်းကြည်)-ဒေါ်ခင်ဝင်းတို့၏အစ်ကို၊ ဦးစံဌေး-ဒေါ်ခင်မိုးနွယ်၊ ဦးအောင်မြင့်လွင်-ဒေါ်ဥမ္မာစန်းအေး၊ ဦးသက်နိုင်လင်း-ဒေါ်အေးသီတာစန်း၊ ဦးညီညီအေး-ဒေါ်ငွေသက်၊ [ဦးရင်ထွေး(ခ)မောင်ရဲ]တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ ယောက်တို့၏အဘိုး ဦးသောင်းအေးသည် ၉-၅-၂၀၁၄ (သောကြာနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံမြို့ ကန်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်ကြည် (၇၇)နှစ်
(စက်မှု၊ စက္ကူ/ဓာတု-ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၆၄)၊ အဝေရာအိမ်ရာ၊ အခန်း(စီ-၂)၊ ပထမထပ်နေ ဒေါ်ခင်ပြုံး(ကုန်သွယ်/ဦးစီး)၏ခင်ပွန်း၊ ဦးနေမျိုးအောင်(Skyline Shipping)-ဒေါက်တာရီရီခင် (ဓာတ်မှန်ဌာန၊ အလုပ်သမားဆေးရုံကြီး)၊ ဦးဝင်းရွှေလှိုင်(ခ)ဝမ်-ဒေါက်တာနီနီခင် (ခေတ္တ-ဩစတြေးလျ)၊ ဦးကျော်ကျော်မြင့်(ခေတ္တ-UK)၊ ဦးရဲလွင်-ဒေါ်နီလာခင် (ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မောင်ကောင်းဆက်လင်း(သတ္တမတန်း၊ ပညာနန္ဒ)၏အဘိုး ဦးမြင့်ကြည်သည် ၁၀-၅-၂၀၁၄(စနေနေ့) နံနက် ၉း၁၅နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးစိန်မြင့်(မော်လမြိုင်ကျွန်း) (၇၃)နှစ်
ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၉၄)နေ (ဦးသောင်းစိန်-ဒေါ်စိန်မြိုင်)တို့၏သား၊ (ဦးမောင်ပု-ဒေါ်စောရင်)တို့၏ သားသမက်၊ ဒေါ်ခင်လှ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးသန်းဖေ)-ဒေါ်စန်းမြင့်၊ (ဦးလှတင်)-ဒေါ်ခင်ရီ(စာရင်းစစ်ရုံး)၊ ဒေါ်တင်တင်ဝင်း၊ ဦးအုန်းလွင်-ဒေါ်ခင်သန်းဝေ၊ ဒေါ်ရင်ရင်ထွေး(အမက-၉၊ တောင်ဥက္ကလာပ)၊ ဦးမောင်ကို-ဒေါ်စန္ဒာမြင့်၊ ဦးလေးမြင့်အောင်(လဝက၊ ကော့မှူး)-ဒေါ်မြင့်မြင့်စိန်၊ ဦးမောင်မောင်ချို (စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်မော်(ဆည်မြောင်းဦးစီးဌာန)၊ ဦးနိုင်ထူးကျော်-ဒေါ်မေရီတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး ဦးစိန်မြင့်သည် ၁၀-၅-၂၀၁၄(စနေနေ့) နံနက် ဝဝး၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းထွန်းဝင်း (၄၇)နှစ်
B.E (Civil) (86-95 YIT)
Project Engineer
မန္တလာသီရိဘောလုံးကွင်းတည်ဆောက်ရေးစီမံကိန်း
Max Myanmar Co., Ltd.

မြောင်းမြမြို့နေ ဦးကျော်ရှိန်-ဒေါ်ခင်ထွေးတို့၏သား၊ ရန်ကုန်မြို့နေ (ဦးစိုးထွန်း)-ဒေါ်ယဉ်စီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက်(၁)၊ အခန်း(၁၂)၊ ပြည်ရိပ်မွန် (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ ဒေါ်ပပလင်းဝေ၏ ခင်ပွန်း၊ မောင်မင်းသန့်ဝေယံ (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၂)၊ မောင်လင်းခန့်ဝေယံ (Grade-9)တို့၏ ဖခင်သည် ၁၀-၅-၂၀၁၄ (စနေနေ့) နံနက် ၁း၃၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

၂၀၁၅ ခုနှစ် ASEAN အသိုက်အဝန်းထူထောင်ရာတွင် လွှတ်တော်များ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီး

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်အတူ တစ်ပြိုင်တည်းကျင်းပမည့် ASEAN-AIPA မျက်နှာစုံညီ အစည်းအဝေးအတွက် AIPA အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE ဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။**(ယာပုံ)**

အကြိုညှိနှိုင်းအစည်းအဝေးသို့ AIPA ဥက္ကဋ္ဌ လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Hon. Pany Yathotou၊ AIPA Secretariat အထွေထွေအတွင်းရေးမှူးချုပ် Hon; Mr. P. O. Rom jp၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရေးရာကော်မတီဥက္ကဋ္ဌများ ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နာယက က အမှာစကားပြောကြားရာတွင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလက စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလွှတ်တော်သည် မိတ်ဆွေအာဆီယံနိုင်ငံ လွှတ်တော်များနှင့်စာလျှင် သက်တမ်းအလွန်နုနယ်သေးပါကြောင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖**

ထူးကဲမြစ်ရေတက်မည်

နေပြည်တော် မေ ၁၀

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ မြစ်ကြီးနားမြို့၌ ၆၈၂ စင်တီမီတာသို့ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ၁၃ ပေခန့်မြင့်တက်ခဲ့ကာ နောက်နှစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ ၉ ပေမှ ၁၀ ပေခန့်၊ နောက်လေးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ ၈ ပေမှ ၉ ပေခန့်နှင့် နောက် ခုနစ်ရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ ၇ ပေမှ ၈ ပေခန့်လက်ရှိ ရေမှတ်များအထက် မြင့်တက်နိုင်သည်။

သို့ဖြစ်၍ ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကျန်းမာရေးစောင့်ရှောက်

ရခိုင်ပြည်နယ်၌ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်နေမှု ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံခြားသံတမန်များ လှည့်လည်ကြည့်ရှုအားပေး

စစ်တွေ မေ ၁၀

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ဥရောပသမဂ္ဂသံရုံးတို့မှ သံအမတ်ကြီးများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် စစ်တွေမြို့နယ် စက်ရုံစုကယ်ဆယ်ရေးစခန်း ဆေးပေးခန်း၌ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်နေမှုများကို လည်းကောင်း၊ သက်တွေပြင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဒါးပိုင်အရှေ့ပေါ် ဆေးရုံနှင့် သဲချောင်းကျေးလက်ကျန်းမာရေးဌာနခွဲတို့တွင် ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးများသည် UN/INGOs အဖွဲ့အစည်းများအား ယာယီနေရာချထားပေးသည့် စစ်တွေ **စာမျက်နှာ ၇ ကော်လံ ၃ သို့ ❋**

မှုပြင်းသောအနှောင့်အယှက်ကို ကာကွယ်ပေးသည့် ကမ္ဘာ့တစ်နေရာသော မြန်မာ့ရတနာ

ဒေါ်ဝင်းစုစုထွန်း

ကျွန်မကဒေါ်ဝင်းစုစုထွန်းပါ။ ကျွန်မတို့ရုံးအဖွဲ့ ပိတ်ရက်မှာ ပုဂံ၊ ညောင်ဦး ခရီးသွားခဲ့ကြပါတယ်။ အညာဒေသကလည်း အရမ်းပူတော့ အကျီလွတ်တဲ့နေရာ(လက်တို့၊ ခြေတို့) တွေဆို နေလောင်ဒဏ်ခံခဲ့ရတယ်။ နေလောင်တဲ့ဒဏ်ကြောင့် ကျွန်မမျက်နှာဆိုရင် မပြုရတဲ့အထိ မည်းပြာသွားတယ်။ ဒီကြားထဲ အသားတွေယားယံပြီး မိတ်ဖုတွေလည်း ထွက်လာသေးတယ်။ အစ်မတစ်ယောက်ကသူယူလာတဲ့ **ရွှေပြည်နန်းခရေသနပ်ခါး**ကို လာပေးပါတယ်။ လိမ်းကြည့်လိုက်တာ မိတ်ဖုတွေ သက်သာလာခဲ့တယ်။ **ရွှေပြည်နန်း အစိမ်းရောင်သနပ်ခါး**ကို လိမ်းလိုက် နေလောင်ဒဏ်ကာကွယ်တယ်လို့လည်း ပြောပါတယ်။ ခရီးကပြန်ရောက်တော့ အိမ်မှာဆက်ပြီး လိမ်းခဲ့တယ်။ (၁၅)ရက်လောက်ကြာတော့ ကျွန်မအသားအရေ ဝင်းလာတယ်။ မိတ်ဖုတွေကတော့ အရှင်းပျောက်သွားတယ်။ ဝယ်ယူသုံးကြည့်တော့ ရွှေပြည်နန်းအမျိုးအစားတစ်ခုစီမှာ အကျိုးထူးလေးတွေရှိမှန်း သိလိုက်ရတယ်။ အလွန်တစ်ရာမှ ကောင်းမွန်သော နည်းပညာများနဲ့ ဖော်စပ်ထားတဲ့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီကို ထာဝရအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ **ယုံကြည်စွာနဲ့ အမြဲသုံးစွဲလျက်ပါ။** ကျေးဇူးလည်းတင်ပါတယ် ရွှေပြည်နန်းရယ်...

ဒေါ်ဝင်းစုစုထွန်း (Admin Head, KTN Logistic & Transportation)

ထပ်ဆင့်အသောက်ခံအပ်ပါသည်။ ဒေါ်ဆီသာအောင် (EATON LOGISTIC CO.,LTD.)

PREMIER COFFEE

စီးပွားရေး

ဈေးကွက်ဝင်သီးနှံများကို စိုက်ပျိုးထုတ်လုပ်၍ ခိုင်မာသော စီးပွားရေးတည်ဆောက်

သတင်းဆောင်းပါး -စိုင်းခမ်းလုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ကျေးလက်နေပြည်သူလူထု၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအခြေခံသော စီးပွားရေးနှင့်ဆက်စပ်သောလုပ်ငန်းများကိုသာ အားထားမှီခိုလုပ်ကိုင်လျက်ရှိကြပါသည်။

လယ်ယာကဏ္ဍအခြေခံစီးပွားရေးသည် တောင့်တင်းခိုင်မာမှု မရှိ၊ တိုးတက်ကြီးပွားမှုမရှိပါက အဆိုပါ လုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်နေကြသည့် လယ်ယာလုပ်သားများ၊ တောင်သူလယ်သမားမိသားစုများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရန်မှာ အလှမ်းကွာဝေးမြဲ ကွာဝေးနေပါဦးမည်။

ယနေ့နိုင်ငံတော်တွင် စိုက်ပျိုးမြေ ၁၀ ဧက ဝန်းကျင်အောက်သာရှိသည့် လုပ်ကွက်ငယ် တောင်သူများအား **ဝင်ငွေရ၊ တွက်ခြေကိုက်စေသည့် ဆန်စပါးအပါအဝင် သီးနှံအမယ်များကို ရွေးချယ်၍စိုက်ပျိုးနိုင်ကြရန်** သက်ဆိုင်ရာ ပညာရှင်များက စဉ်ဆက်မပြတ် တိုက်တွန်းအကြံပြုလျက် စံနမူနာပြစိုက်ကွင်းများ စိုက်ပျိုးပြသနေပါသည်။

ပထမဦးစားပေး ဆောင်ရွက်ရမည်မှာ မိမိဒေသ၊ ရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီ၍ ဈေးကွက်ဝယ်လိုအားရှိသည့် သီးနှံများကိုရွေးချယ်ပြီး အစုလိုက်၊ အဖွဲ့လိုက်၊ တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်စိုက်ပျိုးကြရမည်ဖြစ်သည်။

ဝယ်ယူသုံးစွဲသူများနှစ်သက်သည့် ဒေသအလိုက် အားသာချက်ရှိသည့် သီးနှံများကို တစ်ရွာလျှင် ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် ဦးစားပေးရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ဥပမာ- “တံတားဦးက ကွမ်းနုဝါ၊ ငါးမြောက ဆေး၊ ကွမ်းသီးတောင်ငူ”ဆိုသော စာချိုးအရ သီးနှံချင်းအတူတူ အခြားဒေသများထက် အရည်အသွေး၊ အရသာပိုမိုကောင်းမွန်သဖြင့် နာမည်ကျော်ကြားပြီး ဈေးကောင်းကောင်းဖြင့် ရောင်းချနိုင်ခြင်းကို ရှေးစာဆိုက ရေးဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။

ယနေ့ခေတ်၌လည်း ဖျာပုံ ပေါ်ဆန်းမွှေး၊ သုံးခွ ပဲတီစိမ်း၊ ယောနယ်မှ ထောပတ်ပဲ၊ ပင်းတယ ဂျုံးမြစ်၊ မြစ်သားငရုတ်၊ ဆိပ်ဖြူ ကြက်သွန်၊ မကွေး မြေပဲ၊ ပခုက္ကူ ပဲကြီး၊ မြင်းမူ ဂျုံ၊ သီပေါ လိမ္မော်၊ တံတားဦး ပဲမြစ် အစရှိသဖြင့် ပြည်တွင်းပြည်ပဈေးကွက်ရှိပြီး သီးနှံထွက်ကုန်များအပြင် မကွေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ၊ ဧရာဝတီတိုင်းဒေသကြီး၏ ဆန်စပါး၊ မွန်ပြည်နယ်၏ ရော်ဘာ၊ ရှမ်းပြည်နယ်၏ အစေ့ထုတ်ပြောင်း စသည့် သီးနှံထုတ်လုပ်နိုင်စွမ်း ပမာဏအရပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေကြသည်။

ဒုတိယဦးစားပေးအဖြစ် စီးပွားဖြစ် စိုက်ပျိုးနိုင်ရန် မျိုးကောင်းမျိုးသန့်များ စုဆောင်းပြီး ရာသီအချိန်မီ၊ အချိန်ကိုက် စိုက်ပျိုးလုပ်ကိုင်ကြရမည်ဖြစ်သည်။ မိမိတို့၏ ရှိပြီးဒေသ မူရင်းမျိုးကောင်းများကို မျိုးပွားဆောင်ရွက်ရေးနှင့် မျိုးထား၍မရသော ခေတ်မီစပ်မျိုးများအတွက် သက်ဆိုင်ရာမျိုးစေ့ကုမ္ပဏီဝန်ထမ်းများ၊ ဝန်ကြီးဌာနမှ ပညာရှင်များနှင့်ပူးပေါင်း၍ မျိုးစေ့ရရှိရေးဆောင်ရွက်ရမည်ဖြစ်သည်။

တတိယအဆင့်၌ စတင်စိုက်ပျိုးချိန်မှ ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အစ-အလယ်-အဆုံး လုပ်ငန်းအဆင့်များကို တောင်သူလယ်သမားများ ကိုယ်တိုင်ကိုယ်ကျ ဂရုတစိုက်၊ ကျားကုတ်ကျားခဲ ကြိုးစားဆောင်ရွက်ရန်ဖြစ်ပါသည်။ ရာသီဥတုသတင်းအခြေအနေ နားစွင့်ခြင်း၊ ရေရရှိရေးနှင့် ရေကြီးရေလျှံမှုမှ ကာကွယ်ခြင်း၊ ကျရောက်နိုင်သည့် ပိုးမွှားရောဂါကာကွယ်ခြင်း၊ အသုံးပြုသင့်သည့် မြေဩဇာအမျိုးမျိုးနှင့် သုံးစွဲရန်လိုအပ်သည့် ပိုးသတ်ဆေးအဖုံဖုံတို့ကို တတ်ကျွမ်းနားလည်သော ပညာရှင်ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ဆောင်သင့်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရပါမည်။

စတုတ္ထအဆင့်မှာ ခူးဆွတ်၊ ရိတ်သိမ်းပြီး ဈေးသို့ ဒိုင်သို့ပို့ဆောင်တော့မည့် ထွက်ကုန်များကို သတ်မှတ်ထားသည့် စံချိန်၊ စံညွှန်းမီအောင် ပြုလုပ်ခြင်း၊ ဖုန်၊ ခဲ၊ သဲ အဖျင်းအမှော်၊ အစိုဓာတ်ပမာဏနှင့် ထုပ်ပိုးသယ်ယူမှုများကို စနစ်တကျ ဆောင်ရွက်ရေးသည်လည်း လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

လယ်ယာကဏ္ဍအခြေယိုင်ပါက ကျေးလက်ပြည်သူအများစု၏ အလုပ်အကိုင်နှင့် လူမှုဘဝရပ်တည်မှုခက်ခဲကာ တိုင်းပြည်နွံနစ်သွားပေမည်။ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိလာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးမြင့်မားရေးသည် နိုင်ငံတော်၏ ရည်မှန်းချက်လုပ်ငန်းတာဝန်ဖြစ်သလို ကျေးလက်ပြည်သူများ၏ဆန္ဒလည်းဖြစ်သည်။

ခဲ၊ သဲရောသော ပဲ၊ ညှိုးခြောက်နေသော ဟင်းသီးဟင်းရွက်၊ ပုပ်နေသော သစ်သီးဝလံ၊ အဖျင်းအမှော်များသော စပါးတို့ကို မည်သူက ဈေးကောင်းပေး၍ ဝယ်ပါမည်နည်း။ အနံ့အရသာ ကောင်းမွန်မှုမရှိသော သီးနှံများကို မည်သူတို့က ရောင်းဝယ်ဖောက်ကားလိုမည်နည်း။

နည်းပါးလှသော အရင်းအနှီး၊ ချို့တဲ့လှသော နည်းပညာ၊ ညံ့ဖျင်းသောမျိုး၊ ခေါင်သောမိုးတို့ဖြင့်သာ ရင်ဆိုင်ရုန်းကန်နေကြရပါသည်ဟု ညည်းတွားကာ လက်မှိုင်မချသင့်။ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ပြင်ကို မလျှော့သောဇွဲ၊ လုံ့လဖြင့် ကူးခတ်ကျော်ဖြတ်ဝံ့သော မဟာဇနက္ကမင်းသားကို မေခလာ နတ်သမီးခမျာ လက်ပိုက်ကြည့်မနေနိုင်ဘဲ ကူညီကယ်ဆယ်ခဲ့ရသည်။ ရိုးသားသော ကြိုးစားသော တောင်သူလယ်သမားဦးကြီးများကို နိုင်ငံတော်အစိုးရက ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝတိုးတက်ရေးအတွက် ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ လက်တွေ့ဖြည့်ဆည်းပေးနေပါသည်။

စိုက်ပျိုးစရိတ်အရင်းအနှီးများအတွက် လယ်ယာကုန်ထုတ်သမအသင်းများဖွဲ့စည်း၍ မတည်ချေးငွေများထုတ်ပေးခြင်း၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ပေးခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများကလည်း စိုက်ပျိုးစရိတ် ချေးငွေထုတ်ပေးခြင်း၊ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူသုံးစွဲနိုင်ကြစေရန် အစိုးရ၊ ပုဂ္ဂလိကတို့က အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းများအပြင် ဒေသခံစိုက်ပျိုးရေးအသင်းအဖွဲ့များကလည်း သီးနှံများကို ကြိုတင်ငွေပေးချေ ဝယ်ယူနေကြပါသည်။ သီးနှံမပေါ်သေးသည့် ကာလအတွင်း ဝင်ငွေပုံမှန်ရရှိရန် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လည်း ပံ့ပိုးကူညီပေးလျက်ရှိသည်။

မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရေး၊ ရေရရှိရေး၊ စက်မှုလယ်ယာမြေဖော်ထုတ်ရေးနှင့် လယ်ယာသုံးစက်ကိရိယာများ ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုရန် လေ့ကျင့်ပေးရန်များကို ဌာနဆိုင်ရာဝန်ထမ်းများက နေရာဒေသအသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည်။

စိုက်ပျိုးရေးပညာရှင်များ လယ်ကွင်းထဲအရောက် ကွင်းဆင်းကူညီပေးရုံသာမက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပုဂ္ဂလိကရုပ်သံနှင့် ရေဒီယိုအသံလွှင့်ဌာနများ၊ တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းနှင့် နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များတွင် နည်းပညာပေးအစီအစဉ်များ၊ သတင်းများနှင့် နှိုးဆော်ကြေညာချက်များ ထုတ်လွှင့်ပေးလျက်ရှိရာ

စာမျက်နှာ ၂၂ သို့ » »

ဈေးကွက်ဝင်သီးနှံများကို စိုက်ပျိုးထုတ်လုပ်၍ခိုင်မာသော စီးပွားရေးတည်ဆောက်

» » ရှေ့ဖုံးမှ

တောင်သူလယ်သမားများက အလွယ်တကူ လက်လှမ်းတမီ လေ့လာဖတ်ရှုကြည့်မြင် နားသောတဆင်နိုင်နေပြီဖြစ်သည်။

လယ်ယာသုံးစက်ကိရိယာ ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူသုံးစွဲနိုင်ရန် အခွန်အခ ကင်းလွတ်သက်သာစွာဖြင့် နိုင်ငံတွင်းတင်သွင်းရန် အားပေးကူညီခြင်း၊ ထွက်ရှိသော လယ်ယာသီးနှံများကို ပြည်တွင်းသာမက နိုင်ငံခြားဈေးကွက်များသို့ အဆင်ပြေချောမွေ့စွာ တင်ပို့ရောင်းချနိုင်ရန် ပံ့ပိုးပေးခြင်း၊ ဈေးကွက်သစ်များရှာဖွေပေးခြင်း အပါအဝင် ကုန်ဈေးနှုန်းသတင်းများကို တီဗွီ၊ ရေဒီယို၊ ဂျာနယ်၊ သတင်းစာများ စသည့်မီဒီယာ နည်းလမ်းများဖြင့် အသိပေးကြေညာပေးနေမှုများကို မြင်တွေ့နေရသည်။

လယ်ယာထွက်ကုန် အမယ်စုံကို တစုတစည်းတည်း လွယ်ကူစွာ ရောင်းချနိုင်ရန် ခေတ်မီအဆင့်မြင့် လက်ကားကုန်စည်ဒိုင်*(Whole Sale Market)*များ ထူထောင်ပြီး သီးနှံများ ဈေးကောင်းရရှိရေးကိုလည်း ဆောင်ရွက်နေကြသည်။ ထိုသို့သော ကောင်းမွန်သည့်အခြေအနေ အချိန်အခါ၌ တာဝန်ရှိဝန်ထမ်းများ၊ ပညာရှင်များ၊ ကုန်သည်အသင်းအဖွဲ့များက တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် စုစည်းပူးပေါင်း၍ နည်းလမ်းရှာဖွေကာ ကြိုးပမ်းလုပ်ဆောင်နေကြပြီဖြစ်ရာ ရရှိလာသည့် အခွင့်အရေးကို ရဲရဲကြီးဆုပ်ကိုင်လျက်စွမ်းစွမ်းတမံ ပါဝင်ကြိုးစားရန်သာ လိုပါတော့သည်။

ရေမြင့်မှကြာတင့်ပါသည်။ ကျေးလက်နေပြည်သူများ မဖွံ့ဖြိုး၊ မချမ်းသာသမျှ တိုင်းပြည်လည်းမကြီးပွားပါ။ လယ်ယာကဏ္ဍအခြေယိုင်ပါက ကျေးလက်ပြည်သူအများစု၏ အလုပ်အကိုင်နှင့် လူမှုဘဝရပ်တည်မှုခက်ခဲကာ တိုင်းပြည်နွံ့နစ်သွားပေမည်။ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိလာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးမြင့်မားရေးသည် နိုင်ငံတော်၏ ရည်မှန်းချက်လုပ်ငန်းတာဝန်ဖြစ်သလို ကျေးလက်ပြည်သူများ၏ ဆန္ဒလည်းဖြစ်သည်။

လယ်ယာကဏ္ဍနှင့် ဆက်နွယ်သူတိုင်း မွန်မြတ်သည့် ရည်မှန်းချက်ကို အလျင်မြန်ဆုံးအောင်မြင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့် အချိန်ကာလသို့ ရောက်ရှိနေပါပြီ။ မတ် ၂ ရက်တွင် ကျရောက်ခဲ့သည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုး၍ တောင်သူလယ်သမားများ၏ စီးပွားရေး ခိုင်ခံ့တည်မြဲအောင် ဝိုင်းဝန်းတည်ဆောက်ပေးကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

ကျောင်းပြင်ပမူလတန်းပညာရေးသင်ကြားမှု ဆွေးနွေး

ညောင်တုန်း မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့တွင် ကျောင်းပြင်ပ မူလတန်းပညာရေးဆွေးနွေးပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၁၀ နာရီက အမှတ်(၁)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဦးမြင့်ဆွေ(လက်ထောက်ညွှန်ကြားရေးမှူး ပညာရေး-ငြိမ်း)က ပြောကြားရာတွင် ကျောင်းပြင်ပမူလတန်းပညာရေး သင်ကြားရခြင်း၏ ရည်ရွယ်ချက်နှစ်ရပ်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝ မနေဖူးသေးသူ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီ ကျောင်းစောထွက်ခဲ့သူ (အသက် ၁၀ နှစ်မှ ၁၄ နှစ်) သက်ငယ်အုပ်စုကလေးများကို ဒုတိယအကြိမ်ပညာရေးအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးရန်နှင့် အဆိုပါ ကလေးများအား အခြေခံပညာအလယ်တန်း အဆင့်သို့ ဆက်လက်သင်ယူခွင့်ရရှိရန်တို့ကို ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို အစဉ်လေ့လာသုံးသပ်လျက် လာမည့် ပညာသင်နှစ်များတွင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဤအစီအစဉ်ကို စခန်းအလိုက်၊ မြို့နယ်အလိုက် စဉ်ဆက်မပြတ် လိုအပ်သလို အသိပေးစည်းရုံး ဆွေးနွေးအကူအညီပေးကြရန်လိုအပ်ပါကြောင်း၊ အထူးအားဖြင့် ကြီးကြပ်မှုအဖွဲ့နှင့် ပညာရေးမိသားစု သင်တန်းဆရာ ဆရာမတို့က ပိုမိုအားစိုက်ကြိုးပမ်းကြရန် လိုအပ်ကြောင်း ပညာတစ်ပိုင်းတစ်စဖြစ်ရသူများ၏ ပညာဆက်လက်ဆည်းပူးလိုသောဆန္ဒကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပြီး ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ကျောင်းပြင်ပမူလတန်းပညာရေးကို စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားသွားသည်။

ဆက်လက်၍ ဦးတင့်ဆွေ(မြို့နယ်ပညာရေးမှူး-ငြိမ်း)က သင်ကြားမှု၊ သင်ယူမှုနှင့် စည်းရုံးရေးပိုင်းတို့ကို ပြောကြားပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစိန်ကြည်ဦးက ညောင်တုန်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ အမက ရွှေဟင်္သာတောရ၊ မူလွန်ကျောင်းတူးချောင်းကျေးရွာ၊ အမက အမှတ်(၁)ရပ်ကွက် အရှေ့ပိုင်းကျောင်း၊ မူလွန်ကျောင်း ကဇန်းလမိုင်းကျေးရွာ၊ အလက(ခွဲ) ဂန်ချောင်းကျေးရွာ၊ အမက မဲဇလီအောက်စုနှင့် အမက ငသန့်ချောင်းကျေးရွာတို့တွင် စခန်းခုနစ်ခု၌ ကျောင်းပြင်ပမူလတန်းပညာရေးသင် ကျောင်းသား ကျောင်းသူ ၁၀၆ ဦးတို့အား သင်ကြားပေးသွားမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူ ယခုထက်ပိုမိုများပြားလာအောင် တိုးချဲ့စည်းရုံးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

အဆိုပါ အခမ်းအနားသို့ မြို့ပေါ်ရပ်ကွက် ၁၀ ခုမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အခြေစိုက်စခန်း၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ မြို့နယ်ကြီးကြပ်ရေးမှူး၊ စခန်းအလိုက် ဆရာဆရာမများတက်ရောက်ကြကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

မအူပင်မြို့နယ်ရှိ သဘာဝငါးမွေးမြူရေးကန်အတွင်းရှိ ငါးများဆယ်ယူနေစဉ်။

တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်သူများအား ဂျာမနီပညာရှင်များ ကူညီဆောင်ရွက်

ရန်ကုန် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆန်စပါး အဓိကစိုက်ပျိုးရာဒေသကြီးဖြစ်သည့်အပြင် ငါးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာ ဒေသလည်း ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်ခရိုင်အတွင်းတွင် ငါးကန်ဧကပေါင်း ရှစ်သောင်းကျော်ရှိပြီး မအူပင်မြို့နယ်အတွင်း၌ပင် ဧက လေးသောင်းကျော်ရှိကြောင်း သိရသည်။ မအူပင်ခရိုင်မှထွက်ရှိသော ငါးများကို ဒေသတွင်းစားသုံးရန်သာမကဘဲ အခြားဒေသများသို့ပါ ဖြန့်ဖြူးရောင်းချလျက်ရှိသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မအူပင်မြို့နယ်တွင် တလုပ်လှနှင့် အောင်ဟိတ်ငါးသားဖောက်ရေးစခန်း၊ ပန်းတနော်မြို့နယ်တွင် ပသွယ်ငါးသားဖောက်ရေးစခန်းတို့မှ နှစ်စဉ်ငါးသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ဒေသအတွင်းရှိ တစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်သူများအတွက် ဂျာမနီမှ ပညာရှင်များပါဝင်သည့် *World Fish* အဖွဲ့နှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၄ ရက်က *Orchard Farm -1* သဘာဝငါးမွေးမြူရေးကန်အတွင်း ငါးမျိုးစိတ်များ စနစ်တကျထည့်သွင်း မွေးမြူထားမှုကိုလှည့်လည်ကြည့်ရှုပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပတ်ဝန်းကျင်ဒေသရှိဒေသခံများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဆောင်ရွက်သင့်ကြောင်းကို “ဒီမှာ သဘာဝငါးမွေးကန်တွေရှိတယ်၊ တခြားမွေးမြူရေးစနစ်နဲ့မွေးတဲ့ လုပ်ငန်းရှင်တွေရှိတယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အဓိကက ဒီဒေသမှာရှိတဲ့ ဒေသခံပြည်သူတွေ စားဝတ်နေရေးပြေလည်ဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိဖို့လုပ်ဆောင်ပေးရမယ်၊ အမြဲတမ်းဝန်ထမ်း မဟုတ်တောင် နေ့စားဝန်ထမ်းမျိုးခန့်ပေးမယ်ဆိုရင် လုပ်ငန်းရှင်တွေအနေနဲ့ မိမိလုပ်ငန်းလည်း အဆင်ပြေ၊ ပတ်ဝန်းကျင်မှာရှိတဲ့ ဒေသခံပြည်သူတွေလည်း စားဝတ်နေရေးအဆင်ပြေ အလုပ်အကိုင်အခွင့်အလမ်းတွေရ၊ နောက်ပြီး ဒေသရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာမီးလင်းရေးစတဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေ ဒေသအတွက် ဆောင်ရွက်ရာမှာ ပါဝင်စေချင်တယ်” နောက်ပြီး ဒီ *Orchard Farm*လို ကုန်းတွင်းပိုင်းနေရာမျိုးမှာ *Eco Tourism* ပေါ့နော်၊ နိုင်ငံခြားသားတွေလာပြီး လေ့လာတဲ့နေရာ ဒီလိုမျိုးဖြစ်လာမယ်ဆိုရင် ဒီဒေသအနေနဲ့ အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးလာမှာ” ဟု ပြောကြားခဲ့သည်။

Orchard Farm မှ ငါးမွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာမြင့်စိန်က လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေမှုနှင့်ပတ်သက်၍ “ကျွန်တော်အခုဒီမှာ သီအိုရီပိုင်းကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ လက်တွေ့နယ်ပယ်မှာ၊ လုပ်ငန်းခွင်မှာ ကျွမ်းကျင်တဲ့သူတွေနဲ့ အင်ဂျင်စက်ပြင် သင်တန်းဖွင့်ဖို့ စီစဉ်နေပါတယ်၊ မြေနေရာက ရွေးပြီးသွားပါပြီ၊ ဒီမှာ စက်ပြင်ချင်ရင် ခက်ခဲတယ်၊ ဒါကြောင့် ဒီအနီးအနား ရွာတွေက ရှစ်တန်းအောင်ပြီးတဲ့ကလေးတွေကို လုပ်ကိုင်စားလို့ရတဲ့အဆင့်ထိ သင်ပေးမှာပါ၊ နောက်ပြီး စပါးစိုက်တဲ့ရာသီရောက်ရင်လည်း ဒီအနီးအနား ရွာတွေက လူတွေခေါ်ပြီး လုပ်ပါတယ်။ ငါးကန်မှာလည်း လက်ရှိဝန်ထမ်းအပြင် နောက်ထပ်ဝန်ထမ်းခေါ်ဖို့ အစီအစဉ်ရှိပါတယ်၊ ဒေသရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း ပါဝင်ဆောင်ရွက်သွားဖို့ရှိပါတယ်” ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလတ်တိုကျေးရွာအုပ်စု တမလိုကျေးရွာရှိ *Orchard Farm* သဘာဝငါးမွေးမြူရေးကန်သည် ငါးကန်ဧကပေါင်း ၂၃၅၀ ဧကနှင့် စပါးစိုက်ဧကပေါင်း ၄၅၀ဧကရှိသည်။ ငါးကြင်း၊ ရွှေဝါငါးကြင်း၊ တီလားဗီးယား၊ မြက်စားငါးကြင်း၊ ငါးသိုင်း ခေါင်းပွ၊ငါးကျည်း၊ ငါးခူ၊ ငါးပြေမ၊ ငါးဖယ်စသည့် ငါးများကို ပြင်ပအစာမကျွေးဘဲ ကန်ထဲမှ သဘာဝအတိုင်းဖြစ်ပေါ်နေသော ရေညှိရေမှော်များ၊ အင်းဆက်များကိုသာ စားစေခဲ့ရာ ငါးများမှာ အရွယ်အစားလွန်စွာကြီးမားလှသည်။ ရှားပါးငှက်မျိုးစိတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများရှိခြင်းကြောင့် မကြာခဏ ဆိုသလိုပင် နိုင်ငံခြားသားသုတေသနပြုအဖွဲ့များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများစာတမ်းပြုစုရန် လာရောက်၍ သုတေသနပြုလေ့ရှိကြောင်း သိရသည်။ **[သီသီမင်း]**



ပြည်သူ့အကျိုးပြု လက်တွေ့အသုံးချသုတေသနလုပ်ငန်း

ဒေါက်တာစောစော
ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် ပြည်သူလူထုအကျိုးပြုသုတေသန တွေ့ရှိချက်များကို လက်တွေ့အသုံးချခြင်းဖြင့် ပြည်သူလူထု၏ကျန်းမာရေးတိုးတက်မြင့်မားလာစေရန်နှင့် ကျန်းမာဖွံ့ဖြိုးသော နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် အထောက်အကူပြုရန် အဓိကရည်မှန်းချက်များထားလျက် ပြည်သူ့အကျိုးပြုသုတေသနလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် လက်တွေ့အသုံးချသုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော စီမံခန့်ခွဲသူများနှင့် သုတေသီပညာရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းမှာ လွန်စွာအရေးကြီးပါသည်။

လက်တွေ့အသုံးချသုတေသနလုပ်ငန်းဆိုသည်မှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက်များတွင် ကြုံတွေ့ရသည့် အဟန့်အတားအခက်အခဲများ၏ အကြောင်းရင်းများကို စနစ်တကျလေ့လာ၍ အဖြေထုတ်ခြင်းနှင့် ၎င်းအဖြေရလဒ်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ပြန်လည်အသုံးချခြင်းကို ဆိုလိုပါသည်။ သုတေသနအမျိုးအစားများထဲမှ ကျန်းမာရေးစနစ် သုတေသနမှာ လူအများစုနားလည်သိရှိသော ဓာတ်ခွဲခန်း၌စမ်းသပ်မှုများ လုပ်ဆောင်နေရသည့် သုတေသနမျိုးမဟုတ်ဘဲ ပြည်သူလူထုကြားတွင် ကွင်းဆင်းလေ့လာပြီး **ပြည်သူ့အသံကိုနားထောင်**ရသည့် သုတေသနမျိုးဖြစ်ရပါမည်။ ဤသုတေသနများကိုလုပ်ဆောင်သောအခါ သုတေသီပညာရှင်များနှင့် ကျန်းမာရေးဦးစီးဌာနမှ သက်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုပေးနေသော စီမံခန့်ခွဲသူများသည် သုတေသနလုပ်ငန်းစဉ် အစ၊ အလယ်၊ အဆုံးထိ ပူးပေါင်းလုပ်ဆောင်ရန် အရေးကြီးပါသည်။

လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်း

လက်တွေ့အသုံးချသုတေသနလုပ်ငန်းများလုပ်ဆောင်ရာတွင် အဓိက အဆင့် သုံးဆင့်ရှိပါသည်။ ပထမဆုံးအဆင့်မှာ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် မည်သည့်ပြဿနာများရှိနေသည်၊ မည်သည့်ပြဿနာများက သုတေသနလုပ်ပြီးအဖြေရှာရန်လိုအပ်မည်၊ မည်သည့်သုတေသနနယ်ပယ်များကို အရင်ဆုံးဦးစားပေးလေ့လာသင့်သည် စသည်များကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအသီးသီးမှ သက်ဆိုင်ရာစီမံချက်မန်နေဂျာများနှင့် သုတေသီများ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါသည်။ ဒုတိယအဆင့်မှာ သုတေသနအဆိုပြုလွှာရေးသားခြင်းဖြစ်ပါသည်။

တတိယအဆင့်မှာ ကွင်းဆင်းသုတေသနလုပ်ဆောင်ပြီး အချက်အလက်များ ကောက်ယူခြင်းဖြစ်ပါသည်။ ဆက်လက်၍ တွေ့ဆုံမေးမြန်းခြင်းမှ ပြည်သူ့အသံ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အသံများကိုနားထောင်ကြခြင်း စသည့် လုပ်ငန်းများလုပ်ဆောင်ရပါသည်။ ထို့နောက် ရရှိလာသောအချက်အလက်များကို သုတေသနတွင်ပါဝင်သော အဖွဲ့ဝင်အားလုံးမှ ဝိုင်းဝန်းဆွေးနွေးခွဲခြမ်းစိတ်ဖြာပြီး ထွက်ပေါ်လာသော သုတေသနတွေ့ရှိချက်များကို ပြန်လည်တင်ပြဆွေးနွေးကြရပါသည်။ အချုပ်အားဖြင့် သုတေသနတွေ့ရှိချက်များကို အခြေခံသည့် ကျန်းမာရေးစီမံချက်များရေးဆွဲကာ ရှေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းသည် လက်တွေ့အသုံးချသုတေသန၏ အနှစ်သာရပင်ဖြစ်ပါသည်။

သုတေသနတွေ့ရှိချက်များအားဖြန့်ဝေခြင်း

သုတေသနအစီရင်ခံစာများ (Research reports) ရေးသားခြင်း၊ သုတေသနတွင် ပါဝင်ဖြေဆိုသူများ၊ သုတေသန ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းများ၊ မူဝါဒဆုံးဖြတ်ပေးနိုင်သောသူများနှင့် ပညာရှင်များပါဝင်သည့် သုတေသနတွေ့ရှိချက်များ ဖြန့်ဝေသည့် အလုပ်ရုံဆွေးနွေးပွဲများ (Research Findings dissemination workshops and meetings) ကို ကျင်းပခြင်း၊ သုတေသနညီလာခံများတွင် သုတေသနစာတမ်းများ ဖတ်ကြားခြင်းနှင့် ဆေးသိပ္ပံဂျာနယ်များတွင် ပုံနှိပ်ထုတ်ဝေခြင်းစသည့်နည်းလမ်းများဖြင့် သုတေသနတွေ့ရှိချက်များအား ဖြန့်ဝေခြင်းကိုဆောင်ရွက်ပါသည်။ သုတေသနတွေ့ရှိချက်များအား အသုံးချမှုမြင့်မားစေရန် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သုတေသနတွေ့ရှိချက်များအား တင်ပြဆွေးနွေးရာတွင် လက်ခံရယူမည့် ပရိသတ်အမျိုးအစား(၄)မျိုးရှိပါသည်။ ၎င်းတို့မှာ-

(၁) သုတေသနတွင် ပါဝင်ဖြေဆိုသူပြည်သူလူထုများ၊
(၂) သုတေသန ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းများ၊
(၃) မူဝါဒဆုံးဖြတ်ပေးနိုင်သောသူများနှင့်
(၄) ပညာရှင်များဖြစ်ပါသည်။

သုတေသနတွေ့ရှိချက်များကို ဖြန့်ဝေသည့်အခါတွင်လည်း လက်ခံရယူမည့် ပရိသတ်အပေါ်မူတည်ပြီး ပုံစံကွဲပြားမှုရှိပါသည်။ ယခုနောက်ပိုင်းတွင် သုတေသနတွေ့ရှိချက်များကို သုတေသနတွင် ကိုယ်တိုင်ပါဝင်ဖြေဆိုပေးခဲ့သည့် ပြည်သူလူထုကိုလည်း ပြန်လည်အသိပေးရမည်ဖြစ်သဖြင့် ပထမဆုံးအနေနှင့် ပြည်သူအများနားလည်မည့် အသုံးအနှုန်းများဖြင့် ရေးသားထားသော သတင်းလွှာကို မြန်မာဘာသာဖြင့် ဖြန့်ဝေပါသည်။

သုတေသနတွေ့ရှိချက်များအား အသုံးချမှုနှင့် အကျိုးပြုမှုများ

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းကို ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တို့ ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းစဉ်များမှ သုတေသနတွေ့ရှိချက် အချို့အား အသုံးချမှုနှင့် အကျိုးပြုမှုသာဓကများအဖြစ် တင်ပြလိုပါသည်။ တီဘီရောဂါလက္ခဏာရှိလျှင် ၇၀ ရာခိုင်နှုန်းသည် ပြင်ပပုဂ္ဂလိကက အထွေထွေရောဂါကုဆရာဝန်များ (GP) များထံ ရှေးဦးစွာ သွားရောက်ပြသကြသည့်အတွက် (GP) များ၏ အခန်းကဏ္ဍသည် တီဘီရောဂါတိုက်ဖျက်ရေးတွင် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် တီဘီရောဂါတိုက်ဖျက်ရေးအတွက် (GP)နှင့် ပြည်သူ့ကျန်းမာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်း (Public-Private Mix DOTS) နှင့် ပတ်သက်သော သုတေသနတွေ့ရှိချက်များကို အခြေခံပြီး မြို့နယ်အဆင့်ရှိ (GP) များနှင့် တွေ့ဆုံ၍ ဆွေးနွေးပွဲများကျင်းပနိုင်ခဲ့ပါသည်။

ကွင်းဆင်းသုတေသနလုပ်ဆောင်ရာတွင် မေးမြန်းခြင်းမှ **ပြည်သူလူထုကပေးသည့် အကြံဉာဏ်**ကောင်းတစ်ခုကို ရရှိလာပါသည်။ ၎င်းမှာ အသုံးအဆောင်ပစ္စည်းတစ်ခုခု၊ ဥပမာ-ယပ်တောင်ပေါ်တွင် ကျန်းမာရေး အချက်အလက်များကို ရေးသားရန်ဖြစ်ပါသည်။ ၎င်းအကြံဉာဏ်ကို (GP) ဆေးခန်းများတွင် အသုံးပြုမည့် ခန်းဆီးလိုက်ကာများပေါ်တွင် ရိုက်နှိပ်ခြင်းက ပိုကောင်းမည်ဟု ဖြည့်စွက်စဉ်းစား၍ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လက်တွေ့အသုံးချ သုတေသနရလဒ်အဖြစ် တီဘီရောဂါနှင့်ပတ်သက်သော ကျန်းမာရေးအချက်အလက်များကို ခန်းဆီးလိုက်ကာစပေါ်တွင် ရိုက်နှိပ်ပြီး (GP) ဆေးခန်းများတွင် တပ်ဆင်ရန်ဖြန့်ဝေခဲ့ပါသည်။ ၎င်းတီဘီခန်းဆီးနမူနာများကို မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီစီမံချက်နှင့် Japanese International Cooperation Agency (JICA) တို့က ဖော်ပြပါပုံစံအတိုင်း ၎င်းတို့၏စီမံချက် မြို့နယ်များတွင် ရိုက်နှိပ်ပြီး ဖြန့်ဝေခဲ့ပါသည်။

အခြားသုတေသနတွေ့ရှိချက်တစ်ခုမှာ တီဘီရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအချက်အလက်များကို FM ရေဒီယိုမှတစ်ဆင့် ဖြန့်ဝေရန်ဖြစ်ပါသည်။ အထူးသဖြင့် ရှမ်းပြည်နယ်အတွက်ဆိုလျှင် ဤနည်းလမ်းသည် ပိုမိုထိရောက်မည်ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ Cherry FM မှ တီဘီရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအချက်အလက်များကို မြန်မာဘာသာနှင့် ပအိုဝ်းဘာသာနှစ်ဘာသာဖြင့် ထုတ်လွှင့်ပေးခဲ့ပါသည်။

သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အသင်းအဖွဲ့နှင့် ဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးပါသည်။ ကျန်းမာရေးစီမံချက်မန်နေဂျာများ၊ သုတေသီပညာရှင်များသာမက သုတေသနလက်ထောက်များ၊ အခြားအဆင့်ဝန်ထမ်းများ၏ ပံ့ပိုးမှုအခန်းကဏ္ဍသည် သုတေသနလုပ်ငန်းအောင်မြင်မှုအတွက် အလွန်အရေးကြီးပါသည်။ လက်တွေ့အသုံးချသုတေသန လုပ်ငန်းများ ဆောင်ရွက်သည့်အခါ သုတေသီများသည် နည်းပညာကျွမ်းကျင်မှုရှိရုံသာမက ညှိနှိုင်းပူးပေါင်းဆောင်ရွက်တတ်မှုနှင့်ရရှိလာသည့် အောင်မြင်မှုကို မျှဝေခံစားစေလိုသော အခြေခံစိတ်ဓာတ်၊ ခံယူချက်များရှိရန် အလွန်လိုအပ်ပါသည်။ သို့မှသာ သုတေသနရလဒ်များသည် လက်တွေ့ကျန်းမာရေးစနစ်ကို အထောက်အကူဖြစ်စေမည့် အကျိုးပြုသုတေသနများဖြစ်နိုင်ပါသည်။ အမှန်စင်စစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်စေရန်ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းဆောင်ရွက်၍ မရပါ။ သုတေသနတွေ့ရှိချက်များအရ နီးနွယ် ဝန်ကြီးဌာနများ၊ ပြင်ပပုဂ္ဂလိက အထွေထွေရောဂါကုဆရာဝန်များ၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့ငယ်များ စသဖြင့် အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးစနစ်စီမံကိန်းများကို ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာများတွင် လိုအပ်သည့် အထောက်အထားနှင့် အချက်အလက်များကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ကျန်းမာရေးစနစ်သုတေသနဌာနခွဲသည် မိမိတို့တတ်ကျွမ်းသည့် နည်းပညာပံ့ပိုးမှုများနှင့် စနစ်တကျရှာဖွေလေ့လာ သုတေသပြုတွေ့ရှိချက်ရလဒ်များဖြင့် အထောက်အကူပြုပေးလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

ကြေးမုံ | မေ ၁၁ ရက် ၂၀၁၄ ခုနှစ်

မကွေးတိုင်းဒေသကြီး

နတ်မောက်မြို့ သီတဂူဒီပင်္ကရာစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသ

နတ်မောက် မေ ၁၀ - မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ သီတဂူဒီပင်္ကရာစက္ခုဒါနဆေးရုံကြီး၌ မေ ၁ ရက်မှ ၅ ရက်အထိ မျက်စိဝေဒနာရှင်များအား နဝမအကြိမ်မြောက် အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ရာ နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိဝေဒနာရှင်များနှင့် မြို့သစ်မြို့နယ်မှ မျက်စိဝေဒနာရှင်များ လာရောက်ကုသခဲ့ကြသည်။ မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမြအောင်၊ ဒေါက်တာစဂျေလွင်၊ ဒေါက်တာခင်အုန်းဟန်တို့အပြင် စစ်ကိုင်းသီတဂူမှ ကျွမ်းကျင်ဝန်ထမ်းများက နံနက် ၈ နာရီမှ ညပိုင်းအထိ စမ်းသပ်ခွဲစိတ်ကုသပေးခဲ့သည်။ လာရောက်ကုသကြသည့် မျက်စိဝေဒနာရှင် ၅၇၉ ဦးအား မျက်စိစမ်းသပ်ကုသပေးခဲ့ပြီး သံဃာတော်လေးပါးနှင့် အမျိုးသား၊ အမျိုးသမီး ၁၅၂ ဦး စုစုပေါင်း ၁၅၆ ဦးတို့ကို ခွဲစိတ်ကုသပေးခဲ့သည်။ နတ်မောက်မြို့ သီတဂူဒီပင်္ကရာစက္ခုဒါနဆေးရုံကြီးတွင် ပထမအကြိမ်မှ နဝမအကြိမ်အထိ စမ်းသပ်ကုသမျက်စိဝေဒနာရှင် ၈၇၅၉ ဦးနှင့် ခွဲစိတ်မျက်စိဝေဒနာရှင် ၁၁၉၇ ဦးတို့ကို စစ်ဆေးခွဲစိတ်ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဦးနေ)**

ဧရာဝတီတိုင်းဒေသကြီး

ကျူတောကျေးရွာ၌ သံကူကွန်ကရစ်တံတားဖွင့်

ရွှေသောင်ယံ မေ ၁၀ - ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ သဲကုန်းကျေးရွာအုပ်စု ကျူတောကျေးရွာ၌ သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၈ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ကွန်ကရစ်တံတားဖွင့်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်ခင်စောမူ၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ခင်စီနှင့် ဒေသခံခရစ်ယာန်အသင်းမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒေသခံများက သောင်းသောင်းဖြဖြ ကြိုဆိုမှုကို ခံယူပြီး ခရစ်ယာန်အသင်းခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရွာသူရွာသားများနှင့် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပသည်။

ခရစ်ယာန်အသင်းတော်မှ တာဝန်ရှိသူတစ်ဦးက ကျေးလက်ဒေသ၏ လိုအပ်ချက်များကို တင်ပြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ခင်စီနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ အကြီးအကဲများက တင်ပြလာသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်ထားရှိမှုနှင့် ဆက်လက်လုပ်ဆောင်သွားမည့်အကြောင်းအရာများ ရှင်းလင်းဆွေးနွေးကြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က နိဂုံးချုပ်ဖြည့်စွက်ဆွေးနွေးကာ ကျေးရွာရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကြည့်ရှုကာ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

မွန်ပြည်နယ်

မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ဓာတ်လှေကားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

မော်လမြိုင် မေ ၁၀ - မွန်ပြည်နယ် မော်လမြိုင်မြို့၏ နာဂဝီသတောင်တန်းပေါ်တွင်တည်ရှိသော သမိုင်းဝင် သွားတော်ဓာတ်နှင့်ဆံတော်ရှင်ကျိုက်သလွံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဘေးတွင် တည်ဆောက်လျက်ရှိသော ဒုတိယမြောက်ဓာတ်လှေကားသစ်ကြီးသည် ယခုအချိန်တွင် လုပ်ငန်းတစ်ခုလုံးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတ်လှေကားကို ၂၀၁၂ ခုနှစ် ဇွန်လမှစတင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အမြင့်ပေ ၁၂၀၊ လျှောက်လမ်းအရှည်ပေ ၁၈၀ နှင့် အကျယ် ၁၀ ပေရှိကာ တစ်ခန်းလျှင် ၁၅ ဦးဆံ့ နှစ်ခန်းတွဲ ဓာတ်လှေကားဖြစ်ပြီး ယင်းစက်ကို ကိုရီးယားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၉၀၀၀၀ ဖြင့်ဝယ်ယူခဲ့ကာ ဓာတ်လှေကားတစ်ခုလုံးအတွက် ကျပ်သိန်းပေါင်း ၆၀၀၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

“ပထမဓာတ်လှေကားက စေတီတော်ရဲ့အနောက်ဘက်ခြမ်းမှာရှိပြီး အခု ဒုတိယတစ်ခုက အရှေ့ဘက်မုခ်မှာလုပ်လိုက်တော့ မြို့ရှောင်လမ်းကလာတဲ့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးယာဉ်တွေ တောင်ပေါ်တက်နေစရာမလိုတော့သလို အရှေ့ဘက်ခြမ်းက မိဘပြည်သူ၊ သက်ကြီးရွယ်အိုတွေလည်း လမ်းလျှောက်တက်စရာမလိုတော့ဘဲ ပိုပြီးလွယ်ကူအဆင်ပြေသွားတာပေါ့” ဟု ကျိုက်သလွံစေတီတော်ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ ဓာတ်လှေကားကို မေ ၁၃ ရက်(ကဆုန်လပြည့်နေ့) နံနက် ၈ နာရီခွဲတွင် ဖွင့်ပွဲအခမ်းအနားကျင်းပသွားမည်ဖြစ်ပြီး လာရောက်ကြသော ဘုရားဖူးဧည့်ပရိသတ်များအား ထမင်း၊ ဟင်းအပါအဝင် စားစရာအမျိုးပေါင်း ၃၀ ကျော်ဖြင့် စတုဒိသာကျွေးမွေးကာ ရွှေမိုးငွေမိုးရွာသွန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးခင်မောင်ဝင်းက ဆက်လက်ပြောကြားခဲ့သည်။

မော်လမြိုင်မြို့ရှိ နာဂဝီသတောင်တန်းပေါ်တွင် မဟာမြတ်မုနိ၊ ကျိုက်သလွံ၊ ဦးခန္တီ၊ ဦးဇိနစသော စေတီဘုရားများတည်ရှိသော်လည်း ကျိုက်သလွံဘုရားတွင်သာ ဓာတ်လှေကားတည်ရှိပြီး တစ်နှစ်ထက်တစ်နှစ်တိုးပွားများပြားလာသော ပြည်တွင်း ပြည်ပဘုရားဖူးများကြောင့် ကျိုက်သလွံရင်ပြင်တော်အား ချဲ့ထွင်ခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဆက်နေမင်းအောင်)

တနင်္သာရီတိုင်းဒေသကြီး

ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

ထားဝယ် မေ ၁၀ - ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုနှုန်းကိုလျှော့ချရန် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ ကျေးလက်လူထု၏စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်ဟူသော အဓိကရည်မှန်းချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာစီမံကိန်း ၁၁၅၀ တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လောင်းလုံမြို့နယ် ဒေါင်းရှောင်ကျေးရွာ မြစိမ်းရောင်ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းရန် ကျေးရွာသူ ကျေးရွာသားများ ဆန္ဒမဲပေးနေကြစဉ်။

ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်းသုံးရာရရှိမည်ဖြစ်ပြီး နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်ရန်မလိုခြင်း၊ ကျေးရွာသူ ကျေးရွာသားအားလုံးက ကျေးရွာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ပိုင်ဆိုင်ခွင့်ရရှိခြင်း၊ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆန္ဒမဲပေးရွေးချယ်သော ကျေးရွာရန်ပုံငွေကော်မတီမှ အဓိကတာဝန်ယူ စီမံခန့်ခွဲ၍ ကျေးရွာသူ ကျေးရွာသားများ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော ငွေကြေးတစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အပြည့်အစုံကို အတိုးနှုန်းနည်းပါးစွာဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေမှ ချေးယူ၍ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ ရရှိသော တိုးပွားငွေများဖြင့် မိမိကျေးရွာဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများခံစားရမည်ဖြစ်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)အဖွဲ့နှင့် ထားဝယ်ခရိုင် လောင်းလုံမြို့နယ်၊ ရေဖြူမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများ လုပ်ငန်းဆိုင်ရာရှင်းလင်းခြင်းနှင့် မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းကို မေ ၂ ရက်မှ ၄ ရက်အထိ ပြုလုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ်တွင် ကျေးရွာ ၁၀ ရွာ၊ ရေဖြူမြို့နယ်တွင် ကျေးရွာ ၁၁ ရွာ စုစုပေါင်း ကျေးရွာ ၂၁ ရွာတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ရှမ်းပြည်နယ်

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လာရောက်လေ့လာသူများအား ပညာပေးရှင်းလင်းဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ မေ ၁၀ - အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်းရှိ ညောင်ရွှေမြို့နယ် ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်းတည်ရှိပါသည်။ အင်းလေးကန်ဘေးမဲ့တောအား လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ ၁၀-၁-၁၉၈၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၅)ဖြင့် ဖွဲ့စည်းခဲ့ပြီး အာဆီယံအမွေအနှစ်စာရင်းဝင်ဥယျာဉ်တစ်ခုဖြစ်ပါသည်။ ၁၉၉၀ ခုနှစ်အောက်တိုဘာလတွင် သစ်တောဦးစီးဌာနသဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးအား ညောင်ရွှေမြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အင်းလေးကန်ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ အင်းလေးကန်ဘေးမဲ့တောတွင် ရေတိမ်ဒေသနေတိရစ္ဆာန်များ၊ ငါးများ၊ ကုန်းနေရေနေသတ္တဝါများ၊ အင်းဆက်များ၊ ရေနေပင်များ၊ ကျွန်းမျောရိုင်းများ၊ ရေအရည်အသွေးများ၊ ရာသီဥတုအနေအထားများဆက်သွယ်မှုဖြစ်သည့် ဂေဟစနစ်အား လေ့လာသုတေသနပြုလုပ်နိုင်ခြင်းကြောင့် လာရောက်လေ့လာသူများအတွက်အလွန်တန်ဖိုးရှိသော ဘေးမဲ့တောတစ်ခုဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဧပြီလအတွင်း ဟင်္သာတ တက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာအေးအေးကို ဦးဆောင်သော ဆရာ ဆရာမ ၁၅ ဦး၊ ပထမနှစ်(ဂုဏ်ထူးတန်း) ကျောင်းသား ကျောင်းသူများနှင့် တတိယနှစ် ကျောင်းသား ကျောင်းသူ ၇၀ စုစုပေါင်း ၈၅ ဦးတို့သည် ဧပြီ ၂၆ ရက်တွင်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဆရာ ဆရာမ ၁၈ ဦးနှင့်ဘက်စုံပညာထူးချွန်လူငယ် ၁၇၃ ဦး စုစုပေါင်း ၁၉၁ ဦးတို့သည် ဧပြီ ၂၈ ရက်တွင်လည်းကောင်း အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လာရောက်လေ့လာခဲ့ကြပါသည်။ အဆိုပါလေ့လာရေးအဖွဲ့နှစ်ဖွဲ့အား ဘေးမဲ့တောအုပ်ချုပ်ရေးမှူးက သဘာဝဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး ဆောင်ရွက်နေသော မြန်မာနိုင်ငံရှိ ဥယျာဉ်/ဘေးမဲ့တောများ၊ ရေတိမ်ဒေသများ၊ အာဆီယံအမွေအနှစ် ဥယျာဉ်များနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို Power Point ဖြင့်ရှင်းလင်းပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သစ်တော)

မန္တလေးတိုင်းဒေသကြီး

မန္တလေးမြို့တွင် အင်တာနက်ဖိုက်ဘာလိုင်းသစ်များ တိုးချဲ့မည်

မန္တလေး မေ ၁၀ - အင်တာနက်ဆက်သွယ်ရေးတွင် အဆင်ပြေစွာ အသုံးပြုနိုင်သည့် Fiber Cable စနစ်အား တာဝန်ယူ ဆောင်ရွက်ပေးနေသည့် FORTUNE CO.,LTD. မှ မန္တလေးမြို့တွင် အင်တာနက်ဆက်သွယ်မှုပိုမိုကောင်းမွန်စေရေးအတွက် အဆိုပါစနစ်အား လိုင်းသစ်များ ထပ်မံတိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တွင် Fiber Cable (FTTH) ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီနှစ်ခုဖြစ်သည့် FORTUNE နှင့် REDLINK တို့မှာ နယ်မြေအပိုင်းအခြားအလိုက် တာဝန်ယူ ချိတ်ဆက်ပေးနေပြီး FORTUNE ကုမ္ပဏီအနေဖြင့် ထပ်မံတိုးချဲ့ပေးသွားမည့်နေရာများမှ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ တမ္ပဝတီ၊ မြို့ဟောင်း ကပ်ကျော်နန်းတော်ရာ ကွက်သစ်တို့ဖြစ်သည်။

“ရတနာပုံတယ်လီပို့ကတစ်ဆင့် ဝန်ဆောင်မှုအဖြစ် Local Service Provider(LSP) ထပ်ပေးတာပါ။ ထပ်မံတိုးချဲ့မယ့်နေရာတွေမှာ Survay နဲ့ Market ဆင်းပြီးသွားပြီ။ ဖိုက်ဘာ ၁၀ ရက်အတွင်း ချိတ်ဆက်နိုင်အောင် ဝန်ဆောင်မှုလုပ်ပေးပါတယ်”ဟု အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။

FORTUNE ကုမ္ပဏီအနေဖြင့် အိမ်အရောက်ဆက်သွယ်ပေးသည့် ဝန်ဆောင်ခများမှာ တပ်ဆင်ခများနှင့် အခြားစက်ပစ္စည်းများအပါအဝင် ကနဦးကျသင့်ငွေကျပ်ငါးသိန်းနှင့် နှစ်စဉ်ကြေးငွေကျပ် ခြောက်သောင်းကို ပေးသွင်းရမည်ဖြစ်ပြီး လစဉ်ပေးသွင်းရန် အသုံးပြုသည့်အပေါ်တွင်မူတည်၍ 512-Kbp လျှင် ငွေကျပ် ၄၅၀၀၀၊ 1-Mbps လျှင် ငွေကျပ် ၇၅၀၀၀၊ 2-Mbps လျှင် ငွေကျပ် ၁၂၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

စစ်ကိုင်းတိုင်းဒေသကြီး

ပုံတောင်ခြေရင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်း

ပုလဲ မေ ၁၀ - စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုံတောင်ခြေရင်းရှိ ကျေးရွာနေပြည်သူများ၏ အသိဉာဏ်ပညာဗဟုသုတများ တိုးပွားရရှိလာစေရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ သိရှိနိုင်စေရေးကို ရည်ရွယ်ပြီး သစ်ကြီးတိုင်းကျေးရွာ၊ ကျော်တောကျေးရွာ၊ ဇိတ္တောင့်ကျေးရွာနှင့် သံတောင်ကျေးရွာများရှိ စာကြည့်တိုက်များသို့ မြန်မာ့အလင်းနေ့စဉ်ထုတ်သတင်းစာဖိုး တစ်နှစ်စာ ငွေကျပ် ၉၆၀၀၀ လှူဒါန်းပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် မေ ၁ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မန္တလေးမြို့နေ ဦးကျော်ဝင်း-ဒေါ်ခင်မေသန်း မိသားစု(ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်း)က သစ်ကြီးတိုင်းကျေးရွာ၊ ကျော်တောကျေးရွာ၊ ဇိတ္တောင့်ကျေးရွာနှင့် သံတောင်ကျေးရွာများရှိ စာကြည့်တိုက်များအတွက် မြန်မာ့အလင်း နေ့စဉ်ထုတ်သတင်းစာဖိုး တစ်နှစ်စာ ငွေကျပ် ၉၆၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးမြင့်သိန်းစိုးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

အလှူရှင်ဦးကျော်ဝင်းက “ကျွန်တော်က ကျော်တောကျေးရွာ ဇာတိပါ။ ၁၉၈၃ ခုနှစ်လောက်ကတည်းက ဖားကန့်ဒေသကို ကျောက်သွားတူးခဲ့တာ အခုဆိုအဆင်ပြေနေပါပြီ။ ဒါကြောင့် ကျွန်တော်တို့တောင်ပေါ်ဒေသကျေးရွာတွေဟာ လမ်းပန်းဆက်သွယ်ရေးနဲ့အသိဉာဏ်ဖွံ့ဖြိုးမှုက အားနည်းနေသေးတာကိုတွေ့ရတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့တိုင်ပင်ပြီး ဆောင်ရွက်ပေးလျက်ရှိသလို အသိဉာဏ်ပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့အလင်းနေ့စဉ်ထုတ်သတင်းစာများကို ကျွန်တော် တတ်နိုင်သလောက် ကျေးရွာလေးရွာမှာရှိတဲ့ စာကြည့်တိုက်တွေကို လှူဒါန်းရခြင်းဖြစ်ပါတယ်” ဟု ပြောပြခဲ့သည်။

မင်းခန့်စိုး(ဇေယျာမြေ)

မကွေးတိုင်းဒေသကြီး

နတ်မောက်မြို့နယ် ရေရှားပါးသောကျေးရွာများသို့ ရေများပေးဝေလှူဒါန်း

နတ်မောက် မေ ၁၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဝါးရုံကုန်းအုပ်စု အိုးဘိုကျေးရွာနှင့် သမှူန်းပင်အုပ်စု ကျွဲထူးကန်ကျေးရွာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များနှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များသည် မေ ၆ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်မှ ဂါလန် ၁၀၀၀ ဆံ့ ရေကားများဖြင့် နေ့စဉ်သွားရောက်ပေးဝေလှူဒါန်းကြသည်။

ထို့နောက်မြို့နယ်အဆင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ ယခုလိုနွေရာသီမှာ ရေရှားပါးတဲ့ ကျေးရွာတွေကို အဓိကထားပြီး ရေကို ပေးဝေလှူဒါန်းနေတာပါ၊ ဒီရွာမှ မဟုတ်ပါဘူး။ မိမိတို့မြို့နယ်အတွင်းမှာရှိတဲ့ ရေရှားပါးတဲ့ကျေးရွာတွေကို ဘယ်ကျေးရွာမဆို အခုလို လှူဒါန်းသွားမှာပါ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ ရေနဲ့ပတ်သက်လာရင် စောင့်ကြည့်ပြီး ဦးစားပေးအနေနဲ့ လုပ်ဆောင်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

ဝါးရုံကုန်းအုပ်စု အုတ်ဖိုကျေးရွာမှ ပြည်သူတစ်ဦးကလည်း "ကျွန်တော်တို့ကျေးရွာမှာ အခုချိန်ရေကအဓိကလိုဖြစ်နေပြီး လူရော တိရစ္ဆာန်တွေရောပေါ့ဗျာ၊ အခုလိုသက်ဆိုင်တဲ့ဌာနတွေ စုပေါင်းပြီး ရေများလာရောက်လှူဒါန်းတဲ့အတွက် တစ်ရွာလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ ဝမ်းသာပီတိလည်းဖြစ်ရပါတယ်။ တခြားကျေးရွာတွေလည်း ရေခက်ခဲမှုရှိလျှင် သွားရောက်ပြီး လှူဒါန်းပေးကြဦးမယ်လို့ သိရတဲ့အတွက် အလွန်မှ မွန်မြတ်တဲ့ အလှူဒါနတစ်ခုပါပဲ"ဟု ပြောပြသည်။

လှဝင်း(iprd)

ရန်ကုန်တိုင်းဒေသကြီး

ကျောက်တန်းမြို့နယ်နှင့် တံတားမြို့နယ်ခွဲအတွင်းရှိ ကျေးရွာများအား သောက်သုံးရေ ဖြန့်ဝေ

ကျောက်တန်း မေ ၁၀

ယခုအချိန်သည် ပူပြင်းခြောက်သွေ့၍ သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရချိန်ဖြစ်သည်။မြန်မာနိုင်ငံအနှံ့ ကျေးရွာအများအပြားတွင်သောက်သုံးရေအခက်အခဲနှင့် ရင်ဆိုင်နေကြရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်နှင့် တံတားမြို့နယ်ခွဲအတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေရှားပါးပြတ်လပ်နေခြင်းကြောင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက ဦးဆောင်၍ တံတားမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးသန့်စင်မျိုး၊ တံတားရဲစခန်းမှူး ရဲအုပ်ထွန်းထွန်းဝေနှင့် ရေအလှူရှင်များဖြစ်သည့် ဦးအောင်ကျော်ဆွေနှင့် ဦးဖုန်းမြင့်တို့က မေ ၇ရက်တွင် သောက်ရေသန့်များကို ကားများဖြင့် သိုလှောင်သယ်ယူ၍ ကျေးရွာများသို့ ဖြန့်ဝေပေးခဲ့သည်။**(အပေါ်ပုံ)**

အောင်ဆွေ(ရွှေတံတား)

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး

ပုလဲ မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေကျပ် သိန်း ၂၄၀ ဖြင့်မိုးမြင့်အာကာကုမ္ပဏီမှ ခေါ်သန္တိ-မင်းမ(န) ကျေးရွာချင်းဆက် မြေသားလမ်း အရှည် ၂ မိုင် ၁ ဖာလုံ၊လမ်းအကျယ် ၁၈ ပေနှင့် ရန်ပုံငွေကျပ် ၁၇၁ ဒသမ ၅ သိန်းဖြင့် ကောင်းမြတ်ဟိန်းကုမ္ပဏီမှ လက်ပံကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့်ရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့် မိုးမြင့်အာကာကုမ္ပဏီမှ နွယ်ရှောက်-လှော်ကား ကျေးရွာချင်းဆက် ဂျင်းလမ်းပေါ်တွင် ရေကျော် ငါးခုပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ခေါ်သန္တိ-မင်းမ(န) ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပေးမှုနှင့်ပတ်သက်၍ ခေါ်သန္တိကျေးရွာမှ ဦးဇော်ဝင်းနိုင်က "မနှစ်က မင်းတိုင်ပင်-ခေါ်သန္တိကျေးရွာချင်းဆက် ဂျင်းလမ်းနှစ်မိုင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သလို ဒီနှစ်မှာလည်း ကျေးလက်ဦးစီးဌာနက ခေါ်သန္တိ-မင်းမ(န) ကျေးရွာချင်းဆက်လမ်းကို ဖောက်လုပ်ပေးတဲ့အတွက် ကျေးရွာနေပြည်သူများက ဝမ်းသာနေကြပါတယ်။ ဒီအနီးနားပတ်ဝန်းကျင်က အလယ်တန်းအဆင့်ပြီးဆုံးတဲ့ ကျောင်းသားကျောင်းသူတွေဟာ မင်းတိုင်ပင်အထကကိုသွားရောက်ပြီး ပညာသင်ကြားကြရပါတယ်။ ယခင်နှစ်များက မိုးတွင်းဆိုသွားမရခဲ့တဲ့ ရွှံ့တော၊ ဗွက်တောလမ်းဟာ ယနေ့အချိန်မှာ ရာသီမရွေး သွားနိုင်ပြီဖြစ်လို့ ပညာသင်ကြားရေးအတွက် မပူပင်ရတော့သလို အခြားကျန်းမာရေး၊ လူမှုရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုကအစ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နဲ့ ဌာနတာဝန်ရှိသူများကို ကျေးရွာနေ ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

မင်းခန့်စိုး(ဇေယျာမြေ)

ဧရာဝတီတိုင်းဒေသကြီး

ဓမ္မစကူးဆရာဖြစ်သင်တန်းဆင်း

ညောင်တုန်း မေ ၁၀

ညောင်တုန်းမြို့တွင် ဓမ္မစကူးဖောင်ဒေးရှင်းကကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓမ္မစကူး ဆရာဖြစ်ဆင့်ပွား သင်တန်းဆင်းပွဲ အခမ်းအနားကို ဆားမလောက်ကျေးရွာ ရွှေဥဒေါင်းကျောင်းတိုက်၌ မေ ၃ ရက်တွင် ကျင်းပသည်။ သင်တန်းကာလမှာ ဧပြီ ၂၉ ရက်မှ မေ ၃ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိသည်။

ကိုထွန်းကျော်(ညောင်တုန်း)

မန္တလေးတိုင်းဒေသကြီး

မိုးဦးသီးနှံစိုက်ပျိုးရေးအတွက် လက်တွန်းထွန်စက်များအသုံးပြု

ဝမ်းတွင်း မေ ၁၀ ။ ။ ဝမ်းတွင်းမြို့နယ်တွင် မိုးသီးနှံများ စိုက်ပျိုးရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခိုင်းနွားများကို အသုံးပြုလျက်ရှိသည့်အပြင် လက်တွန်းထွန်စက်များကို မြို့နယ်အတွင်းရှိ ကျေးရွာအနှံ့အပြားတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

ကျေးရွာတိုင်းနီးပါးတွင် ပုဂ္ဂလိကပိုင် လက်တွန်းထွန်စက်များဖြင့် စက်မှုလယ်ယာဦးစီးဌာနက ဧကအလိုက် ထွန်ယက်ပေးနေသည်ကို တွေ့ရသည်။ ခိုင်းနွားရှိသူများသည် နွေရာသီကတည်းက တဖြည်းဖြည်းထယ်ရေး ကြိုတင်ပြင်ဆင်မှုများရှိခဲ့ပြီး ခိုင်းနွားမရှိသူများက အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လက်တွန်းထွန်စက်များကိုသာ ငှားရမ်းကာ အားကိုးအားထားပြု ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် မကူးခင်ကတည်းက မိုးရွာတော့ မိုးဦးမှာမိုးကောင်းမယ့်အနေအထားရှိတယ်။ ခိုင်းနွားမရှိတဲ့တောင်သူတွေက နွားဝယ်ဖို့ဆိုရင် ခိုင်းဖြစ်တဲ့နွားတစ်ကောင်က အနည်းဆုံး ခြောက်သိန်းနဲ့ ၁၀ သိန်းကြားမှာရှိတယ်။ စိုက်ပျိုးချိန်ကျရင် ခိုင်းနွားရှိတဲ့တောင်သူတွေက သူရဲ့ယာတွေ စိုက်ပျိုးပြီးမှ ပြင်ပကိုထွန်ရှည်ငှားလိုက်တယ်။ သီးနှံစိုက်ပျိုးချိန်နောက်ကျရင် သီးနှံဖြစ်ထွန်းမှုအားနည်းတယ်။ လက်တွန်းထွန်စက်မှာ ထယ်သွားများပါရှိသလို မျိုးစေ့ကိုဖုံးနိုင်တဲ့ ထွန်သွားလည်းပါရှိလို့ နွားမရှိတဲ့ တောင်သူတွေအနေနဲ့ အချိန်မီစိုက်ပျိုးနိုင်တယ်"ဟု လက်တွန်းထွန်စက် မောင်းသူတစ်ဦးက ပြောသည်။

လက်တွန်းထွန်စက်ကို တစ်နာရီကျပ် ၄၅၀၀ ပေးရပြီး တစ်ဧကကို နှစ်နာရီခွဲခန့် မောင်းရကာ တစ်ဧကအတွက် ငွေကျပ် ၁၁၂၅၀ ကုန်ကျမှုရှိကြောင်း၊ ကျေးလက်တောရွာများတွင် လက်တွန်းထွန်စက်များကို အသုံးပြုခြင်းဖြင့် ခိုင်းနွားမရှိသည့်တောင်သူများနှင့် ခိုင်းနွားရှိသော်လည်း စိုက်ပျိုးမြေဧကများသော တောင်သူများအတွက် အချိန်မီစိုက်ပျိုးနိုင်ရေးကို များစွာအထောက်အကူပြုပြီး သီးနှံထွက်ရှိမှုကို တိုးတက်မြင့်မားကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ဝင်းနွယ်စံ(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး

နွေစပါး စတင်ရိတ်သိမ်းပြီ

စစ်ကိုင်း မေ ၁၀ ။ ။ စစ်ကိုင်းမြို့ ကျေးရွာ ၂၉ ရွာတွင် နွေစပါး ၄၇၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ရင့်မှည့်နေပြီဖြစ်၍ အချိန်မီရိတ်သိမ်းပြီး အမိုးအကာအောက်ရောက်ရှိရေးနှင့် အလေအလွင့်နည်းပါးရေး၊ စပါးအရည်အသွေးထိန်းသိမ်းရေးတို့အတွက် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းလျက်ရှိသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၉ အုပ်စုတွင် အစိုးရ မြစ်ရေတင် ၇၀၅ ဧက၊ တောင်သူ မြစ်ရေတင် ၂၃၀၉ ဧက၊ မြေအောက်ရေတွင်းဖြင့် ၁၇၇၉ ဧက စိုက်ပျိုးခဲ့ပြီး ယခင်နှစ်က ၄၅၂၁ ဧက စိုက်ခဲ့ရာ ၈၄ ဒသမ ၆၆ တင်း ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် မျိုးသန့်စပါးများ စိုက်ပျိုးလာနိုင်မှုကြောင့် အထွက်နှုန်းပိုမိုရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

တပ်ရွာ မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း အောင်မြင်ဖြစ်ထွန်း

စစ်ကိုင်း မေ ၁၀ ။ ။ စစ်ကိုင်းမြို့နယ် တပ်ရွာမြစ်ရေတင်ဒေသ တလိုင်းကျေးရွာအုပ်စု တစ်နှစ်သုံးသီးစား ဧက ၁၀၀ တွင် စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်း အောင်မြင်ဖြစ်ထွန်းမှုကို မေ ၆ ရက်တွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြင့်၊ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးမြတ်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်းမွန်ရေးအတွက် ယူရီးယားလက်ချားသုံးစွဲနည်းများကို တောင်သူများအား ပညာပေးဆွေးနွေးခဲ့သည်။

စစ်ကိုင်းမြို့နယ်အနေဖြင့် ၂၀၁၂-၂၀၁၃ စိုက်ပျိုးရာသီတွင် ကျေးရွာ ၂၀ တို့တွင် မိုးကြိုပဲတီစိမ်း ၁၃၄ ဧက စိုက်ပျိုးခဲ့ရာ တစ်ဧက ၁၆ တင်းနှုန်းထွက်ရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ရာသီဥတု ကောင်းမွန်မှုကြောင့် ယခင်နှစ်ကထက် အထွက်နှုန်းပိုမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သလွန် စေတီတော်မြတ်ကြီး၏ ဓာတ်လှေကားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ » »

ပြည်သူ့အကျိုးပြု လက်တွေ့အသုံးချ သုတေသနလုပ်ငန်း

ပြည်တွင်းရေးရာ စာမျက်နှာ - ၃ » »

မန္တလေးမြို့တွင် အင်တာနက် ဖိုက်ဘာလိုင်းသစ်များ တိုးချဲ့မည်

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ » »

မိုးဦးသီးနှံစိုက်ပျိုးရေးအတွက် လက်တွန်းထွန်စက်များအသုံးပြု

ပြည်တွင်းရေးရာ စာမျက်နှာ - ၇ » »

ရခိုင်ပြည်နယ်အတွင်းက ကန် ၁၀၀၊ တွင်း ၂၀၀

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ်အသီးသီး၌ နွေရာသီသောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးထောက်ပံ့ရန်ပုံငွေမှ ၁၄၁ ဒသမ ၈၉ သန်း ကျခံသုံးစွဲလျက် အဝီစိတွင်းများတူးဖော်ခြင်း၊ ရေတွင်းများတူးဖော်ခြင်း၊ ရေကန်များတည်ဆောက်ပေးခြင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စစ်တွေမြို့နယ်အတွင်း၌ မြို့ပေါ်ရပ်ကွက် ၂၁ ခုနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဇောဘုဂျာ၊ သင်ပုန်းတန်း၊သဲချောင်း၊ မောင်နီပြင်၊ နာရီကန်၊ ကြို့တဲ၊ ရေချမ်းပြင်၊ ကံကော်ကျွန်း၊ အောင်မင်္ဂလာ၊ ရွာသစ်ကေ၊ ကျက်တောပြင်၊ သင်္ဂနက်၊ ကျားမသောက်၊အမြင်ကျွန်း၊ချီလည်ပင်၊ကျေးတော၊ အောင်တိုင်း၊ ညိုရောင်၊ မိုင်နား၊ တောကန်ကျေးရွာတို့တွင် အဝီစိတွင်း ၉၀ တူးဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးဖြစ်သည်။

ထို့အတူ ရသေ့တောင်မြို့နယ်အတွင်း၌ ကိုးတန်ကောက်ကျေးရွာတွင် ရေကန် သုံးကန်၊ ချိန်ခါလီကျေးရွာတွင် ရေကန် သုံးကန်စီကို ပေ ၁၀၀ ပတ်လည်အနက် ၁၀ ပေစီဖြင့် တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ပေါက်တောမြို့နယ်၌လည်း ရေကန် ရှစ်ကန်ကို ကြိမ်နီပြင်၊ ငှက်ချောင်း၊ အနောက်ရုံ၊ ဆင်တက်မော်ကျေးရွာများတွင် တူးဖော်ပေးလျက်ရှိသည်။ မြောက်ဦးမြို့နယ်တွင် ရေတွင်း သုံးတွင်း၊ ရေကန် ငါးကန်၊ ကျောက်တော်မြို့နယ်၌ ရေကန် ၁၂ ကန်၊ မြေပုံမြို့နယ်၌ နှစ်ကန်၊ ကျောက်ဖြူမြို့နယ်၌ ရေတွင်း နှစ်တွင်း၊ ရေကန်တစ်ကန်၊ အဝီစိတွင်း တစ်တွင်း၊ မောင်တောမြို့နယ်၌ ရေတွင်း ၁၂ တွင်း၊ ရေကန် ခုနစ်ကန် တူးဖော်ပေးလျက်ရှိရာ စုစုပေါင်းအားလုံး ရေတွင်း ၁၇ တွင်း၊ ရေကန် ၄၁ ကန်၊ အဝီစိတွင်း ၉၂ တွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မောင်တောမြို့နယ်အတွင်း၌ နန်းရာကိုင်း၊ ကျောက်ပန္နူ၊ ခရေမြိုင်၊ အောင်ဇေယျ၊ သုခမြိုင်၊ ထရိန်၊ ကိုင်းကြီး၊ ကန်သာယာ၊ ကန်ပြင်သာစည်၊ သဘော်လှ၊ လောင်းဒုံးကျေးရွာများ၌ တူးဖော်ဆောင်ရွက်ပေးနေသော ရေတွင်းရေကန်များမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၃ ရက်က စစ်တွေမြို့ မင်းဂံရပ်ကွက်အတွင်း အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်တွေမြို့နယ်လူထုသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဖွံ့ဖြိုးရေးမူလရန်ပုံငွေမှ ငွေကျပ် ၂၈၅ သန်း သုံးစွဲလျက် စစ်တွေ၊ ရသေ့တောင်၊ မောင်တော၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊မြေပုံ၊ ကျောက်ဖြူ၊ မာန်အောင်နှင့် တောင်ကုတ်မြို့နယ်တို့တွင် ရေကန် ၃၄ ကန်၊ ရေတွင်း တစ်တွင်း၊ သောက်သုံးရေသွယ်ယူခြင်းလုပ်ငန်း ရှစ်ခု ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ နွေရာသီတွင် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စုစုပေါင်း ငွေကျပ် ၄၂၆ ဒသမ ၈၉ သန်း ကျခံသုံးစွဲခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ပေးသည့် ရပ်ကွက်နှင့် ကျေးရွာအချို့သည် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသောနေရာများဖြစ်၍ သောက်သုံးရေရရှိရေးအတွက်သာမက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ များစွာအထောက်အပံ့ ဖြစ်စေခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်များတွင် နွေရာသီရေလုံလောက်စွာရရှိရန် ကန် ၁၀၀၊ တွင်း ၂၀၀ ပြည့်မီရေးအတွက် ရေတွင်း၊ ရေကန်များ ဆက်လက်တူးဖော်ပေးသွားမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

မြင့်စိုး(နတလ)

HND Global Trade and Business Foundation Course
Foundation Course Opening on 5th May 2014

MMAC
COLLEGE OF MMAC
SQA Approved Centre
SQA
Scottish Qualifications Authority

MMAC college တွင် HND program တတ်မြောက်သင်ယူပြီးပါက United Kingdom ရှိ University များတွင် ဒုတိယနှစ် (သို့) တတိယနှစ်များ မှစ၍ စတင်သင်ယူနိုင်ပါသည်။

No.(9) Kyarpyan Lane, (5) Ward, Mayangone Township, Yangon, Myanmar. Ph : 01 501461/ 505226 / 707164 / 09 8628638

သဘောရွက် နှင့် နှုတ်ခွန်းဆက်စကား
01-8500355

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၃-၅-၂၀၁၄ရက်နေ့၊ နေပြည်တော်၌ ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနား၌ ချီးမြှင့်ပေးအပ်သည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (မွေးမြူထုတ်လုပ်မှုထူးချွန်လူပုဂ္ဂိုလ်ဆု)ရရှိသော ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေမြင့်မိုရ်မွေးမြူရေးလုပ်ငန်းပိုင်ရှင် ဒေါက်တာမိုးစည်သူ(မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု)ရရှိသော ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ တက်ချောင် မွေးမြူရေးလုပ်ငန်းပိုင်ရှင် ဒေါက်တာသိန်းစိန်၊ နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်(မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု)ရရှိကြသော ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်မှ ကျောက်စိမ်းကန် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်နီနီစိုးနှင့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ပေါင်းစည်းလယ်ယာစိုက်ပျိုး မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းနိုင်၊(မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆု)ရရှိကြသော မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ မြဘုရင်နွားမွေးမြူရေးနှင့် နို့ချက်စက်ရုံလုပ်ငန်းရှင် ဦးဝင်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ TM နွားနို့ဒိန်ချဉ်ထုတ်လုပ်မှုလုပ်ငန်းရှင် ဦးသန်းမြင့်တို့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း နိုင်ငံ့အကျိုးပြု မွေးမြူထုတ်လုပ်ရေးကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌဒေါက်တာမြဟန်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်

ဆုချီးမြှင့်ပွဲအခမ်းအနားတွင်နိုင်ငံတော်သမ္မတ၏

"ထုတ်လုပ်ရောင်းချမှု ထူးချွန် အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆု"အား

FAME ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင် ဒေါက်တာ ခင်မောင်လွင်က

လက်ခံရရှိခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း......

XENON COMPANY LIMITED

မိဘအမည်မှန်

တာချီလိတ်မြို့၊ ဆန်ဆိုင်း အထက သတ္တမတန်းမှ မောင်ကျုံးလျှန်အုပ် ကျောင်းဝင်အမှတ်-၇၂၆၉၏ မိဘအမည်မှန်မှာ အဖ ဦးကပ်ကျင်း [၄/ထတလ(နိုင်)၀၂၅၇၃၄]နှင့် အမိ ဒေါ်လွှန်ဆုန်း [၄/ဟခန(နိုင်)၀၂၂၂၈၂] တို့ဖြစ်ပါသည်။

ဖခင်အမည်မှန်

အ. ထ. က(၂)၊ကမာရွတ် Grade-5(A) မှ မောင်မင်းသိန်းစျာန်၏ ဖခင်အမည်မှန်မှာ ဦးခွန်မင်းညွန့် [၁၂/ကတတ(နိုင်) ၀၀၄၇၄၂] ဖြစ်ပါသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

Bright-Star Education Centre

- KG မှ X ထိ အတန်းများကို ...
- IGCSE ...
- Pre KG ...
- ...
- Ferry ...

Phone : 397742, 559051, 374977, 09-254255554, 09-5148254

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်သော်ဇင် Passport No.၅၆၅၂၆၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။
Ph 09-250157186

ဝေမှိုင်း

မာမာအေး

The girl with green eyes and Other short stories
by Jennifer Bassett

"အာထာရှင် အလိုမရှိတဲ့"

မောင်စိန်ဝင်း (ပုတီးကုန်း)

STEEL DRAGON

ISO 9001:2000 ထောက်ခံချက်ရ (STAINLESS STEEL)

စတီးပိုက်၊ စတီးပြား နှင့် စတီးအလှဆင်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေး

- စတီးပိုက်ဆိုဒ်မျိုးစုံ(ပန်းလိမ်၊ ပွတ်လုံး၊ Solid-Square-Retangular)
- စတီးပြားဆိုဒ်မျိုးစုံ(ကာလာပြား၊ ပန်းပြား၊ ဇကာပြား၊ ရွှေရောင်ပြား၊ မှန်ပြား)
- စတီးအလှဆင်ပစ္စည်းမျိုးစုံ(ပန်းပိုင်း၊ ပန်းခက်၊ ပွတ်လုံး၊ ပဒ္မာန်းပိုင်း၊ မူလီနှင့် စက္ကူအမျိုးမျိုး။)
- Argon စက်ပစ္စည်းအမျိုးမျိုး(Argon gas နှင့် အိုးများ)
- ပိုက်ကွေးစက်၊ ပိုက်ဟက်စက်၊ ပိုက်ဖြတ်စက်၊ စတီးပြားဖြတ်စက်၊ ခေါက်စက်၊ ဒေါင့်လိုးစက် အမျိုးမျိုး။
- စက်ကွေးမို နှင့် လက်ကွေးမိုဆိုဒ်စုံ အမျိုးမျိုး။
- ဘာဂျာမြောင်းဖေါက်စက် နှင့် ဘာဂျာဆံ၊ ဘာဂျာဝါရာ၊ ဘာဂျာဘီး အမျိုးမျိုး။
- စတီးအဝတ်လှန်းစင် နှင့် စတီးထိုင်ခုံ အမျိုးမျိုး။
- ကော်ပတ်၊ ဘတ်ဘီး၊ ဖြတ်ကျောက် နှင့် Cup ဖုံး အမျိုးမျိုး။
- China ဖြတ်ကျောက်(ဈေးနှုန်းချိုသာ၍ အရည်အသွေးကောင်းမွန်ပြီး အန္တရာယ်ကင်းစွာ အသုံးပြုနိုင်သည့် ဖြတ်ကျောက် အမျိုးအစား။)
- စတီးမှန်လက်ရမ်းတိုင် နှင့် လှေကားလက်ရမ်းတိုင် အမျိုးမျိုး။
- စတီးပတ္တာ၊မြောက်လက်၊တံခါးဂျက်၊မင်းတုန်း၊လက်ကိုင်နှင့် Door Lock အမျိုးမျိုး။
- Pipe Fitting၊ စက်ရုံသုံး နှင့် စားသောက်ကုန်သုံး ပိုက်ဆက်ပစ္စည်း အမျိုးမျိုး။

စတီးပိုက်၊ စတီးပြား၊ စတီးထိုင်ခုံ နှင့် စတီးအလှဆင်ပစ္စည်းအမျိုးပေါင်း(၇၀၀၀)ကျော်ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးပြီး လက်လီ / လက်ကားဝယ်ယူအားပေးကြသည့် လုပ်ငန်းရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဆိုင်(၁) အမှတ်(၄၀၊၄၁၊၄၂၊၄၃) စံပယ်လမ်း၊ သီရိမင်္ဂလာဈေးဝင်းအတွင်း၊ ဘုရင့်နောင်ဗီဒီယိုရုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-528587, 528524, 683161, 9688643, 9688645

ဆိုင်(၂) အမှတ်(၁၄၉၇) ပြည်ထောင်စုလမ်းမကြီး၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-8100009, 8100010, 8100269, 8100270, 09-5139193

ဆိုင်(၃) အမှတ်(ပ-၁၇၆) ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း၊ နေပြည်တော်ပျဉ်းမနား။
Tel : 067-26388, 09- 255 717238

ဆိုင်(၄) အမှတ်(၉၈)ကျိုက္ကဆံလမ်း၊ ဒေါင်းဇရပ်ဈေးကြီးရပ်ကွက်၊ မော်လမြိုင်မြို့။
Tel : 09- 255 717239 , 09 - 430 20506

ဆိုင်(၅) အမှတ်(၁၀၁)၊ ၄၂လမ်း(၈၁×၈၂)လမ်းကြား၊ ရွှေပွဲရပ်မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
Tel : 09- 250 358348 , 09 - 2590 48837

"ဗုဒ္ဓဘူမိဓမ္မရိပ်သာကျောင်း"၌ သာသနာအောင်လံစိုက်ကြစို့



အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ဗုဒ္ဓဂယာ မဟာဗောဓိဘုရားအနီး၌ ပေ(၁၇၂×၇၀) မြေကွက်ကို ဆရာတော်ဦးကေသရက ဦးဆောင်၍ International ရိပ်သာတစ်ခု စတင်ဆောက်ရွက်နေပါပြီ၊ ကောဇာသက္ကရာဇ် ၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်နေ့ ၁၃-၅-၂၀၁၄ရက်တွင် ပင်မကျောင်းဆောင်သစ်ကြီးကို စတင်၍ အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကို စတင်ပြုလုပ်မည်ဖြစ်ပါသဖြင့် အမြတ်ဆုံးကျောင်းမြေလှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

လိုအပ်လျက်ရှိသော သာသနိကအဆောက်အအုံများ

၁။	မြေတစ်ပေပတ်လည်	ကျပ်	၃၀၀၀၀
၂။	အခန်းတစ်ခန်း(၂၅×၁၇)ပေ	USD	3000
၃။	မဟာရံတံတိုင်းတစ်ခန်း	USD	200

လှူဒါန်းနိုင်သောနေရာများ

၁။ ဆရာတော်ဦးကေသရ M.A.(Ph.D)
ဗုဒ္ဓဘူမိဓမ္မရိပ်သာကျောင်း(အိန္ဒိယ)ဖုန်း ၀၀၉၁-၉၉၇၃၄၅၅၁၅၇၊ ၈၈၀၄၂၆၆၃၇၆၈၊ ၉၁၆၂၃၅၂၈၃၂
Email: Kesara 12000@yahoo.com
ukesara@buddhabhumimeditationcentre.com
Wbsite:www.buddhabhumimeditationcentre.com

၂။ ဆရာတော်ဦးဝရသာမိ(Ph.D-these) ဖုန်း-၀၉-၅၀၄၉၆၂၆
ဧဒဝတီသာသနာပြုကျောင်း(ဗဟန်း) -၀၁-၃၇၉၈၉၈
၃။ သုညတဓမ္မဆရာတော်ဦးစန္ဒသေန ဖုန်း-၀၉-၅၁၇၉၃၄၃၊
သုညတဓမ္မမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ(သာကေတ) -၀၁-၄၅၀၂၀၆
၄။ ဆရာတော်ဒေါက်တာဦးစိန္တာမယ(Ph.D) ဖုန်း-၀၉-၇၃၁၁၆၉၂၅
သဲအင်းဂူကျောင်း(တောင်ဥက္ကလာပ) -၀၉-၄၂၀၀၈၉၈၈
၅။ ဗောဓိထူးအပြည်ပြည်ဆိုင်ရာဘုရားဖူးလုပ်ငန်း
ဒါရိုက်တာဦးအောင်မြင့်(ပန်းဆိုးတန်းလမ်း) ဖုန်း-၀၉-၇၃၁၉၄၂၃၃၊ ၀၁-၃၇၇၈၁၄
၆။ ဒေါ်ခင်ခင်ဝင်း(ရန်ကင်း) ဖုန်း-၀၉-၇၃၂၃၅၅၆၊ ၀၁-၅၆၆၂၀၅
၇။ ဦးတင်အောင်ငြိမ်း၊ဒေါ်လှလှရီ(တာမွေ) ဖုန်း-၀၉-၃၁၅၅၀၈၆၇၊ ၀၉-၅၀၆၈၈၈၃
၈။ ဒေါ်အေးမြတ်ဝင်း(ဘိုကလေးဈေးလမ်း) ဖုန်း-၀၉-၄၅၆၀၀၀၄၅၆
၉။ တိုးတိုးရတနာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့(လှည်းတန်း) ဖုန်း-၀၁-၅၀၃၉၂၅၊ ၀၁-၅၂၇၅၃၉

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၄ခုနှစ်၊ မေလ ၁၈ရက်မှ ၂၅ရက်အထိ (၇)ရက်အဓိဋ္ဌာန် တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဇဝနတိက္ခ(မုံရွာ)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မေလ ၁၇ရက်(စနေနေ့) ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများနှင့် အရိယာလိုဏ်ဂူ ပြုပြင်ရန် အလှူရှင်များ ဖုန်း ၀၉-၈၆၂၃၉၉၇သို့ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင်ရောင်းမည်

၁။ သန်လျင်၊ရုံးတော်ကွက်(VIP)(၆၀×၆၀)ပေ ဂရန်၊ ရေ၊ မီး၊ ဖုန်း၊ အုတ်တံတိုင်း ခတ်ပြီး
ဈေးနှုန်း-သိန်း၃၆၀၀

၂။ သယ်န်းကျွန်း၊ သီရိဂုဏ်အိမ်ရာ(ကျောင်း၊ အောင်ရတနာဆေးရုံ)၊ ကမ္ဘောဇဘဏ်နှင့်နီး ၀.၀၉၂၈ဧက၊ အေးချမ်းဆိတ်ငြိမ်၊ 2RCတိုက်သစ်၊ ဂရန်၊ ရေ၊ မီး၊ ဖုန်း၊ ဘုရားဆောင်၊ ဧည့်ခန်းကျယ်၊ အခန်းတိုင်း ရေချိုးခန်းနှင့် သန့်စင်ခန်းတွဲလျက် A/C၊ ရေပူရေအေးစနစ်ပါ၊ Master Bedroom(၃)ခန်း၊ စာဖတ်ခန်း(၁)ခန်း၊ Bedroom (၁)ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း(၂)ခန်း၊ Maid Room (၁)ခန်း၊ ကားဂိုဒေါင်၊ Common Wash Room(၂)ခန်း၊ A/C(၈)လုံး၊ Full Furniture(အဆင့်မြင့်ကျွန်း)၊ Ground Tank (၁)လုံး၊ Overhead Tank (၂)လုံး၊ ဂျိုးဖြူရေ၊ စက်ရေတွင်း၊ လျှပ်စစ်မီတာ(၂)လုံး။
ဈေးနှုန်း-၁၂၅၀၀သိန်း

ဆက်သွယ်ရန်-၀၉၅၁၅၅၄၃၃၊ ၀၁-၅၆၅၇၅၁၊ ၀၁-၅၆၆၀၄၁

(၃၆)နှစ်မြောက်မင်္ဂလာဆုတောင်း

ဖေဖေကြီး ဒုရဲမှူးကြီး**ရဲကျော်စွာမောင်မောင်**(ငြိမ်း)နှင့်မေမေကြီး **ဒေါ်နန်းရွှေဝင်း** တို့၏ ၁၃၇၆ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက် ၁၁-၅-၂၀၁၄ရက်တွင် ကျရောက်သော(၃၆)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ချစ်သမီးတို့နှင့်အတူ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံ၍ လောကီ၊ လောကုတ္တရာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းလျက်. . . . .

သားကြီး-စိုင်းအောင်ဝင်းမောင် B.Sc(Bot)
သားငယ်-စိုင်းအောင်မင်းဇော် B.Sc(Maths)
သမီးထွေး-နန်းဖြူဝင်း B.E(Civil)
Specialist Diploma in Building Cost Management (BCA Academy Singapore)

အမည်ပြောင်းလဲခြင်း

အဖ ဦးမင်းသိန်းထိုက်၏သမီး မြို့မ အ. လ. က(ကျောက်တန်းမြို့) စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မဖြိုးသဒ္ဒါခိုင်အား မအင်ကြင်းခင်ဟုပြောင်းလဲခေါ်ပါရန်။

ဘိုကလေးမြို့ မဟာသိမ်ကန်တော်ကြီး ပြန်လည်ပြုပြင်ခြင်း
မွမ်းမံရန်အတွက်ပါဝင်ကုသိုလ် လှူဒါန်းနိုင်ပါရန်

[illegible]

ဂုဏ်ယူဝမ်းမြောက်ခြင်း

၃-၅-၂၀၁၄ ရက်နေ့ နေပြည်တော်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနား၌ ၂၀၁၂-၂၀၁၃ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်စွာထမ်းဆောင်ခဲ့သည့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ အကျိုးဆောင် ဘဏ္ဍာရေးမှူး၊ ရွှေမဲကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးထွန်းလွင် အား နိုင်ငံတော်သမ္မတ၏ "နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု"ကို ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ အများဆုံး ထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုး တိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း

တိုက်ခန်းရောင်းမည်(ပွဲစားမလို)

(၂၅×၅၀)ပေ၊ ၅လွှာ၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်။
(အဆင့်မြင့်ရှယ်ပြင်ဆင်ပြီး)
ဆက်သွယ်ရန်-၀၉-၅၀၂၇၇၈၂

ရောင်းမည်

လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာ၊ အလျားပေ၂၅၀×အနံပေ၃၁၀ရှိ(G)မြေ၊ ရေ၊ မီးစုံ။ လှည်းကူးတာဆုံလမ်းမှ(၃)မိုင်အကွာ သယ်န်း ကျွန်း၊ ဒါးပိန်လမ်းမပေါ်။
ဖုန်း၀၉-၇၃၁၅၃၂၀၉

ဆိုင်ခန်းရောင်းမည်

ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ ဆိုင်ခန်းကြီး ၁ခန်း ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်-
၀၉၃၁၇၆၅၇၀၆

အမည်မှန်

သုဝဏ္ဏမြို့နယ်၊ အ. မ. က(၁၆)-စတုတ္ထတန်း (A)မှမရည်ရည်မွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ဦးဖြစ်ပါသည်။

ရောင်းမည်

PENTHOUSE 9th Fl(48'×73')-3504 Sqft MB-1,DB-1,DINING R.1, KITCHEN-1,A/C-2(ကြွေပြား၊ပါကေး၊ Lift) တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီးပေါ်
Ph: 09-5160778, 09-5089945

အထွေထွေကိုယ်စားလှယ် လွှဲစာပြန်ရုပ်သိမ်းခြင်း

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊လမ်းမတန်း၊ အမှတ်(၂၃)နေ (ဘ)ဦးအောင်သန်း၏ သမီးဖြစ်သူ ဒေါ်သင်းသင်း(TTN-239211)သည် သထုံမြို့၊ သိမ်ဆိပ်ကျေးရွာ၊ လေသာလမ်း၊ အမှတ်(၈၉၄)နေ (ဘ)ဦးပါ၏သား ဦးထွန်းကျင်(TTN-240259)အား သထုံမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၂၀-၁၂-၂၀၁၃) ရက်စွဲပါမှတ်ပုံတင်အမှတ်(၃၅)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခဲ့ပါသည်။ ဒေါ်သင်းသင်း အနေဖြင့် ဦးထွန်းကျင်အားအထွေထွေကိုယ်စားလှယ်အဖြစ် ဆက်လက်ပေးအပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ယခုကြော်ငြာထည့်သွင်းသည့် အချိန်မှစ၍ ခွင့်ချက်မရှိမိမိ၏ အထွေထွေကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ယခုရုပ်သိမ်းသည့်နေ့မှစ၍ ဒေါ်သင်းသင်းကိုယ်စားလှယ် ဦးထွန်းကျင်၏ မည်သည့်လုပ်ဆောင်မှုကိုမှ ဒေါ်သင်းသင်းတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေအပ်ပါသည်။
ဒေါ်သင်းသင်း(TTN-239211)

လူပျောက်

ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ လွှဲပေါက်လမ်း၊ အမှတ်(၇၄၆)နေ ကိုထွန်းထွန်းနိုင် အသက် (၃၄)နှစ် (ကျန်းမာရေးမကောင်း)သည် ၁၆-၄-၂၀၁၄ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။
ကိုကျော်လွင်ဦး(ခ)ကိုရွှေမိုး
Ph:09-73077037,
09-5100109,
09-33395764

စာအုပ်စာပေလူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ
ဒေါ်မေရည်စိုးဦး ဦးဝင်းအောင် ဒေါ်နိုင်ခင်ဦး ဒေါ်နိုင်နိုင်ဝန်း ဦးအောင်နိုင်ထူး
[illegible]

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ

ရုံးချုပ် - အမှတ်(၃၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 510760, 510940, 510950, 500643, 502517, 2304311
ပေါက်ရုံးခွဲ - အမှတ်(၂၈၃)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်း၊ [illegible] ပေါက်မြို့နယ်။
☎ - 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ -
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ
ဒေါ်မေရည်စိုးဦး ဦးဝင်းအောင် ဒေါ်နိုင်ခင်ဦး ဒေါ်နိုင်နိုင်ဝန်း ဦးအောင်နိုင်ထူး
[illegible]

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ

